# ထိပ်မြှုပ်ပျောက်ကွယ်နေသည့်
# မွန်တို့၏မြို့ပြနိုင်ငံများ

MON LIBRARY DHAMMA

## နိုင်ခင်မောင်လေး



# အမှာစကား

သမိုင်းဟူသည် လူသားတို့၏ 'အတိတ်ပုံရိပ်ကြီး' တစ်ခု ဖြစ်သည်။ အတိတ်က စခဲ့သော ထိုပုံရိပ်သည် ပစ္စုပ္ပန်ကိုလည်း စိုးမိုးသည်။ အနာဂတ်ကိုလည်း ပိုင်စိုးသည်။ တစ်နည်းအားဖြင့် လူဆိုသည် သမိုင်းဖြစ်စဉ်နှင့် ကင်းကွာ၍ မရ။ အဘယ့်ကြောင့် ဆိုသော် လူ့သမိုင်းကို လူသားတို့ ကိုယ်တိုင် ဖန်ဆင်းခဲ့သောကြောင့် ဖြစ်ပါသည်။

လူသားတို့ ဖန်ဆင်းခဲ့သော သမိုင်းဖြစ်စဉ်သည် ကြွင်းကျန်ရစ်သည်လည်း ရှိသည်။ ယိုယွင်းပျက်စီးခဲ့သည်လည်း ရှိသည်။ ယိုယွင်းပျက်စီး တိမ်မြုပ်ခဲ့ပြီ ဖြစ်သော သမိုင်းဖြစ်စဉ်ကို ရှာဖွေဖော် ထုတ်ရန်ကား အလွန်ကွာလှမ်း၍ ရေစီးအားသန်သော မြစ်ကြောင်း တစ်ခုကို လောင်းလှေငယ်တစ်စင်းဖြင့် ဆန်တက်ရဘိသကဲ့သို့ပင် ပင်ပန်းလှဘိသည်။

ထို့ထက် ခေတ်ပြိုင်ကျောက်စာ၊ ခေတ်ပြိုင် မှတ်တမ်းမှတ်ရာ သမိုင်းအမွေအနှစ် အကြွင်းအကျန် ရှားပါးလှသော မွန်သမိုင်းကို ရှာဖွေဖော်ထုတ်ရန်ကား ပိုမိုခက်ခဲလှသည်။

မွန်လူမျိုးတို့သည် ယန်စီကျန် မြစ်ဝှမ်းမှ ဆင်းသက်လာကြသည်ဟု သုတေသီ အားလုံးလိုလိုက တညီတညွတ်တည်း ဆိုကြသည်။

www.monlibrary.com

www.monlibrary.com



သို့သော် ယန်စီကျန် မြစ်ဝှမ်းမှ မွန်တို့၏ ဘာဝ၊ မွန်တို့၏ ယဉ်ကျေးမှု၊ မွန်တို့၏ သမိုင်းဖြစ်စဉ်တို့သည် မကြွင်းကျန်ရစ်တော့။ ယန်စီကျန်မြစ်၏ ကြမ်းခင်းအောက်တွင် ဂူသွင်းမြှုပ်နှံခဲ့ရပေပြီ။

ယန်စီကျန် မြစ်ဝှမ်းမှ မွန်လူမျိုးနွယ်ဆက်တို့၏ ဖြစ်စဉ်ကို ထားဘိဦး၊ သုဝဏ္ဏဘုမ္မိ၏ မွန်လူမျိုးနွယ်ဆက်တို့၏ အစသည်ပင် စိတ်ကူးဖြင့် မျှော်မှန်း၍ ရနိုင်ကောင်းသော အရာ မဟုတ်တော့။

သုဝဏ္ဏဘုမ္မိ၏ လူမျိုးနွယ်ဆက် ဖြစ်သော မနူဟာ၏ သည်ဘက် ပိုင်း၌ စူးစမ်းရှာဖွေ သုတေသန ပြုရန် လွယ်ကူသယောင် ရှိသော်လည်း မနူဟာ၏ ဟိုမှာဘက်ပိုင်း၌ မွန်တို့ ဖြတ်သန်းခဲ့သော သမိုင်းမှတ်တိုင် များသည် မှုံရိုဝိုးဝါးနှင့် အလွန်ဝေးကွာစွာ ကျန်ရစ်ခဲ့လေပြီ။

ထိုမှတ်တိုင်တို့သည် တစ်တိုင်ပြီး တစ်တိုင် ပြိုလဲခဲ့လေပြီ။ ပြန်လည် စိုက်မတ်ရန် မလွယ်ကူတော့။

သို့သော် ဤစာအုပ်သည် မနူဟာ၏ ဟိုမှာဘက်ပိုင်း၌ ယိုင်လဲ ခဲ့ပြီ ဖြစ်သော မွန်သမိုင်း မှတ်တိုင်များကို ပြန်လည် စိုက်မတ်ရန် ကြိုးပမ်းထားသည်။

မနူဟာ၏ ဟိုမှာဘက်ပိုင်း၌ ထွန်းကားခဲ့သော ယခုလက်ရှိ မွန်လူမျိုးနွယ်ဆက်များနှင့် စိမ်းနေသေးသော၊ မွန်လူထု နှင့် အကျွမ်းတဝင် တရင်းတနှီး မရှိသေးသော မွန်တို့၏ မြို့ပြနိုင်ငံများ၏ သမိုင်းကို ကြိုးပမ်း ခြယ်မှုန်းထားသည်။

တွန်ဆွန်၊ မိချန်၊ ကာလသပူရ စသည့် မြို့ပြနိုင်ငံတို့၏ အမည် နာမများသည် မွန်အမျိုးသားများနှင့် ရင်းရင်းနှီးနှီး မရှိသေးသော အမည်နာမများ ဖြစ်ကြသည်။ ယုတ်စွာအဆုံး သမိုင်းဘာသာရပ်ကို

www.monlibrary.com

www.monlibrary.com

# အမှာစကား

အတော်အတန် လိုက်စားသော ခေတ်ပညာတတ် မွန်လူကြီးလူငယ်များ သည်ပင် ဤမြို့ပြနိုင်ငံများ၏ သမိုင်းကို မကြားဖူးလောက်အောင်ပင် တိမ်မြုပ်နေခဲ့သည်။

တိမ်မြုပ်နေသော သမိုင်းဖြစ်စဉ် တစ်ရပ်ကို ဖော်ထုတ်ခြင်းသည် လူသားတိုင်း၊ လူမျိုးတိုင်း၏ တာဝန် ဖြစ်သည်။ ထို့ကြောင့် ဤစာအုပ်ကို ရေးသား ပြုစုခြင်းသည် လူသား တစ်ဦးအနေဖြင့် ဆောင်ရွက်သင့်၊ ထမ်းဆောင်သင့်သော လူ့တာဝန် တစ်ရပ်ကို ထမ်းဆောင်ခြင်းဟုသာ ဆိုချင်ပါသည်။

လူသားတို့၏ တာဝန်ဝတ္တရားသည် နှမ်းခင်းပေါင်း မြောက်မြားစွာ စုစည်းထားအပ်သော ဖွဲ့စည်းမှု တစ်ခုဟု ဆိုခဲ့လျှင် ဤစာအုပ်ကို ရေးသားထုတ်ဝေခြင်းသည် နှမ်းခင်းတစ်ခင်းမှ နှမ်းစေ့ တစ်စေ့ကို ကောက်ယူ ဖော်ပြခြင်းမျှသာ ဖြစ်ချိမ့်မည်။

မည်သို့ပင်ဖြစ်စေ၊ ဤစာအုပ်ပါ သမိုင်းခြင်းရာများသည် အလွန် ကွာဝေးနက်ရှိုင်းလှသော မွန်သမိုင်း၏ မိုးကောင်းကင်မှ အပ်ချည်မျှင် တစ်စကို ဆွဲဆန့်နိုင်ခဲ့သည်ဟု ဆိုကြွေးအံ့။ ဤစာအုပ်ကို ရေးသားပြုစုရကျိုး နပ်ပေပြီ။

နိုင်ခင်မောင်လေး

www.monlibrary.com

www.monlibrary.com

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ● တွန်ဆွန် | ၁ |
| ● မိချဲန် | ၁၃ |
| ● ကလသာပူရ | ၂၅ |
| ● ဒွါရဝတီနိုင်ငံ | ၃၇ |
| ● ကိုကြ္တသာမြို့ရိုး၊ ကိုကြ္တသာဒဂါးနှင့် ကိုကြ္တသာအုတ်ချပ်များ | ၅၄ |
| ● ရှေးမွန်တူရိယာ | ၇၅ |
| ● မွန်အက | ၉၇ |
| ● မွန်ပတ္တလား | ၁၁၁ |
| ● မွန်ပုံစံ ဗုဒ္ဓဆင်းတုတော်များ | ၁၂၁ |
| ● ရှေးမွန်ဒဂါးများ | ၁၅၁ |
| ● ရှေးမွန်ဘုရင်တို့၏ အုပ်ချုပ်ရေးနှင့် ရာထူးဌာနန္တရ သတ်မှတ်ချက်များ | ၁၆၇ |
| ● အဝိန္ဒဆောက် (သို့မဟုတ်) ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်း | ၁၉၃ |

www.monlibrary.com

www.monlibrary.com

# တွန်ဆွန်

※

လီယန်ရှု (Lian Shu) ၏ အဆိုအရ တွန်ဆွန်သည် ဖူနန်နိုင်ငံ၏ တောင်ဘက် လီ ၃၀၀၀ အကွာတွင် တည်ရှိသည်။ တွန်ဆွန် ပင်လယ်ကမ်းစပ်သည် ကျောက်ဆောင်ထူထပ်ပေါများသည်။ အကျယ်အဝန်းမှာ အလျား လီ ၁၀၀၀ရှိ၍ ၎င်း၏မြို့တော်သည် ပင်လယ်ကမ်းစပ်မှ ၁၀ လီဝေးသည်။ အရှေ့ဘက်တွင် ချောင်ဆို (Chiuo Chou)၊ တုံကင် (Ton Kin) တို့နှင့်လည်းကောင်း၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ နန်ရှိ (Ngan Shi)၊ ယခုအခေါ် ပတ္တယား

www.monlibrary.com

www.monlibrary.com



(Purthia) အပြင် အခြားနိုင်ငံများနှင့် လည်းကောင်း နယ်နိမိတ် ချင်းထိစပ်နေသည်။

တွန်ဆွန် (Tun Sun) သည် ရှေးတရုတ်မှတ်တမ်းအရ သိရှိရသော ဝေါဟာရတစ်ခုဖြစ်သည်။ သို့သော်တရုတ်ဝေါဟာရ စင်စစ်ကားမဟုတ် ဘာသာစကားတစ်ခုခု၏ ဝေါဟာရတစ်ခုခုကို အသံလှယ်ထားခြင်းဖြစ်ပါသည်။ သို့သော် မည်သည့်ဝေါဟာရ၊ မည်သည့်စကားမှ အသံလှယ်ထားသည်ကိုလည်းကောင်း တွန်ဆွန်တွင် မည်သည့် လူမျိုးများ အခြေချခဲ့သည်ကိုလည်းကောင်း၊ ပညာရှင်များ မထုတ် ဖော်နိုင်ခဲ့။ ၁၉၆၃ ခုနှစ်သို့ ရောက်မှ ပါမောက္ခရှောတိုက တွန်ဆွန် (Tun Sun) သည် မွန်ဘာသာစကား ချင်သုန်၊ ချင်မသုန်၊ သုန်ချင်၊ မသုန်ချင်ကို အသံလှယ်ထားခြင်းဖြစ်ကြောင်း ထုတ်ဖော်နိုင်ခဲ့သည်။ အဓိပ္ပာယ်မှာ မြို့ငါးမြို့ဖြစ်သည်။

တရုတ်မှတ်တမ်းများတွင်လည်း တွန်ဆွန်သည် မင်းငါးမင်း အုပ်စိုးခဲ့သော ဒေသဖြစ်ကြောင်း ဖော်ပြထားသည်။ အချို့ သုတေသီများက တွန်ဆွန်သည် တနင်္သာရီတစ်နေရာတည်းမဟုတ်ဘဲ ကရကျွန်းဆက်အထိ ပါဝင်သော မြို့ပြနိုင်ငံဖြစ်သည်ဟု ဆိုကြသည်။ ဤအချက်အလက်များသည် ဒေါက်တာရှောတို၏ အဆိုနှင့် ကိုက်ညီကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ဒေါက်တာရှောတို၏ ကြံဆချက်သည် မှန်ကန်၍ လက်ခံသင့်သည်ဟု ဆိုချင်ပါသည်။

www.monlibrary.com

www.monlibrary.com



သမိုင်းသဘောအရ ဝေါဟာရ ပျံ့နှံ့ပုံကို ကြည့်လျှင်လည်း ဒေါက်တာရှောတို၏ အဆိုမှန်ကန်ကြောင်း တွေ့ရှိရသည်။ အလွန်ရှေးကျသော ကာလက အိန္ဒိယကုန်သည်များသည် ရွှေနှင့် နံ့သာဖြူ ရောင်းဝယ်ရေးအတွက် မလေး၊ ပင်နီဆူလာသို့ ရောက်ရှိလာခဲ့ကြသည်။ ၎င်းတို့၏ ကုန်သွယ်ရာ လမ်းကြောင်းမှာ ပင်နီဆူလာ၏ အနောက်ဘက်ကမ်းရှိ တကောပ (Ta Kuapa) သို့ရောက်သောလမ်းဖြစ်သည်။ တကောပသည် မွန်ဘာသာ တက်ဝါမှလာသော စကားဖြစ်သည်။ ဤအချက်သည်လည်း ပါမောက္ခရှောတို၏ ကြံဆချက် မှန်ကန်ကြောင်း အဆိုကို ထောက်ခံနေသော သာဓကတစ်ရပ်ဖြစ်သည်။ အေဒီ ၂ ရာစုတွင် ရေးဆွဲပြုစုခဲ့သော တိုလမီ၏ (ပထဝီဝင်ကျမ်းတွင် တကောပကို (Ta Ko La) ဟု ဖော်ပြခဲ့သည်။ ဤတကောပသည် ပုဂံအနောက်ဘက် ဖွားစောရွာ မင်္ဂလာဇေတီဘုရားရှိ သက္ကရာဇ် ၅၅၈ (ခရစ်နှစ် ၁၁၉၆) ထိုး ကျောက်စာအပိုင်းအစမှ ဖော်ပြသော တက္ကွာ ပင်ဖြစ်ပါသည်။

ကုန်သည်များ ကုန်သွယ်ရာ၌ အသုံးပြုသော အခြား လမ်းတစ်လမ်းမှာ ပို၍ ရှေးကျသော ထရန့်ပင်နီဆူလာလမ်းဖြစ်သည်။ ယင်း လမ်းခရီးအားဖြင့် တနင်္သာရီမြစ်ကို ဆန်တက်၍ ထိုင်းပင်လယ်ကွေ့ကို ဖြတ်ကျော်သွားရသည်။ လီယန်ရှူက ဤနေရာတစ်ဝိုက်တွင် တွန်ဆွန်တည်ရှိပြီး ပင်နီဆူလာအထိ ကျယ်ပြန့်၍ ၎င်း၏ မြို့တော်မှာ ပင်လယ်မှ (၁၀) လီဝေးသော မြစ်မြို့ဖြစ်သည်ဟု ဆိုပါသည်။

www.monlibrary.com



ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်ဟောင်း ဆရာကြီး ဦးလူဖေဝင်းက လီအန်မင်းဆက်ကို တည်ထောင်ခဲ့သော တရုတ်မင်းမြတ်တို့၏ မော်ကွန်းမှတ်တမ်းများအရ ပသျှူးကျွန်းဆွယ် မလေးနယ်ပယ်၏ အနောက်ဘက်ကမ်းခြေ ရေလမ်းခရီး၏ အစွန်အဖျားမြောက်ဘက်အဆုံး၌ တွန်ဆွန်ဟု အမည်ရသော မြို့ရှိကြောင်း၊ ထိုတွန်ဆွန်သည် တရုတ်တို့က တနင်္သာရီကို မပီမသနှင့် ခေါ်ဝေါ်ခဲ့ဟန်တူကြောင်း၊ လီအန်မင်းဆက်သည် တရုတ်သမိုင်းအရ အေဒီ (၅၀၂-၅၀၆) ခုနှစ်များအတွင်း ထွန်းကားခဲ့ရာ ပုဂံပြည်ကြီး ရှင်ဘုရင် အနော်ရထာမတိုင်မီ နှစ်ပေါင်း (၅၀၀) ကျော်ကတည်းက တနင်္သာရီမြို့ကလေးသည် ပင်လယ်သမုဒ္ဒရာ၌ ကျက်စားသွားလာကြသော ကမ္ဘာ့ ကုန်သည်ကြီးများ၏ စီးပွားရှာရာ သင်္ဘောဆိပ်မြို့ဖြစ်ခဲ့ကြောင်း ရေးသားခဲ့သည်။ ဆရာကြီးသည် တနင်္သာရီမြို့ကို တွန်ဆွန်အဖြစ် ယူလိုဟန်ရှိသည်။ (The Ancient Khmer Empire) စာအုပ်ကို ပြုစုခဲ့သူ (Lawrence Palmer Birggs) တို့ကလည်း တွန်ဆွန်၏ အချက်အချာအဖြစ် တနင်္သာရီကိုပင် ရည်ညွှန်းထားသည်။

မည်သို့ပင်ဖြစ်စေ တွန်ဆွန်သည် ယခု မြန်မာနိုင်ငံ အောက်ပိုင်းဒေသအပါအဝင် မလေးကျွန်းဆွယ်မြောက်ပိုင်းဒေသထိ ရှိမည်ကိုကား ယုံမှားသံသယ မရှိပေ။ တွန်ဆွန်ဟူသော ဝေါဟာရသည် မွန်ဘာသာစကား ဍုင်သုန်မှ အသံလှယ်ထားသည်ကို ထောက်သော်

www.monlibrary.com

www.monlibrary.com



ခရာဇ်နှစ် (၃) ရာစုဦးပိုင်းတွင် မွန်တို့သည် မလေးကျွန်းဆွယ်မြောက်ပိုင်း ဒေသသို့ ပျံ့နှံ့နေထိုင်ကြ ပြီ ဖြစ်ကြောင်း ထင်ရှားသည်။

မွန်တို့သည် မလေးကျွန်းဆွယ်မြောက်ပိုင်းဒေသသို့ ပျံ့နှံ့နေထိုင်လာခြင်းသည် မဲနမ်မြစ်ဝှမ်းမှ ပင်လယ်ကိုဖြတ်၍ လာခဲ့သည် မဟုတ်ဘဲ မဲနမ်မြစ်ဝှမ်း အကြေပိုင်းမှ အနောက်ဘက် စစ်တောင်းမြစ်ဝှမ်းအကြေပိုင်းသို့ ပျံ့နှံ့ နေထိုင်ပြီး အနောက်တောင်ဘက်သို့ တရွေ့ရွေ့ပြောင်းလာခြင်းဖြစ်သည်။ ခရစ်နှစ် ရာစုဦးပိုင်းကပင် မွန်တို့ မလေးကျွန်းဆွယ်မြောက်ပိုင်းဒေသသို့ ရောက်ရှိနေကြသည်ကို ထောက်လျှင် မဲနမ်မြစ်ဝှမ်းအကြေပိုင်းမှ စစ်တောင်းမြစ်ဝှမ်းအကြေပိုင်းအထိ ဒေသတွင် မွန်တို့ နေထိုင်ခဲ့ပြီးဖြစ်ကြောင်း စိတ်ချလက်ချ ပြောနိုင်ပါသည်။

ဆရာကြီး ဦးလူဖေဝင်းက တွန်ဆွန်သည် အေဒီ (၅၀၂-၅၀၆) ခုနှစ်များအတွင်း ထွန်းကားခဲ့သည်ဆိုခြင်းမှာ နောက်ကျလွန်းသည်ဟု ထင်ပါသည်။ အမှန်စင်စစ် တွန်ဆွန်သည် အကြိုသမိုင်းကာလကပင် မွန်တို့၏ဒေသဖြစ်ပြီး အေဒီ ၁ ရာစုတွင် လန်ယာရှူ (Langya Shiu) နှင့် မရှေးမနှောင်း တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မွန်တို့သည် အကြိုသမိုင်းကာလကပင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချနေထိုင်ကြပြီးဖြစ်ကြောင်း ကောက်ချက်ချနိုင်သည်။ နှောင်းခေတ်သုတေသီများကမူ တွန်ဆွန်သည် လန်ချီးယား

www.monlibrary.com

www.monlibrary.com



(Lang Chia) နှင့် အတူတူပင်ဖြစ်၍ အေဒီ ၂ ရာစုအစဦးပိုင်းက တည်ထောင်ခဲ့ပြီး အလွန် ရှေးကျ အရေးပါသော ပင်နီဆူလာသို့ ကုန်သွယ်ရာ လမ်း၏ အချက်အချာဖြစ်သည်ဟု ဆိုပါသည်။

ထို့အပြင် တွန်ဆွန်တွင် တနင်္သာရီနှင့် တကောပမျှသာ မဟုတ်၊ ယခု ထိုင်းနိုင်ငံ မီကလောင်မြစ်အောက်ပိုင်းနှင့် မဲနမ်မြစ်ဝှမ်းဒေသများလည်း ပါဝင်သည်။ အလွန်ရှေးကျသော ကာလကပင် ယင်းဒေသများသည် လူတို့ အခြေချနေထိုင်ပြီး ဖြစ်ကြသည်။ မီကလောင် မြစ်ဝှမ်းတွင် မွန်တို့ နေထိုင်သော ဒေသကို တရုတ်တို့က ပိုလီလိုချာ (Po Li Lo Cha) နှင့် တိုလိုပိုတီ (To Lo Po Ti) အဖြစ် သိထားကြသည်။ နောက်ပိုင်းတွင် ဒွါရာဝတီဟု ထင်ရှားလာသည်။ ဒွါရာဝတီသည် ထိုစဉ်က တွန်ဆွန်၏ သြဇာခံ ငါးနိုင်ငံအနက် တစ်ခု အပါအဝင်ဖြစ်သည်။

ထိုစဉ်က တွန်ဆွန်ဘုရင်မှာ ကွန်လွန်(Kun Lun) ဖြစ်သည်။ ကွန်လွန်သည် တရုတ်တို့က မွန်တို့ကို ခေါ်သော အခေါ်အဝေါ်ဖြစ်သည်။ ထို့ကြောင့် တွန်ဆွန်သည် မွန်တို့ဒေသဖြစ်ကြောင်း ထင်ရှားသည်။

လီယန်ရှုက တွန်ဆွန်သည် အရှေ့နှင့်အနောက် လမ်းဆုံတွင် တည်ရှိပြီး တစ်နေ့လျှင် လူပေါင်း (၁၀၀၀၀) ခန့် ဥဒဟို သွားလာ ကုန်သွယ်နေကြသည်ကို တွေ့ရှိရကြောင်း၊ တွန်ဆွန်လမ်းသည်

www.monlibrary.com

www.monlibrary.com



ပင်နီဆူလာ၏ တောင်ဘက်အကျဆုံးဖြစ်၍ အခြားလမ်းခရီးများထက် ပို၍ တိုတောင်းကြောင်း ဖော်ပြခဲ့သည်။ တွန်ဆွန်ဈေးကွက်တွင် အဖိုးတန် ပစ္စည်းများ ရှားပါးကုန်ပစ္စည်းများ အကုန်ရရှိနိုင်သည်။ တွန်ဆွန်တွင် မရှိသော ကုန်ပစ္စည်းများ မရှိသလောက်ပင်ဖြစ်သည်။

တွန်ဆွန်ပင်လယ်ကမ်းရိုးတန်းသည် ကွေ့ကောက်၍ လီ တစ်ထောင်ကျော် ပင်လယ်ထဲသို့ထိုးထွက်နေသည်။ ကျယ်ပြောသော ပင်လယ်ပြင်သည် ဆုံးစမထင်ချေ။ ထို့ကြောင့် တရုတ်တို့၏ ဝမ်းပြား ရွက်လှေဖြင့် တိုက်ရိုက်ကျော်ဖြတ်၍ မရ၊ တွန်ဆွန်၏ အောက်ဘက် ပင်လယ်ထဲရှိ ကျွန်းတစ်ကျွန်းတွင် (Pi Chien) နိုင်ငံရှိသည်။ Pi Chien သည် ယူနန်မှ လီ ၈၀၀၀ ခန့် ဝေးသည်။ ယူနန်ဘုရင်သည် တစ်ခါတစ်ရံ Pi Chien နိုင်ငံသို့ သံ စေလွှတ်သည်။ Pi Chien ဘုရင်ကလည်း လူငါးဆယ်ဦးအတွက် ရွှေကိုအိုးထဲထည့်ပြီး ယူနန် ဘုရင်အား လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သဖူးသည်။


တွန်ဆွန်တွင် သလဲသီးပင်နှင့်တူသော ဝိုင်အရက်ပြုလုပ်၍ ရသည့် ပန်းပင်တစ်မျိုး ပေါက်ရောက်သည်။ ပန်းပွင့်မှရသော အရည် ကို ပုလင်းထဲထည့်၍ အချိန်အနည်းငယ်ကြာသောအခါ သောက် သုံးနိုင်သည့် ဝိုင်အရက်ဖြစ်လာသည်။ ထို့အပြင် ဟိုရှဲန် (Ho Hiang) ခေါ် ထူးဆန်းသည့် အပင်တစ်မျိုးလည်း တွန်ဆွန်တွင် ပေါက်ရောက် သည်။ တွန်ဆွန်သည် Ho Hiang ပင်များ၏ မူလပေါက်ရောက်ရာ

www.monlibrary.com

www.monlibrary.com



ဒေသဖြစ်ပြီး၊ ၎င်းအပင်သည် အဝတ်အစားများ တာရှည်ခံအောင် ထိန်းသိမ်းရာတွင် အသုံးပြုနိုင်သည့်အပြင် ယင်း၏ အရွက်များဖြင့်




ဂ တွန်ဆွန်နိုင်ငံပြမြေပုံ ဂ

www.monlibrary.com

www.monlibrary.com



အဝတ်အစား ယက်လုပ်နိုင်သည်။ ထိုအပင်မှ အကိုင်းကို မြေကြီးထဲသို့ ထိုးစိုက်လိုက်လျှင် အပင်ပြန်ပေါက်သည်။ ဤတိုင်းပြည်တွင် မွှေးပျံ့သော ပန်း ၁၀ မျိုးခန့်က တစ်နှစ်ပတ်လုံး ပွင့်၍ နေ့စဉ် ထိုပန်းများကို လှည်းဖြင့် လှည့်လည်ရောင်းချကြသည်။ ယင်းပန်းပွင့်များ ခြောက်သွားလျှင်လည်း အနံ့မပျယ်ဘဲ ပန်းခြောက်ကို အမှုန့်ထောင်း၍ ကိုယ်လိမ်းပေါင်ဒါအဖြစ် အသုံးပြုကြသည်။

တွန်ဆွန်တွင် မှီတင်းနေထိုင်သည့် လူများကို လေ့လာသောအခါ အစိက နေထိုင်သည့် လူမျိုးများအပြင် အိန္ဒိယမှ ဟူ (Hu) အိမ်ထောင်စု ၅၀၀ အိမ်ထောင်၊ ဖိုတူ (Fo Tu) အိမ်ထောင်စု နှစ်ခုနှင့် ဗြဟ္မဏအိမ်ထောင်စုပေါင်း တစ်ထောင်ကျော်ရှိသည်။ တွန်ဆွန်မှ လူများသည် ဗြဟ္မဏများ၏ အယူဝါဒကို လိုက်နာကြပြီး ၎င်းတို့ကို မိမိတို့၏ သားသမီးများနှင့် ထိမ်းမြားလက်ထပ်ပေးကြသည်။ ထို့ကြောင့် ဗြဟ္မဏများ တွန်ဆွန်မှ ထွက်ခွာမသွားဘဲ အမြဲတန်း စတည်းချနေထိုင်ကြသည်။ ဗြဟ္မဏများမှာ အလုပ်ဟူ၍ ဘာမှ မယ်မယ်ရရမရှိ ကျမ်းစာဖတ်ခြင်း၊ ကောင်းကင်ဘုံမှ ဝိညာဉ်များအား အဖြူရောင်အမွှေးနံ့သာ အိုး ၅ အိုးနှင့် ပန်းများဖြင့် ပူဇော်ပသခြင်းစသည့် အလုပ်များကိုသာ နေ့ညမပြတ် ဆောင်ရွက်သည်။ တွန်ဆွန်မှလူများ ဖျားနာသောအခါ မိမိတို့သေဆုံးလျှင် မိမိတို့၏ အလောင်းကို ငှက်စာအဖြစ်ပေးလှူမည်ဟု ကတိပြုရသည်။ လူတစ်ဦးတစ်ယောက် သေဆုံးသွားသောအခါ အဆို အတီး အက အခုန်များဖြင့် ဆွေမျိုးသားချင်းများ

www.monlibrary.com

www.monlibrary.com



က အသုဘပို့ကြရသည်။ မြို့ပြင်တွင် အလောင်းကို သည်အတိုင်း ပစ်ထားပြီး အသုဘပို့သူများ ပြန်လှည့်လာရသည်။ ထိုအခါ စောစော က စောင့်ကြည့်ကြသော လင်းတများက အသုဘကို အငမ်းမရ စား သောက်ကြသည်။ အရိုးချည်းကျန်သောအခါ အရိုးကို မီးရှို့ပြီး ပြာကို အိုးထဲသို့ထည့်ကာ ပင်လယ်ထဲ မြှုပ်လိုက်ကြသည်။ ဤသို့ အသုဘကို လင်းတငှက်များ စားသောက်အခါ သေဆုံးသူသည် အကျင့်သီလနှင့် ပြည့်စုံသူဖြစ်၍ နတ်ပြည်သို့ရောက်မည်။ အကယ်၍ အလောင်းကို လင်းတများက မစားဘဲ ပြန်သွားခဲ့လျှင် သေဆုံးသူသည် ရောဂါ ဝေဒနာ အပြင်းအထန်ခံစားရပြီး ကိုယ်ခန္ဓာ မသန့်ရှင်းတော့ဘဲ ညစ် ညမ်းနေသည်ဟု ယူဆကြသည်။ ထို့ကြောင့် အလောင်းကို မိမိတို့ သဘောအလျောက် ပစ်ထားပြီး မီးရှို့လိုက်ကြသည်။ ဤသို့ သေ ဆုံးသူ၏ အလောင်းကို မီးသဂြိုဟ်ခြင်းမပြုဘဲ လင်းတစာကျွေးခြင်း သည် အောက်တန်းလွှာ လူတန်းစားများသာ ဖြစ်မည်ဟု ယူဆရ သည်။

တွန်ဆွန်သည် မူလက လွတ်လပ်သောနိုင်ငံဖြစ်သော်လည်း နောက်ပိုင်းတွင် ခမာဘုရင် ဖန်ရှိမင် (ဝ်) ဖန်မန့် တိုက်ခိုက်သိမ်းပိုက် ခံခဲ့ရသည်။ အေဒီ ၂၀၅ နှင့် ၂၅၅ ခုနှစ်အတွင်း ခမာနိုင်ငံနှင့် ဗီယက်နမ်း တို့ကို တိုက်ခိုက်ခဲ့သည်။ သို့သော် ပင်လယ်သမုဒ္ဒရာဘက်တွင်လည်း ဩဇာပျံ့နှံ့လိုသဖြင့် ဖန်ရှိမင်သည် လှေသင်္ဘောများ တည်ဆောက်

www.monlibrary.com

www.monlibrary.com



ပြီး ကျူးခွန်၊ ကျူးယာ (ဝါ) ကျူးလိနှင့် တွန်ဆွန် စသည့်နိုင်ငံများအပါ အဝင် နိုင်ငံပေါင်း (၁၀) ခုကျော်ကို တိုက်ခိုက်အောင်မြင်ခဲ့သည်။

ထိုသို့ ခမာဘုရင် ဖန်ရှီမင် နိုင်ငံပေါင်း (၁၀) ခုကျော်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းအနက် မလေးကျွန်းဆွယ်မြောက်ပိုင်း ဒေသကို တိုက်ခိုက်ခြင်းသည် တရုတ်ရေလမ်း ကုန်သွယ်ရေးလမ်းကြောင်း၏ စခန်းများ အထူးသဖြင့် အရှေ့အနောက် ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် အချက်အချာဒေသဖြစ်သော တွန်ဆွန် (ချင်သုန်) ကို ချုပ်ကိုင်ထားလိုခြင်းဖြစ်သည်။ တွန်ဆွန်နှင့် အနီးအနား ဒေသတစိုက်ကို သိမ်းပိုက်နိုင်သဖြင့် ဖူနန်သည် တရုတ်နိုင်ငံ တောင်ပိုင်းမှ မလေးကျွန်းဆွယ်အထိဖြစ်သော ရေလမ်းကုန်သွယ်ရေးကို လက်ဝါးကြီးအုပ်နိုင်ခဲ့သည်။ အမှန်စင်စစ် တွန်ဆွန် (တနင်္သာရီဒေသ) အေဒီ ၂ ရာစုမှစ၍ တရုတ်၊ အိန္ဒိယနှင့် အနောက်အာရှ (ပါရှင်း) ရှိ ကုန်သည်တို့ ကူးသန်းသွားလာရာ ရေလမ်းကြောင်းပေါ်တွင် တည်ရှိခဲ့သည်။ ထိုကုန်သည်တို့၏ နားခိုစခန်းချရာ သင်္ဘောပြင်ဆင်ရာ၊ လှိုင်းလေ့ခိုလှုံရာ အရပ်ဖြစ်ရုံသာမက ကုန်စည်ဖလှယ်ရာဒေသအဖြစ်လည်း ထင်ရှားခဲ့ကြောင်း ဂရိ တရုတ် ပါရှင်းနှင့် အာရပ်မှတ်တမ်းများအရ သိရှိရသည်။ ဤသည်တို့မှာ ခမာဘုရင် ဖန်ရှီမင် တွန်ဆွန်ကို သိမ်းပိုက်ရန် မက်လုံးပေးနေသော အကြောင်းအချင်းအရာများဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တွန်ဆွန်သည် အာရပ်နှင့် ပါရှင်းမှတ်

www.monlibrary.com



တမ်းများအရ အေဒီ ၇ ရာစုအထိ ယခု ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဒွါရာဝတီ မွန်နိုင်ငံမှ မွန်ဘုရင်များ၏ ပိုက်နက်ဖြစ်ခဲ့ပြီး အေဒီ (၉-၁၀) ရာစုတွင် ရာမညမွန်ဘုရင်တို့၏ လက်အောက်ခံ နယ်ပယ်ဖြစ်ခဲ့ကြောင်း ထင်ရှားပေသည်။

www.monlibrary.com

www.monlibrary.com

# မိချန်

✳

ရှင်တန်ရှု(Hsin Tang Shu) ရေးသားပြုစုခဲ့သည့် တရုတ်သမိုင်း ပျူနိုင်ငံအခန်းတွင် ကွန်လွန်(Kun Lun) လူမျိုးနှင့် ကွန်လွန်နိုင်ငံအကြောင်း ပါရှိသည်။ ကွန်လွန်သည် တရုတ်တို့က မွန်လူမျိုးကို ခေါ်သော အခေါ်အဝေါ်ဖြစ်သည်။ ရှင်တန်ရှုက ကွန်လွန်တို့၏ မြို့တော်သည် မိချန်ဖြစ်၍ မိချန်ကို လွန်လျှင် ကွန်လန်(Kun Lang) သို့ ရောက်သည်။ ၎င်းတွင် ကွန်လွန်လူမျိုးအနည်းငယ် နေထိုင်၍ ၎င်းတို့၏ ဘုရင်မှာ မင်စီယွေ့(Mang Hsi Yueh) ဖြစ်သည်။ သူတို့

www.monlibrary.com

www.monlibrary.com



၏ အလေ့အထ ဓလေ့ထုံးစံမှာ မိချန်မှ မွန်တို့၏ အလေ့အထ ဓလေ့ ထုံးစံနှင့် အတူတူပင်ဖြစ်သည်။ ကွန်လန်မှ ဆက်သွားလျှင် လုယု (Lu Yu) သို့ ရောက်သည်။ လုယုသည် ကွန်လွန်ဘုရင်ကြီး သရိ ဘဝန္တစိန၏ ပိုင်နက် ဖြစ်သည်။ ဤဒေသရှိ မြစ်ဝှမ်းလွင်ပြင်သည် မိချန်ထက် ပို၍ ကျယ်ပြန့်သည်။ ကွန်လွန်ဘုရင်ငယ်၏ နန်းတော် မှ နေ့ဝက်ခရီးခန့် သွားလျှင် မိုတီပို (Mo Ti Po) ခံတပ်သို့ ရောက် သည်။ မိုတီပိုသည် မုတ္တမကို ဆိုလိုခြင်းဖြစ်သည်။ ထိုမှ ရှက်လှွင့်လျှင် ဖိုတိုင် (Fo Tai) သို့ ရောက်သည်။ ဖိုတိုင်သည် ယခင် သီရိဝိဇယ ယခု မလေးရှားနိုင်ငံ ပလင်ဘန်း (Palambang) ပင်ဖြစ်သည်။ ထို့ အပြင် ထိုရေလမ်းခရီးဖြင့် ရှီပို (She Po) သို့လည်း ရောက်သည်။ ရှီပိုသည် ဂျားဗားကျွန်းရှိ ဒေသတစ်ခုဖြစ်သည်။

မန်ရှူကျမ်းကို ပြုစုခဲ့သော ဖန်ချို (Fan Cho) (A.D 863) က မွန်မြို့များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးသားဖော်ပြခဲ့ သည်။

မိချန်သည် ပင်လယ်ကမ်းစပ်တွင် တည်ရှိပြီး ၎င်းမှ လူများ သည် အရပ်ပု၍ မျက်နှာညိုသည်။ ယင်းတို့၏ သဘာဝအတိုင်း ရိုးသား သိမ်မွေ့၍ တစ်ပါးသူအား ရိုသေလေးစားတတ်သည်။ ဘုရင် သည် ပင်လယ်ကမ်းစပ်ရှိ သစ်သားခံတပ်တွင် နေထိုင်သည်။ အိမ်၏ အမြင့် လေးပေခန့်တွင် ကျောက်တုံးခြသေ့ရုပ်များ သစ်မွှေးမှ ခွဲစိပ်

www.monlibrary.com



ထားသော ပျဉ်ပြားများဖြင့် ကာရံထားသည်။ သာမန်လူများမှာ အထပ်ခိုးတွင် နေထိုင်ကြသည်။

၎င်းတို့သည် ပိုးချည်ဖြင့် ယက်လုပ်သော အပြင်အကျီကို ဝတ်ဆင်ကြသည်။ အမျိုးသားရော အမျိုးသမီးပါ ဂီတကို ခုံမင်နှစ်သက်သူများ ဖြစ်သည်။ ယင်းတို့ နေထိုင်သည့် အခန်းတိုင်း အခန်းတိုင်းတွင် ဗုံများထားရှိ၍ အရက်သေစာ သောက်စားပြီးလျှင် ဗုံကို တီးကြသည်။ သည့်နောက် အမျိုးသားများက အမျိုးသမီးများကို လက်တွဲ၍ အခန်းပေါ်သို့ တက်သွားကြပြီး ဂီတနှင့်လိုက်ဖက်စွာ ကကြသည်။

တန်ဟွေယော်(Tan Hui Yao) က မွန်ဂီတနှင့် အကသည် ထိုစဉ်က ပျူဂီတအကတို့နှင့် အတူတူပင်ဖြစ်ပြီး မွန်တို့က ကျွမ်းကျင်သော ဂီတသမားများ ပေါ်ထွက်လာအောင် ပြုစုပျိုးထောင်ကြသည်ဟု ရေးသားခဲ့သည်။

အေဒီ ၉၈၃ တွင် ထုတ်ဝေသော တိုင်ပင်ယူလန်(Tai Ping Yu Lan) စွယ်စုံကျမ်းတွင် မိခြုန်မွန်နိုင်ငံမှ ကွမ်းသီးသည် ယူနန်အထိ ပျံ့နှံ့ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အထက်က ဆိုခဲ့သည့်အတိုင်း ရှင်တန်ရှူက မိခြုန်သည် မွန်နိုင်ငံ၏ မြို့တော်ဟု ဖော်ပြခဲ့သော်လည်း အချို့ သုတေသီများကမူ မိခြုန်နှင့် ကွန်လန်ကို မွန်နိုင်ငံအဖြစ်သာ ဖော်ပြကြသည်။ ထိုစဉ်က

www.monlibrary.com

www.monlibrary.com



ကွန်လန်နိုင်ငံမှ သင်္ဘောများနှင့် အရှေ့တောင်အာရှတောင်ပင်လယ်ရှိ နန်ဟိုင်မှ သင်္ဘောများသည် တရုတ်ပြည်တောင်ပိုင်းရှိ သင်္ဘောဆိပ်မြို့များသို့ သွားလာခဲ့ကြောင်း တွေ့ရှိရသည်။ ဗီယက်နမ်သမိုင်းအရ အေဒီ ၇၆၇ တွင် ဗီယက်နမ် တုံကင် လွင်ပြင်ကို ချိုပို (Cho Po) နှင့် ကွန်လွန် (မွန်) တို့ နယ်ချဲ့တိုက်ခိုက်ခဲ့ကြောင်း ရေးသားခဲ့သည်။ အေဒီ ၈၀၅ တွင် မိချန်သည် ၎င်း၏ သံအဖွဲ့တစ်ဖွဲ့ကို တရုတ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ အေဒီ ၈၃၂ ခုနှစ်တွင် နန်ကျောက်တို့သည် ပျူမြို့တော် သရေခေတ္တရာကို ဝင်ရောက်တိုက်ခိုက်ပြီး ထောင်ပေါင်းများစွာသော ပျူလူမျိုးတို့ကို သုံ့ပန်းအဖြစ် ဖမ်းဆီးကာ ယူနန်ဖူမြို့သို့ ယူဆောင်သွားသည်။ အေဒီ ၈၃၅ ခုနှစ်တွင် နန်ချောင်တို့သည် မွန်နိုင်ငံ မိချန်ကို ထိပါးတိုက်ခိုက်လာသဖြင့် မွန်တို့က တွန်းလှန်ခဲ့ကြသည်။ သို့သော် နောက်ပိုင်းတွင် နန်ချောင်တို့က မွန်သုံ့ပန်း (၃၀၀၀) ကို လိရွှေ (ဧရာဝတီ) မြစ်တွင် ရွှေကျင်ရန် ခေါ်ဆောင်သွားခဲ့ကြသည်။ အချို့ သုတေသီများကမူ ထိုစဉ်က နန်ချောင်မြို့သည် မိချန်အပြင် အခြား မွန်နိုင်ငံတစ်ခုကိုလည်း တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြကြသည်။ ကွန်လန်နိုင်ငံကို ဆိုလိုဟန်ရှိသည်။ သို့ဆိုလျှင် နန်ချောင်တို့ တိုက်ခိုက်ခဲ့သော မိချန်သည် မည်သည့်နေရာတွင် ရှိသနည်း။


ပဲခူးတိုင်း စစ်တောင်းမြစ်နှင့် မလှမ်းမကမ်းရှိ ဝေါမြို့ အနီးတွင် ကြံ့တူဘုရားရှိသည်။ ထိုကြံ့တူဘုရား၏အောက်ခြေ ဂဝံအုတ်ခံ ရှေးအုတ်တံတိုင်းတွင် မြှုပ်နှံထားခဲ့သော ထု လေးလက်မပတ်လည်ရှိ

www.monlibrary.com

www.monlibrary.com



## ပ ခရစ်နှစ် ကိုးရာစုဦးပိုင်း ပျူနှင့်နိုင်ငံခြား ဆက်ဆံရေးပြမြေပုံ ပ



အုတ်ချပ်များ တွေ့ရှိရသည်။ အလယ်တွင် ခြသေ့်ရုပ် ပါရှိသည်။
အနားတွင် ဗိန္ဒုအပြောက်များ ဝန်းရံထားသည်။ အချို့အုတ်ချပ်များ

www.monlibrary.com

www.monlibrary.com



တွင် သဘာဝကျကျ တီးမှုတ်ကခုန်နေပုံများ အတီးအမှုတ် အက အခုန်တို့ဖြင့် နွားတိုက်ပွဲကျင်းပနေပုံများ၊ ခြင်္သေ့နှင့် ကျား အမဲလိုက်ပုံ လက်ဝှေ့ထိုးသတ်နေပုံ၊ နွားဝှေ့ပွဲ ကျင်းပနေပုံ၊ ဆင်စီးခြင်း၊ မြင်းစီးခြင်းတိုက်နေပုံများ ပါရှိသည်။

ထိုအုတ်ချပ်များတွင် တွေ့ရှိရသော လူပုံများမှာ ပုကွကွ တုတ်တုတ်ခဲခဲရှိပြီး မျက်နှာဝိုင်းသည်။ ဆံပင်ကို အလယ်မှ ခွဲပြီး ဆံတောက်ဆံယဉ်ကဲ့သို့ ဆံမြိတ်များ ဘေးတစ်ဘက်တစ်ချက် ချထား၍ ခွေလိပ်ထားသည်။ ကချေသည်များသည် သရေခေတ္တရာတွင် တွေ့ရသော ကချေသည်ရုပ်များနှင့်တူသည်။ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် ဦးမြက ၎င်းတို့သည် မွန်လူမျိုးများဖြစ်မည်ဟု ရေးသားခဲ့သည်။ အေဒီ ၆ ရာစု ၇ ရာစုခန့်က လက်ရာဖြစ်ပါသည်။ ကြံ့တူသည် ဤကဲ့သို့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တွေ့ရှိရသည့် ရှေးကျသော မြို့တစ်မြို့ဖြစ်သည်။ ထို့ကြောင့် သုတေသီများက ကြံ့တူသည် မိချန်ဖြစ်သည်ဟု ယူဆကြသည်။

ပဲခူးသည်လည်း ရှေးဟောင်းမြို့တစ်မြို့ဖြစ်၍ တစ်ချိန်က ၎င်း၏ အရှေ့ဘက် စစ်တောင်းမြစ်ဝသည် ဆိပ်ကမ်းဖြစ်ခဲ့သည်။ ပဲခူးကို သမလဝိမလမင်းတို့က သက္ကရာဇ် ၅၁၄ တွင် တည်ထောင်ခဲ့သည်။ မြို့ရိုးနှစ်ထပ်ရှိ၍ အချို့နေရာများတွင် သုံးထပ်ရှိသည်။ မြို့၏ အလယ်ခန်းတွင် ခံတပ်ရှိသည်။ တိဿမင်း၏ နန်းတော်ရာလည်း

www.monlibrary.com



ယခုထက် တွေ့မြင်နိုင်သေးသည်။ ၁၉၁၃-၁၄ ခုနှစ်တွင် ဂျေအေ စတီးဝပ် (J.A Stewart) က ဦးဆောင်၍ ပဲခူး ဟံသာဝတီကို တူးဖော်ခဲ့သည်။ တူးဖော် တွေ့ရှိရသည့် ရှေးဟောင်းပစ္စည်းများအနက် ဟိန္ဒူနတ်ဘုရားရုပ်များလည်း ပါဝင်သည်။ တိဿဘုရင်လက်ထက် ကိုးကွယ်ခဲ့သော နတ်ရုပ်များ ဖြစ်ပေမည်။ မွန်သမိုင်းအရ တိဿမင်းသည် မိစ္ဆာအယူဝါဒကို သက်ဝင်ယုံကြည်၍ ဗုဒ္ဓဆင်းတုတော်များကို စွန့်ပစ်စေခဲ့သည်။ နောက်ဆုံးတွင် သဌေးသမီး သုဘဒ္ဒါကြောင့် တိဿမင်း အမြင်မှန်ရပြီး ဗုဒ္ဓဘာသာကို ပြန်လည် သက်ဝင်ယုံကြည်လာသည်။ ဤသို့ယဉ်ကျေးမှု အစဉ်အလာ ကြီးမားခဲ့သော ပဲခူးကို မိချဲန်အဖြစ် ဒေါက်တာ လုစ်က ယူဆလိုသည်။ သို့သော် ပဲခူးသည် မိချဲန် မဖြစ်နိုင်။

ထန်မင်းဆက် သမိုင်းသစ်တွင် ဒွါရာဝတီ၏ လက်အောက်ခံ နယ်နှစ်နယ်ရှိ၍ တစ်ခုမှာ ထန်လင်ဖြစ်ပြီး အခြားတစ်ခုမှာ ထော်ဟွမ် ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ ထန်လင်သည် ပင်လယ်ကျွန်းတွင် တည်ရှိသည်။ ထော်ဟွမ်ကို နို့ထော်ဟွမ်ဟူ၍လည်း ခေါ်သည်။ ဟွမ်ဝမ် (စမ္ပာ) ၏ အနောက်ဘက်တွင် ပင်လယ်ရှိသည်။ တော်လော်ဟော် (ဒွါရာဝတီ) နှင့် နယ်မြေဆက်စပ်နေသည်ဟု ဆိုပါသည်။

ထန်လင်သည် နောင်အခါတွင် မွန်မြန်မာတို့သိသော တန်လိုင်ပင်ဖြစ်ပါသည်။ ဤအမည်သည် ထန်မင်းဆက်ကာလက

www.monlibrary.com

www.monlibrary.com



တစ်နည်းအားဖြင့် မြန်မာနိုင်ငံ ပျူခေတ်တွင် ပေါ်ပေါက်ခဲ့သော အမည်ဖြစ်ကြောင်း ထင်ရှားသည်။ ထန်လင်သည် ပင်လယ်ကျွန်းတွင် တည်ရှိသည်ဟု ဆိုရာ၌ ပင်လယ်ထဲရှိ ကျွန်းဟု မယူဆသင့်ချေ။ ပင်လယ်ရေပြင်နှင့် ကပ်လျက် တည်ရှိသောမြို့ဖြစ်သည်။ တရုတ်တို့က ထန်လင်ဟုခေါ်သော မြို့မှာလည်း ပဲခူးပင်ဖြစ်သည်။ ထန်မင်းဆက် ကာလကပင် ပဲခူးကို မိချန်ဟု တရုတ်တို့ မခေါ်ခဲ့။ ထန်လင်ဟုသာ ခေါ်ခဲ့သည်။ ထို့ကြောင့် ပဲခူးသည် မိချန်မဖြစ်နိုင်ကြောင်း အထက်က ဆိုခဲ့ခြင်းဖြစ်သည်။

ပါမောက္ခ Pawl Pelliot (ပေါ်ပေလိယွက်)က ဧရာဝတီမြစ်ဝကို မိချန်ဟု အမှတ်မှားခဲ့သည်။ အချို့ သုတေသီတို့ကမူ မော်လမြိုင်မြို့ အနီးရှိ ကြံ့စိန်ကို မိချန်အဖြစ် ယူလိုကြသည်။ အေဒီ ၉ ရာစု ပျူနှင့် အိမ်နီးချင်းနိုင်ငံများ ဆက်ဆံရေးပြမြေပုံတွင်လည်း ကြံ့စိန်ကို မိချန်အဖြစ် ဖော်ပြထားသည်။ သို့သော် ကြံ့စိန်တွင် မိချန်ဖြစ်နိုင်လောက်သည့် သမိုင်းအထောက်အထားနှင့် ယဉ်ကျေးမှု လက်ရာများ မတွေ့ရပေ။

တန်မင်းဆက်သမိုင်းတွင် ပျူတို့၏ လက်အောက်ခံ နယ်တစ်ဆယ့်ရှစ်နယ်ရှိကြောင်း ဖော်ပြခဲ့သည်။ ၎င်းတို့မှာ -

၁။ ကျာလော်ဖော်တီ

(Chia Lo P'o Ti) Kalavati (Kalaspura)

၂။ မောလိဝူထာ

(No Li Wu T'e) Nali / Qrda (Oda)

www.monlibrary.com

www.monlibrary.com



| | |
|---|---|
| ၃။ ကျာလိကျာ | |
| (Chia Li Chia) | Kalika (Varthw) |
| ၄။ ပန်တိ | |
| (Pan Ti) | Pannai (Pane) |
| ၅။ မိချဲန် | |
| (Mi Chen) | Lbir Cin<br>(လဝ်ရိုစိင် = ဆင်ပင်လယ်) |
| ၆။ ခုန်လန်ငဲ့ (ကွန်လွန်) | |
| (Kun Lang) | |
| ၇။ ကျဲနု | |
| (Chieh-Nu) | (Treng) ganu |
| ၈။ လော်ယု | |
| (Lo-Yu) | Luat |
| ၉။ ဖော့တိုက် | |
| (Fo-Tai) | Sri Vijava (Palembang) |
| ၁၀။ ချူလုန် | |
| (Chu-Lun) | သီရိဝိဇယအရှေ့ဘက်တွင် ရှိမည် ထင်သည်။ |
| ၁၁။ ဖော်လိ | |
| (P'o - Li) | Bali |
| ၁၂။ ကျဲထော် | |
| (Ch'ieh - T'o) | Kataha (Kedah) |

www.monlibrary.com

www.monlibrary.com



၁၃။ တော်ကွေ့
(To-Kuei) Ta Kua (Takua Pa)

၁၄။ မော်ယီ
(Mo-i) Nait

၁၅။ ရှဲဝေ့
(She-Wei) Sweat (Sravasri)

၁၆။ ကျန်ဖော်
(Chan-Po) Campa

၁၇။ ရှဲဖော်
(She-Po) Java

ပျူတို့၏ လက်အောက်ခံ နယ်တစ်ဆယ့်ရှစ်နယ်ဟု ဆိုထားသော်လည်း စာရင်းတွင်မူ တစ်ဆယ့်ခုနစ်ခုသာ ရှိသည်ကို တွေ့ရသည်။ အမှတ် (၂) တွင် မောလိနှင့် ဂူတာ၊ တစ်နည်းအားဖြင့် မလ္လိနှင့် သြရိသ ခွဲပြရမည့်အစား တစ်ခုတည်းသာ ပြထားသဖြင့် တစ်ခုလိုနေခြင်းဖြစ်သည်။ မလ္လိကိုတစ်နေရာ၊ သြရိသကို တစ်နေရာ ခွဲခြားလိုက်လျှင် ဒေသတစ်ဆယ့်ရှစ်ခုပြည့်မည်ဖြစ်ပါသည်။

ပျူတို့၏ လက်အောက်ခံနယ်ဟုဆိုထားသော ဒေသများကို လေ့လာပါက မလေး၊ စုမတြ၊ ဘာလီ၊ ဖိလစ်ပိုင်ကျွန်းမှ ဒေသများပါဝင်နေသည်ကို တွေ့ရှိရသည်။ ပျူတို့၏ သြဇာသည် ပင်လယ်ကိုကျော်၍ ထိုနယ်ပယ်များသို့ သက်ရောက်ခဲ့သည်မရှိ။ ထို့ကြောင့် ဖော်ပြပါ ဆယ့်ရှစ်နယ်သည် ပျူလက်အောက်ခံ နယ်ဆိုခြင်းထက် ထိုစဉ်က ပျူတို့နှင့် အဆက်အဆံရှိသော ဒေသများသာ ဖြစ်သည်။

www.monlibrary.com

www.monlibrary.com



မိခဲ့ုန်ကို အေဒီ ၃ ရာစုခန့်က ရေးသားပြုစုခဲ့သော တရုတ်မှတ်တမ်းများတွင် Pi-Chien (ရှေးဟောင်းအသံထွက် bji-k'ian) ဟု အသံဖလှယ်၍ ခရစ်နှစ် ၈ ရာစု ၉ ရာစု တရုတ်သမိုင်းမှတ်တမ်းများတွင် (ရှေးဟောင်းအသံထွက် mjie-ziem) ဟု အသံလှယ်ထားသည်။ မွန်ဘာသာ လဗီရ်စိုင်မှလာသော စကားဖြစ်သည်။ ဆင်ပင်လယ်ဟု အဓိပ္ပာယ်ရသည်။ လဗီရ်စိုင် (lbir-cin) သည် ထိုစဉ်က ဆိပ်ကမ်းမြို့ကြီးတစ်မြို့ ဖြစ်ခဲ့သည်။

ထိုဆိပ်ကမ်းမြို့ကြီးသည် ခရစ်မပေါ်မီမှစ၍ ခရစ်နှစ် ၈ ရာစု ၉ ရာစုအထိ မွန်တို့၏ အချက်အချာ ဒေသဖြစ်ခဲ့သည်။ ယင်း ဆိပ်ကမ်းမြို့ကို အိန္ဒိယတောင်ပိုင်း ပင်လယ်ခရီးသွားများက ဝေသုင်္ဂ (Vesunga) ဟု ခေါ်ခဲ့ကြသည်။ ထို့ကြောင့် ဂရိတ်ပထဝီပညာရှင် တော်လမီ (Ptolemy) က ထိုဒေသကို ဗေသိင်္ဂ (Besynga) ဟု အသံလှယ်ခဲ့သည်။ ဝေ (Ve) နှင့် ဗေ (Be) သည် Lbir မှ bi ကို အသံလှယ်ထားခြင်းဖြစ်၍ သုင်္ဂ (Sunga) နှင့် သိင်္ဂ (Synga) သည် Cin ကို အသံလှယ်ထားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အိန္ဒိယအခေါ် ဝေသုင်္ဂသည် မွန်ဘာသာ လဗီရ်စိုင် (lbir-cin) ကို အိန္ဒိယဆန်ဆန် အသံလှယ်ထား၍ တော်လမီ၏ ပထဝီဝင်ကျမ်းလာ (Besynga) သည် အိန္ဒိယ အခေါ် ဝေသုင်္ဂကို ဂရိတ် လက်တင်ဘာသာဆန်ဆန် အသံလှယ်ထားခြင်းဖြစ်သည်။

ပါဠိသမိုင်းမှတ်တမ်းတွင်မူ မိခဲ့ုန်ကို mu-sa / mu-cha ဟု ရေးသားဖော်ပြခဲ့သည်။ ပါဠိအခေါ်သည် တရုတ်အခေါ် mjie-zien နှင့် အတော်နီးစပ်သည်ကို တွေ့ရှိရသည်။

www.monlibrary.com

www.monlibrary.com



ခရစ်နှစ် တစ်ရာစုနှစ် မတိုင်မီက တော်လမီသည် မုတ္တမ ပင်လယ်ကွေ့တွင် တည်ရှိသော လစိရ်စိုင်ဆိပ်ကမ်းမြို့ကိုသိခဲ့ကြောင်း ထောက်ရှု၍ ခရစ်မပေါ်မီကပင် အိန္ဒိယတောင်ပိုင်း ပင်လယ်ခရီးသွား သူများသည် လစိရ်စိုင်မွန်ဆိပ်ကမ်းမြို့ကို ဝေသုဂ်ဟူ၍ ခေါ်တွင်နေပြီ ဖြစ်ကြောင်း ထင်ရှားသည်။

ယခုအခါ ဝေသုဂ်ဟူသော ဆိပ်ကမ်းမြို့အမည်ကို ခရစ်နှစ် နှစ်ရာစု (သို့မဟုတ်) သုံးရာစုတွင် ပြုစုပြီးခဲ့သော ပါဠိကျမ်းဂန် မဟာ နိဒ္ဒေသတွင်သာ တွေ့ရသော်လည်း ခရစ်မပေါ်မီကပင် ရေလမ်းကုန် သွယ်ရေးနှင့် ပတ်သက်သော အိန္ဒိယတောင်ပိုင်းသားတို့သည် ထို ဆိပ်ကမ်းမြို့အမည်ကို သိရှိနေကြပြီဖြစ်သည်။ ထို့အတူ လစိရ်စိုင် (lbir-cin) ခေါ် မိချဲန်မွန်ဆိပ်ကမ်းမြို့သည်လည်း ခရစ်မပေါ်မီအခါ ကပင် ထင်ရှားသော ရေလမ်းကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်နေပေပြီ။

ခရစ်နှစ် သုံးရာစုနောက်ပိုင်းသို့ ရောက်သောအခါ pi-chen ကို တရုတ်တို့က mi-chen ဟု ခေါ်ဝေါ်လာကြသည်။ ပဲခူးကို မိချဲန် အဖြစ် သတ်မှတ်ခဲ့သော ဒေါက်တာလုစ်က pi-chen ကို တွန်ဆွန် နိုင်ငံ အနောက်ဘက်ပင်လယ်ထဲရှိ ကျွန်းတစ်ကျွန်းတွင် တည်ရှိ၍ ယူနန်နိုင်ငံမှ လီ ၈၀၀၀ ဝေးသည်ဟု တစ်နေရာတွင် ဖော်ပြခဲ့ပြန် သည်။ ဒေါက်တာလုစ်သည် pi-chen နှင့် mi-chen တစ်ခုတည်းဖြစ် သည်ကို သိရှိခဲ့ပုံမရ။

အမှန်စင်စစ် pi-chen (ဝါ) mi-chen (မိချဲန်) ကား အခြား မဟုတ်၊ ကျိုက်ထိုမြို့ အနောက်ဘက် ၅ မိုင်အကွာ အရုဏ်သမနှင့် ဝင်းကရွာနှစ်ရွာအကြားရှိ တိုက်ကုလားပင် ဖြစ်ပါသည်။

www.monlibrary.com

www.monlibrary.com

## ကလသာပူရ

✳

တရုတ်ပြည် ယန်စီကျန်မြစ်ဝှမ်းမှ မြန်မာနိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်လာသော မွန်တို့သည် ရှိရင်းစွဲ နီဂရိတိုအနွယ်ဝင်များထံမှ နယ်မြေများ လုယူရဟန် ရှိပါသည်။ နီဂရိတိုတို့ မြန်မာနိုင်ငံသို့ အခြေချ နေထိုင်ခဲ့ဘူးသည်ကိုကား မည်သူမျှ မငြင်းနိုင်ချေ။ ရှေးမှတ်တမ်းတို့၌ (ဥပမာ မဟာဝင်) မြန်မာနိုင်ငံ အရှေ့တောင်ဘက် သုဝဏ္ဏဘူမိအရပ်တွင် အကြမ်းအားဖြင့် ၂၅၀ ဘီစီခန့်က ရက္ခအံမည်ဖြင့် လူမျိုးတစ်မျိုးရှိမည်ဟု မှန်းဆရသည်။ ထိုရက္ခလူမျိုးတို့ကို မွန်တို့

www.monlibrary.com

www.monlibrary.com



တိုက်ထုတ်သဖြင့် နောက်ဆုံးတွင် မွန်တို့ဒေသ၏ တောင်ဘက်တွင် ဆီမန်ဟူသော အမည်ဖြင့် ယခုထက်တိုင် နေထိုင်ကြသည်။

ဝင်းကအရက်သမန္ဒင့် တိုက်ကုလားဒေသမှ ရက္ခတို့ကို မွန်တို့ တိုက်ခိုက်နှင်ထုတ်လိုက်သောအခါ ရက္ခတို့သည် တောင်ဘက်သို့ ဆုတ်ခွာပြီး ဘီးလင်းမြစ်ဝတွင် သထုံကိုတည်ထောင်၍ နေထိုင်ကြဟန် ရှိသည်။ မကုတ (မနုဟာ) မင်း၏ ၁၁-ရာစုထိုး ကျောက်စာအရ ထိုစဉ်က ရက္ခပူရ (ဘီလူးမြို့) ဟု ခေါ်တွင်ကြောင်း သိရသည်။ ထိုမှ သံလွင်မြစ်ပရှိ ဘီလူးကျွန်းသို့ ဆုတ်ခွာကာ နောက်ဆုံး မလေးကျွန်းဆွယ်သို့တိုင် ရောက်ပြီး ဆလုံ စသည့် ပင်လယ်ဝကျွန်းငယ်တို့၌ လှည့်လည်သွားလာ ကျက်စားသော လူမျိုးများ ဖြစ်လာသည်။

ဤသို့ ရက္ခတို့ ဆုတ်ခွာခြင်းသည် အလွယ်တကူ ဆုတ်ခွာခဲ့ခြင်း မဟုတ်၊ တစ်ဘက်နှင့်တစ်ဘက် အပြင်းအထန် တိုက်ပွဲဖြစ်ပြီးမှ ဆုတ်ခွာခဲ့ရခြင်းဖြစ်သည်။ ခရစ်နှစ် ရှေးဦးရာစုများ၌ တိုက်ပွဲများပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့ဟန်ရှိသည်။ တောင်အရပ်မှ တက်လာသော ရေငန်ပိုင်းသားနှင့် မြောက်နှင့်အရှေ့အရပ်မှ ဆင်းလာသော ကုန်းတွင်းသားတို့၏ တိုက်ပွဲသက်သေခံများအဖြစ် တွံတေးမှ အရှေ့တောင်ဘက် ဘီလင်းမြစ်ဝမြောက်ဘက် မုသင်အထိ ခံတပ်ဟောင်းများ ကျန်ရစ်ခဲ့သည်။ ခံတပ်တိုင်းတို့တွင် ကျုံးပတ်ပတ်လည်ရှိသည်။

www.monlibrary.com

www.monlibrary.com



အလယ်စက်မှ အကွာအဝေးညီ တံတိုင်းအမြင့်သုံးဖက်ရှိသည်။ ခံတပ် အလယ်၌ ကုန်းမြင့်ငယ်ရှိ၏။ ဤသည်မှာ ထိုအရပ်မှ ခံတပ်များ၏ ပုံစံဖြစ်ပါသည်။ တွံတေးအနီး ရွှေဆံတော်တောင်ဘက်ရှိ ခံတပ် သည် ရှေးအကျဆုံး ခံတပ်ဖြစ်ဟန်ရှိသည်။

တရုတ်နိုင်ငံထန်မင်းဆက်ကာလတွင် တရုတ်တို့က တွံတေး ကို Ko Lo She Fen (Ka La Shia Piuzn) (Kalacapura) ကာလသ ပူရ ဟု ခေါ် သည်။ အေဒီ ၈၀၀ ရာစု ပျူတို့ ပျံ့နှံ့နေထိုင်သည့် ဒေသ (၃၂) ခုတွင် တွံတေးမပါချေ။ အမှန်မှာ တွံတေးအပါအဝင် အနီး အနား မြစ်ဝှမ်းဒေသများသည် ထိုစဉ်ကပင် မွန်တို့၏ ဒေသဖြစ်ခဲ့ပြီး မြို့ တော်မှာ ကလသာပူရဖြစ်သည်။ အိုးထုတ်လုပ်သော မြို့၊ အိုးမြို့တော် ဟု အဓိပ္ပာယ်ရသည်။ ကလသာပူရသည် မြေနီအိုးလုပ်ငန်းဖြင့် အေဒီ ၈ ရာစုကပင် ထင်ရှားကျော်ကြားခဲ့သည်။ အိန္ဒိယမှတ်တမ်းများတွင် ဤမြို့ကို (Kathasritasgara) ကသာစာရိတဝရ ဟု ဖော်ပြခဲ့သည်။

၁၉၂၀ နှစ်များတွင် ရှေးဟောင်းသုတေသနဌာနမှ စေတီပုံ အိုးတစ်လုံး တွေ့ရှိရသည်။ ထိုအိုး၏လည်ပင်း အောက်ခြေ ပတ်ပတ် လည်တွင် ညောင်ရွက်ပုံများ ခတ်နှိပ်ထားသည်။ ထူးဆန်းသည်မှာ ၎င်းအိုးသည် ကလသာပူရမှ အိုးဖြစ်သော်လည်း ကလသာပူရနှင့် မိုင်သုံးရာခန့် ဝေးသော ပုဂံဘုရားတစ်ဆူ၏ ဌာပနာအိုးထဲ၌ အနော်ရထာမင်း၏ တံဆိပ်အမှတ်အသားပါ အုတ်ခွက်နှင့်အတူ တွေ့ရှိရခြင်းပင် ဖြစ်သည်။

www.monlibrary.com

www.monlibrary.com



ထန်မင်းဆက်သမိုင်းသစ် အခန်း ၂၂၂ (၈)တွင် ကလသာပူရနှင့် ပတ်သက်၍

"ကလသာပူရသည် ဒွါရဝတီနိုင်ငံ၏ အနောက်တောင်ဘက်တွင် တည်ရှိသောမြို့ဖြစ်သည်။ ထိုစဉ် ကလသာပူရဘုရင်မှာ သီရိပရမေသွာရ ဖြစ်သည်။ မြို့ရိုးကို ဂဝံကျောက်များဖြင့် တည်ဆောက်ထားသည်။ မျှော်စင်၊ နန်းတော်နှင့် အိမ်များကို မြက် (သက်ငယ်) ဖြင့် မိုးကြသည်။ နယ်ပေါင်း ၂၄ နယ်ရှိသည်။ စစ်သည်များသည် လေး၊ မြား၊ လှံ့ရှည်နှင့် ပုဆိန်များကို ကိုင်စွဲကြသည်။ အလံတံခွန်များကို ဒေါင်းမွေးဒေါင်းတောင်တို့ဖြင့် တန်ဆာဆင်ကြသည်။ တပ်ဖွဲ့စည်းပုံမှာ လူတစ်ရာတွင် ဆင်တစ်ကောင်စီရှိကြ၍ ဆင်အကောင်တစ်ရာပြည့်လျှင် တပ်တစ်တပ်ဖြစ်သည်။ ဆင်ကသည် လှော်ဒ်အိမ်သဏ္ဍာန်ရှိ၍ ထိုအထဲတွင် လူလေးဦး၊ လေးနှင့်လှံ ကိုယ်စီကိုင်၍ လိုက်ပါရသည်။ သာမန်ကောက်ခံသည့် အခွန်အတုတ်မှာ ငွေဒင်္ဂါးနှစ်ပြားဖြစ်သည်။ ၎င်းတို့တွင် ပိုးထည်မရှိဘဲ ဝါဂွမ်းထည်များသာ ရှိသည်။ နွားများနှင့် မြင်းအနည်းငယ်ကို မွေးမြူကြသည်။ အရာရှိများသာ ယောင် ထုံးထားရသည်။ မင်္ဂလာ ဆောင်သည့်အခါ သတို့သားသည် ကွမ်းသီးများကို မင်္ဂလာကြေးအဖြစ် ပေးသွင်းရသည်။ တစ်ခါတစ်ရံ လင်ပန်း ၂၀၀ ခန့် ပေးရသည်။ မင်္ဂလာ အခမ်းအနားပြီးဆုံးလျှင် သတို့သမီးသည် သတို့သားနောက် လိုက်ရသည်။ အသုံးပြုသော တူရိယာ ပစ္စည်းများမှာ ဗျပ်စောင်း၊ ပုလွေ၊ လင်းကွင်း၊

www.monlibrary.com

www.monlibrary.com



သံစည်နှင့် ခရုသင်းတို့ ဖြစ်သည်။ လူသေလျှင် မီးသင်္ဂြိုဟ်၍ အရိုးပြာကိုယူပြီး ရွှေအိုးထဲတွင် ထည့်ရသည်။ ထို့နောက် ပင်လယ်မှာ မြှုပ်ကြသည်။ တရုတ်ထန်မင်းဆက် နန်းတော်သို့ ရောင်စုံ ကြက်တူရွေးများ ပို့လာဖူးသည်" ဟူ၍ ရေးသားခဲ့သည်။

မစ္စတာ ပေါပယ်လီယွတ် (Paul Pelliot) က ကလသာပူရ ကို စွေမင်းဆက် (Sui) ကာလကပင် တရုတ်တို့က (Chia-Lo-She) ဟု ခေါ်ဝေါ်ခဲ့ကြပြီး တရုတ်နန်းတော်သို့ အေဒီ ၆၀၈ ခုနှစ်က သံအဖွဲ့ တစ်ဖွဲ့ စေလွှတ်ခဲ့သည်ဟု ဆိုပါသည်။

မွန်မြန်မာသမိုင်း ရှုဒေါင့်မှ တွံတေးသမိုင်းကို လေ့လာရာတွင် တွံတေးဟူသော ဝေါဟာရနှင့်ပတ်သက်၍ အောက်ပါအတိုင်း တွေ့ရှိရသည်။

ယခု တွံတေးမြို့၏ ၆ မိုင်ကွာအရပ်တွင် ရှေးဟောင်းခေတ် သီဟိုဠ်ကျွန်းမှ ပြောင်းရွှေ့လာသော လူအချို့ နေထိုင်ကြသည်။ ယင်းတို့ နေထိုင်ရာ အရပ်ကို သီဟိုဠ်ငယ်အရပ်ဟု ခေါ်တွင်ခဲ့သည်။ ခပင်း သီဟိုဠ်ငယ်ဟုလည်းခေါ်သည်။ သီဟိုဠ်ငယ်အရပ်သည် ပင်လယ်ဆိပ်ကမ်းဖြစ်သဖြင့် နောင်တွင် ကုန်သွယ်မှုများ၊ ပြည်တွင်းပြည်ပ အသွားအလာများနှင့် စည်ကားသိုက်မြိုက်လာသည်။

ခပင်းကို မွန်ဘာသာအားဖြင့် ဟပင်းဟု ခေါ်သည်။ ဟပင်း၏ အဓိပ္ပာယ်မှာ ကြည်မာခေါ် သစ်ပင်တစ်မျိုးဖြစ်သည်။ ဟပင်းမှာ

www.monlibrary.com

www.monlibrary.com



ကာလရွေ့လျားလာသောအခါ ခပင်းဖြစ်လာသည်။ ခပင်းတည်ရာ အရပ်တွင် သထုံမင်းသမီးတော် သုဝဏ္ဏဝတီမင်းသမီး ထိးနန်းစိုးစံခဲ့ သည်။

ယင်းမင်းသမီး စိုးစံသော သီဟိုဠ်ငယ်အရပ်၏ အနောက် ဘက် ၆ မိုင်အကွာတွင် ကွမ်ဒေးဟူသော အရပ်တစ်ခု တည်ရှိခဲ့ သည်။ ကွမ်ဒေးသည် မွန်ဘာသာစကားဖြစ်၍ ကွမ်၏ အဓိပ္ပာယ်မှာ ရွာဖြစ်ပြီး ဒေး၏ အဓိပ္ပာယ်မှာ တောင်ကုန်းဖြစ်သည်။ ကွမ်ဒေးမှ ကာလရွေ့လျားလာသောအခါ တွံတေးဖြစ်လာသည်။

တွံတေးမြို့သည် ရှေးမွန်မင်းများ တည်ထောင်ခဲ့သော မြို့ ဖြစ်ပြီး ရှေးနန်းတော်ဟောင်းနေရာများ၊ မြို့ရိုးများမှာ ယနေ့တိုင် ကြွင်းကျန်နေဆဲဖြစ်သည်။ တွံတေးသည် ပုဂံခေတ်ကာလအထိ ဒလ မြို့အဖြစ် ထင်ရှားခဲ့သည်။ ရှေးဒလမြို့၏ နန်းတော်ကုန်းသည် မြို့ ရိုးတစ်ထပ်၊ ကျုံးတစ်ထပ်၊ အတွင်းမြို့ရိုးခံတပ်နှစ်ထပ်ဖြင့် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ထားခဲ့သည်။ ယခု နန်းတော်ကုန်းနေရာတွင် သရက်၊ ဒညင်း၊ ကနစိုစသော သစ်ပင်များနှင့် ဖုံးလွှမ်းလျက်ရှိနေပေပြီ။ ဒလ မြို့ဟောင်း၏ သက်တမ်းသည် ပုဂံမြို့ဟောင်းထက် ရှေးကျသည်ဟု သမိုင်းပညာရှင်တို့က ယူဆထားကြသည်။


အချို့ သမိုင်းအထောက်အထားအရ တွံတေးတွင် သမိန် ထောဗရမ်းမင်းနှင့် တောင်ညာစံ အဂ္ဂမဟေသီမိဖုရားကြီး မိန္နာဒေဝီ

www.monlibrary.com

www.monlibrary.com



တို့ ထိန်းနန်းစိုးစံခဲ့ကြသည်။ ဘုရင့် နန်းတော်တည်ရှိရာ အရပ်ကို ပေါက္ခရဝတီမြို့တော်ဟု တွင်ခဲ့သည်။ ယင်း ပေါက္ခရဝတီမြို့တွင်



ဂ တွံတေးမှ ရရှိသော ညောင်ရွက်ဒီဇိုင်းပါ အိုးပုံ ဂ
(အေဒီ ၁၀-ရာစု)

www.monlibrary.com

www.monlibrary.com



ဖွားသန့်စင်ခဲ့သော တဖုဿနှင့် ဘလ္လိကညီနောင်တို့ ဆံတော် ပင့်ဆောင်လာရာ လမ်းတလျှောက်တွင် ဆံတော်ကြိုးစေတီများ တည်ထားကြကြောင်း အဆိုရှိသည်။ ယခု ကွမ်းခြံကုန်းမြို့ ဒေးဒနော့ရွာတွင် တည်ရှိသော ဒေးဒနော့ဘုရားခေါ် ကျိုက်ဒေးကနောင်၊ အင်္ဂလိုရွာတွင် တည်ရှိသော အင်္ဂလိုဘုရားခေါ် ကျိုက်အံခလွန်း၊ ဆပဂန်ရွာတွင် တည်ရှိသော ဆပဂန်ဘုရားခေါ် ကျိုက်လာမဂန်၊ လက္ခိုက်ရွာတွင် တည်ရှိသော လက္ခိုက်စေတီ၊ ယခု ကော့မှူးမြို့တွင် တည်ရှိသော ကျိုက်ကော့မှူးဘုရားခေါ် ကျွန်းငူဘုရားများမှာ ဆံတော်များပင့်ဆောင်ရာ လမ်းတလျှောက်မှ ဆံတော်ကြိုးစေတီများအဖြစ် တည်ထားခဲ့သော စေတီများဖြစ်ကြသည်။

တွံတေးတွင် သမိန်ထောဗရမ်းမင်း စိုးစံခဲ့ကြောင်း အထက်က ဆိုပြီ။ ဗရမ်းမင်းဆက်မှာ မင်းပေါင်း ခုနစ်ဆယ် ရှိသည်။ ထိုမင်းဆက်များလက်ထက် ထင်ရှားသော ရွာများမှာ တော်ခရမ်းလေး၊ တော်ခရမ်း၊ ဒေးဒနော၊ အင်ဂလုံ၊ ဆပုဂံနှင့် လက်ခိုက်တို့ဖြစ်ကြသည်။ ထိုရွာများ တည်ရှိရာ အရပ်သည် ပင်လယ်ကမ်းခြေဖြစ်ခဲ့ဖူးသည်။

ဦးဖိုးကျား၏ ရာဇဝင်အသစ်အဆိုအရ သုဝဏ္ဏဘူမိ သထုံပြည် ပျက်ယွင်းသွားပြီးနောက် သက္ကရာဇ် ၆၄၃ ခုနှစ်တွင် ဝါရီရူမင်း မုတ္တမမြို့ကို တည်ထောင်သည်။ မွန်မင်းအဆက်ဆက်တွင် ပေါက္ခရဝတီမြို့ကို မွန်ဘာသာအားဖြင့် (တုန်တလဲ့) ဟု ခေါ်ဆိုခဲ့ကြသည်။

www.monlibrary.com

www.monlibrary.com



တုန်၏ အစိပ္ပာယ်မှာ မြို့ဖြစ်ပြီး တလဲ့၏ အစိပ္ပာယ်မှာ အရှင်သခင် ဖြစ်သည်။ ကာလရွေ့လျားသောအခါ တလဲ့မှာ ဒလဖြစ်လာသည်။ ထိုမင်းများ လက်ထက်မှစ၍ တွံတေးဒလဟု နာမည်တွဲ၍ ခေါ်ဝေါ် လာကြသည်။ ဗညားဦး၊ ရာဇာဓိရာဇ် သားတော်ဗညားရမ်း၊ ဓမ္မ စေတီ၊ ရှင်စောပု အစရှိသော မွန်မင်းများလက်ထက်တွင် တွံတေးမြို့ ရှိ ရွှေဆံတော်စေတီမြတ်ကြီးကို ဒလဆံတော်ရှင်စေတီဟု ခေါ်ထွင် ခဲ့ကြသည်။

တွံတေးရွှေဆံတော်ဘုရားသမိုင်းအရ ဂေါတမမြတ်စွာ ဘုရား မုတ္တမ ဇင်းကျိုက်အရပ်ဒေသများသို့ ဒေသစာရီ ကြွချီလာ စဉ် တိက္ခပညာ၊ သာဂရပညာအမည်ရှိကြသော ကုန်သည် ညီနောင် နှင့် သုမနမထေရ်တို့အား ဆံတော်နှစ်ဆူ ပေးသနားခဲ့သည်။ ထို ဆံတော်နှစ်ဆူကို ဌာပနာ၍ မေရုဒကုန်းပေါ်တွင် ပေါက္ခရဝတီဘုရင် သမိန်ထောဗညားရံက ကြီးမှူးပြီး ဤဆံတော်စေတီကို တည်ထားခဲ့ ခြင်းဖြစ်သည်ဟု ဆိုပါသည်။ စေတီတည် သက္ကရာဇ်မှာ မဟာသက္က ရာဇ် ၁၁၄ နှစ်၊ တန်ဆောင်းမုန်းလပြည့်နေ့မှ စတင် ပန္နက်ရိုက်၍ မဟာသက္ကရာဇ် ၁၂၃ ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် ထီးတော်တင် ပြီးစီးခဲ့ပါသည်။

တည်စအချိန်က စေတီ၏ ဉာဏ်တော်အမြင့်မှာ သံတောင် ၁၂၀ မြင့်ပြီး ဖိနပ်တော်မှာ သံတောင် ၈၀ နှင့် ၄ မိုက်ရှိခဲ့သည်ဟု

www.monlibrary.com



ဆိုပါသည်။ သမိန်ထော ဗညားရံမင်း၏ ညီတော် သမိန်ထော ဗပညားကောဒေမင်းသည် သထုံမင်းထံမှ ဆံတော် ၄ ဆူ ရရှိ၍ ရွှေဆံတော်ဘုရားအတွင်း ထပ်မံ ဌာပနာသွင်းခဲ့သည်။

အေဒီ ၁၄၉၂-၁၅၂၆ ခုနှစ်တွင် မွန်ဘုရင် ဗညားရံက ဟံသာဝတီထီးနန်းကို စိုးစံသည်။ ဗညားရံမင်းသည် တရုတ်ပြည် မင် မင်းဆက်နှင့် ခေတ်ပြိုင်ဖြစ်ပြီး တွံတေးဒေသသည် တရုတ်ပြည်နှင့် ကူးလူးဆက်ဆံမှု ရှိခဲ့သည်။ တရုတ်တို့သည် တရုတ်ပြည်တောင်ပိုင်းမှ အရှေ့တောင်အာရှသို့ ကူးသန်းကုန်သွယ်ရာမှ တနင်္သာရီ ကမ်းရိုးတန်းတလျှောက် စစ်တောင်းမြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသို့တိုင် ရောင်းဝယ်ဖောက်ကားကြသည်။ တွံတေးရှိ စေတီဟောင်းတစ်ဆူကို တူးဖော်သောအခါ ကျောက်သံပတ္တမြား၊ ဓာတ်တော်မွေတော်စသည့် ဌာပနာပစ္စည်းများထည့်သော ကြွေခွက်တို့သည် မင်းခေတ်တရုတ်လက်ရာများဖြစ်ကြောင်း တွေ့ရှိရသည်။

အထက်အဆိုပါ စေတီရှိ ဘုရားကုန်းကို အဆင့်ဆင့် တူးဖော်ခဲ့ရာ ဆဋ္ဌမအဆင့်တွင် မွန်ဘာသာနှင့် ရေးထိုးသော ကျောက်စာတစ်ချပ် တွေ့ရှိရသည်။ မွန်ကျောက်စာ၏ မြန်မာဘာသာပြန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

'သက္ကရာဇ် ၉၆၀ ခု၊ကဆုန်လဆုတ် ၄ ရက်၊ စနေနေ့၊ ညနေစောင်းအချိန်၌ သာသနာတော် ၂၀၄၂ ခုနှစ်အတွင်း ဤစေတီတော်

www.monlibrary.com

www.monlibrary.com



ကို မြတ်စွာဘုရား၏ ခြေတော်များဖြင့် သူတော်ကောင်းများက ဌာပနာကြသည်။

ဤကျောက်စာအရ ဌာပနာပစ္စည်းများတွင် တွေ့ရသော ကြွေထည်များမှာ မင်ခေတ်လက်ရာဖြစ်ကြောင်း ပို၍ ခိုင်လုံလာပါသည်။

ဤကျောက်စာနှင့်အတူ အုတ်ခွက်ဘုရားများ၊ ဆင်းတုတော်များ၊ ပထမံအင်းများကိုလည်း တွေ့ရှိရသည်။ ဆင်းတုတော်များမှာ များသောအားဖြင့် ဘူမိဖဿမုဒြာနှင့် ဈာနမုဒြာပုံများ ဖြစ်ပါသည်။ ထို့အပြင် လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင်ခန့်က အုတ်ခွက်ဘုရားများကိုလည်း တွေ့ရှိရသည်။

တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများအနက် မေတ္တေယျ ဘုရားလောင်း ဆင်းတုနှစ်ဆူလည်း ပါပါသည်။ မင်ခေတ်တရုတ်လက်ရာ ဖြစ်သည်။ ယင်းဆင်းတုနှစ်ဆူသည် မွန်ဒါယကာများနှင့် တရုတ် ဗုဒ္ဓဘာသာဒါယကာတို့ လှူဒါန်းဌာပနာထားသည် ဖြစ်နိုင်သကဲ့သို့ ဒေသခံ မွန်ဒါယကာများက မိမိတို့လက်ဝယ်ရှိသော မင်ခေတ်လက်ရာ ဆင်းတုတော်ကို လှူဒါန်းဌာပနာထားသည်လည်း ဖြစ်နိုင်သည်။

www.monlibrary.com

www.monlibrary.com



မည်သို့ပင်ဖြစ်စေ တရုတ်သမိုင်းအရလည်းကောင်း၊ မွန်မြန်မာသမိုင်းအရလည်းကောင်း တွဲတေးကို အေဒီ ၆ ရာစုမတိုင်ခင်က ကလသာပူရ အမည်ဖြင့် မွန်တို့ တည်ထောင်ခဲ့သည့် မြို့ပြနိုင်ငံတစ်ခု ဖြစ်သည်ဟု ယူဆရသည်။

www.monlibrary.com

www.monlibrary.com

# ဒွါရဝတီနိုင်ငံ

※

အလွန်ရှေးကျသောကာလကပင် ယခု ထိုင်းနိုင်ငံ မီက လောင်မြစ်အောက်ပိုင်းနှင့် မဲနန်မြစ်ဝှမ်းဒေသများတွင် မွန်တို့ အခြေချ နေထိုင်ခဲ့ကြသည်။ ယင်းဒေသကို တရုတ်တို့က တိုလိုပိုတီဟု ခေါ်ကြ သည်။ တိုလိုပိုတီသည် ဒွါရဝတီပင်ဖြစ်သည်။


ထန်မင်းဆက် သမိုင်းသစ်တွင် ပျူနိုင်၏ ပထဝီအပိုင်းအခြား ကို ပြဆိုရာ၌ ပျူနိုင်ငံသည် ယုန်ချန်၏ တောင်ဘက် လီပေါင်း (၂၀၀၀)၊ မိုင်ပေါင်း (၇၀၀) နီးပါးခန့်တွင် တည်ရှိသည်။ ထန်မင်းဆက်

www.monlibrary.com

www.monlibrary.com



ဇ၏ မြို့တော်နှင့် လီပေါင်း (၁၄၀၀၀)၊ မိုင်ပေါင်း (၄၇၀၀) ခန့် ကွာဝေးသည်။ အရှေ့ဘက်တွင် ကျဲန်လာ့ကုန်းမြင့်ရှိ၍ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံရှိသည်။ အနောက်တောင်ဘက်တွင် တော်လော်ပော်၊ တောင်ဘက်တွင် ပင်လယ်နှင့် မြောက်ဘက်တွင် နန်းစောရှိသည်။ အလျားလီပေါင်း ၃၀၀၀၊ မိုင်ပေါင်း ၁၀၀၀ နီးပါးခန့်ရှိ၍ အနံမှာ လီပေါင်း ၅၀၀၀၊ မိုင်ပေါင်း ၁၇၀၀ နီးပါးခန့် ရှိသည်ဟု ဆိုပါသည်။



ဂ ဒွါရာဝတီနိုင်ငံ ဂ

www.monlibrary.com

www.monlibrary.com



တော်လော်ဟော် (တိုလိုဟို) ဟူသော တရုတ်ဝေါဟာရသည် ဒွါရဝတီကိုအသံလှယ်ထားခြင်းဖြစ်သည်။ ထန်မင်းဆက်သမိုင်းဟောင်းတွင်မူ ဒွါရဝတီကို တော်လော်ပေါ်တီ(တိုလိုပိုတီ) ဟု ဖော်ပြခဲ့သည်။ တိုလိုဟို၊ တိုလိုပိုတီစသည့် ဝေါဟာရများသည် (Oriental Studies) ကို လေ့လာသည့် အစဉ်အလာအရ ယခုခေတ်တရုတ်ရုံးသုံး ဘာသာစကားအသံထွက်ဖြင့် ဖော်ပြထားခြင်းဖြစ်သည်။ ယင်းတို့၏ ရှေးဟောင်းအသံထွက်မှာ ဒွါရ ဒွါရဝတီနှင့် ခပ်ဆင်ဆင်ဖြစ်သည်။

အေဒီ ၉ ရာစုခန့်က ပျူနိုင်ငံအရှေ့ဘက် အိမ်နီးချင်းနိုင်ငံသည် (Chen La) (Chen Rap) ကျဲန်လာ့ (ဝါ) ခမာ (ဝါ) ကမ္ဘောဒီးယားဖြစ်သည်။ ကျဲန်လာ့ (ခမာ သို့မဟုတ် ကမ္ဘောဒီးယား)နှင့် ပျူနိုင်ငံကြားတွင် တိုလိုဟိုခေါ် ဒွါရ ဒွါရဝတီရှိသည်။ တစ်နည်းအားဖြင့် ပျူနိုင်ငံ၏ အရှေ့တောင်ဘက်တွင် ဒွါရဝတီရှိသည်။ ယင်း ဒွါရဝတီသည် သံတွဲဒေသရှိ ဒွါရဝတီမဟုတ်၊ မဲနန်မြစ်ဝှမ်း အကြေပိုင်းရှိ မွန်တို့၏ ဒွါရဝတီကိုသာ ဆိုလိုသည်။ ခေတ်ပြိုင် တရုတ်မှတ်တမ်းများကလည်း ဒွါရဝတီသည် ပျူနိုင်ငံ၏ အရှေ့တောင်ဘက် မဲနန်မြစ်ဝှမ်း အကြေပိုင်းရှိ ဒွါရဝတီကိုသာ ရည်ညွှန်းရေးသားခဲ့ခြင်းဖြစ်ပါသည်။ အမှန်မှာ ဒွါရဝတီသည် သက္ကတဘာသာအားဖြင့် မွန်နိုင်ငံကို ခေါ်ဆိုခြင်းဖြစ်သည်။

www.monlibrary.com

www.monlibrary.com



အေဒီ (၆) ရာစုမှ (၁၀) ရာစုအထိ ဒွါရဝတီသည် မဲခေါင်မြစ်ဝှမ်းဒေသတွင် လွတ်လပ်၍ ချမ်းသာကြွယ်ဝသော နိုင်ငံတစ်ခုအဖြစ် တည်ရှိနေခဲ့သည်။ သို့သော် သမိုင်းတွင် ပေါ်ပေါ်လွင်လွင်ထင်ထင်ရှားရှား မရှိ တိမ်မြုပ်နေခဲ့သည်။ တရုတ်နှင့် အိန္ဒိယမှတ်တမ်းများကသာ ကျိုးတိုးကျဲတဲဖော်ပြခဲ့ကြသည်။ ထို့ကြောင့် အင်ဒိုချိုင်းနားဒေသတွင် ခမာများထက် အရင်ကြီးစိုးခဲ့သော လူမျိုးများမှာမည်သည့်လူမျိုးများ ဖြစ်သည်ကို တိတိကျကျ မပြောနိုင်ခဲ့။ သို့သော်နောက်ပိုင်းတွင် တွေ့ရှိရသော ယဉ်ကျေးမှု အနုပညာလက်ရာများနှင့်ကျောက်စာ အထောက်အထားများအရ ဒွါရဝတီတွင် နေထိုင်ခဲ့သည့်လူမျိုးများကို ဖော်ထုတ်နိုင်ခဲ့သည်။

၁၉၂၀ နောက်ပိုင်းတွင် ထုတ်ဝေခဲ့သည့် စာအုပ်စာတမ်းများနှင့် အရှေ့တောင်အာရှ သုတေသနလုပ်ငန်းများ၌ ဒွါရဝတီယဉ်ကျေးမှု အနုပညာလက်ရာအကြောင်း ရေးသားပြောဆိုလာကြသည်။ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အမျိုးသားပြတိုက်နှင့် ပြင်သစ်နိုင်ငံ Cernshi ပြတိုက်တို့တွင် ဒွါရဝတီလက်ရာ ဗုဒ္ဓဆင်းတုတော်နှင့် ပန်းပုရုပ်များကို အမြတ်တနိုး ခင်းကျင်းပြသခဲ့ကြသည်။ ဤသို့ ဒွါရဝတီလက်ရာကို တန်ဖိုးထား၍ ဒွါရဝတီအကြောင်း ရေးသားပြောဆိုလာကြသည်မှာ နှစ်ပေါင်း ၈၀ ပင် မပြည့်တတ်သေးပေ။ ၁၉၆၃ ခုနှစ်အထိ အေဒီ ၇ ရာစု တရုတ်မှတ်တမ်းလာ မြန်မာနှင့် ကမ္ဘောဒီးယားကြားတွင်တည်ရှိသော ဒွါရဝတီနိုင်ငံသည် သမိုင်းသုတေသီများ၏ ထင်မြင်ချက် ကြံဆချက် အိပ်မက်ထဲ ဘွင်သာ ရှိနေခဲ့သည်။

www.monlibrary.com

www.monlibrary.com



၁၈၈၄ ခုနှစ်တွင် Samuel Beal ဆမ်မျူရယ်ဘီလ်ဆိုသူက Buddhish Record Of Western World စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် တရုတ်နှင့် အိန္ဒိယမှတ်တမ်းလာ ဒွါရဝတီအကြောင်းကို ပြန်လည်ဖော်ထုတ်ချထားသည်။ ဒွါရဝတီသည် ယခု ထိုင်းနိုင်ငံတွင် တည်ရှိကြောင်းကိုလည်း ဖော်ပြခဲ့သည်။ မြန်မာ့သမိုင်းကို ပြုစုခဲ့သူ ဆာအာသာဖယ်ယာကလည်း ဒွါရဝတီ၏ တည်နေရာနှင့် ပတ်သက်၍ ဆမ်မျူရယ်ဘီလ်နှင့် သဘောထားခြင်း တိုက်ဆိုင်ကြောင်း တွေ့ရှိရသည်။ သို့သော် စိန့်ဂျွန် (St. John) ဆိုသူ ပညာရှင်တစ်ဦးကမူ ဒွါရဝတီသည် ရခိုင်ဒေသရှိ သံတွဲမြို့၏ ရှေးအမည်တစ်ခုသာ ဖြစ်သည်ဟု (၁၈၇၂) ခုနှစ်ကပင် ထုတ်ဖော် ရေးသားခဲ့သည်။

အီဒေါ်ချားဗန်းနီးစ် (Edouard Chavanes) ဘာသာပြန်ဆိုသော (Memerie of Yi Tsing on eminent monks) စာအုပ်နှင့် ဂျပန်ပညာရှင် ဂျေတကာကုဆု (J. Takakusu) ဘာသာပြန်၍ ၁၉၈၆ ခုနှစ်က ထုတ်ဝေခဲ့သည့် (The Acount of the Voyage of the Pilgrim Yi Tsing) စာအုပ်တို့တွင်လည်းကောင်း၊ ၁၉၀၄ ခုနှစ်က ရေးသားထုတ်ဝေခဲ့သည့် ပေါလ်ပယ်လီယွတ် (Paul Pelliot) ၏ (Deaux itineraires dechine en Inde a, La Fin du VIII Silcle) စာအုပ်တွင် ဒွါရဝတီနိုင်ငံသည် ယခု ထိုင်းနိုင်ငံတွင် တည်ရှိကြောင်း တညီတညွတ်တည်း ဖော်ပြခဲ့ကြသည်။

www.monlibrary.com

www.monlibrary.com



၁၉၀၉ ခုနှစ်တွင် (Commander Cunet de Lajon-quierem) သည် (Bulletin of the Archeal Commission of Siam) စာစောင်ကို ရေးသားထုတ်ဝေခဲ့သည်။ ယင်းစာစောင်တွင် ဒွါရဝတီနှင့် ပတ်သက်သည့် ၎င်း၏ သုတေသနမစ်ရှင်အဖွဲ့ တွေ့ရှိချက်များကို လေ့လာတင်ပြထားသည်။ ထို့အပြင် လော့ပုရီ၊ ပရပထုံ၊ နခုံပထုံ၊ ဆုပန်၊ အုတ်ပူရီဒေသများတွင် ကြွင်းကျန်တည်ရှိနေသည့် ယဉ်ကျေးမှုလက်ရာများကို အုပ်စုခွဲ၍ မှတ်တမ်းတင်ခဲ့သည်။ ထိုသို့ အုပ်စုခွဲလိုက်သောအခါ ဒွါရဝတီယဉ်ကျေးမှုလက်ရာများကို (Non-Cambodian Hindy Group) အဖြစ် သတ်မှတ်ခဲ့သည်။ (Non-Cambogian Hindu Group) ကို တစ်နည်းအားဖြင့် ခမာအုပ်စု (Khmer Group) ဟု ခေါ်ပါသည်။

သူ၏ လေ့လာတွေ့ရှိချက်အရ ဒွါရဝတီသည် တရုတ်မှတ်တမ်းတွင် ဖော်ပြခဲ့သော To-Lo-Po-Ti (ဝါ) Tehoun-Lo-Po-Ti ပင် ဖြစ်သကဲ့သို့ ထိုဒေသတွင် နေထိုင်သည့် လူများသည် လွတ်လပ်၍ မွန်ခမာဘာသာစကားကို ပြောဆိုကြသော မျိုးနွယ်စုဖြစ်ကြောင်း၊ ထိုဒေသကို ခမာများ မစိုးမိုးမီ ဟိန္ဒူများ လွှမ်းမိုးခဲ့ကြောင်း ရေးသားခဲ့သည်။

ထို့နောက် (၁၀) နှစ်ခန့် ကြာသောအခါ ဒွါရဝတီနိုင်ငံမှ လူမျိုးများသည် မွန်လူမျိုးများဖြစ်သည်ဟူသော (Paul Pelliot) နှင့်

www.monlibrary.com

www.monlibrary.com



L.De Lajonquier တို့၏ အဆိုကို ထောက်ခံသော လော့ပုရီကျောက်စာကို တွေ့ရှိခဲ့သည်။ ယင်းကျောက်စာကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၏မြောက်ဘက် (၈) မိုင်ခန့် ဝေးသော လော့ပုရီတွင် တွေ့ရှိရသည်။ ကျောက်စာတိုင်မှာ (၈) မြောင့်ရှိ၍ ရှစ်မျက်နှာစလုံးတွင် ကမ္ပည်းရေးထိုးထားသည်။

အမှန်စင်စစ် ထိုကျောက်စာကို (၁၉၁၉) ခုနှစ် မတိုင်မီကပင် တွေ့ရှိထားခဲ့သည်။ သို့သော် ရေးထိုးထားသည့်စာမှာ သသ်ကရိုက်ဘာသာလော၊ ထိုင်းဘာသာလော၊ ခမာဘာသာလော မခွဲခြားနိုင်သဖြင့် အမည်မသိကျောက်စာအဖြစ်သာ ဘန်ကောက် အမျိုးသားပြတိုက်တွင် သိမ်းဆည်းထားခဲ့သည်။ မွန်ဘာသာဖြစ်သည်ကိုကား မည်သူမျှ ထည့်မတွက်ကြ။ (၁၉၁၉) ခုနှစ်ရောက်မှသာ ထိုင်းကျောက်စာဝန် ဂျော့စီးဒိုးစ်သည် မြန်မာပြည်ကျောက်စာဝန် မစ္စတာဒူရိုင်ဆယ်နှင့် ညှိနှိုင်းတိုင်ပင်လေ့လာရာမှ ထိုကျောက်စာသည် ခေအဒီ (၈) ရာစုခန့်က ရေးထိုးခဲ့သော မွန်ကျောက်စာဖြစ်ကြောင်း သိရှိရသည်။

ထိုလော့ပုရီကျောက်စာကို တွေ့ရှိပြီးနောက် များမကြာမီ ဘန်ကောက်မှ (၃၈) မိုင်ဝေးသော ပရပထုံမြို့ရှိ ပရပထုံဘုရားကြီးအနီးတွင် မွန်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာအပိုင်းကျိုးနှစ်ပိုင်းကို ထပ်မံတွေ့ရှိခဲ့သည်။ ထိုကျောက်စာသည် လော့ပုရီ

www.monlibrary.com

www.monlibrary.com



ကျောက်စာထက် နှစ် (၁၀၀) ခန့်စော၍ အေဒီ (၇) ရာစုခန့်က ကျောက်စာများ ဖြစ်သည်ဟု ခန့်မှန်းကြသည်။

၁၉၂၈ ခုနှစ်တွင် ဂျော့စီးဒီးစ်သည် ဘန်ကောက် အမျိုးသားပြတိုက်ရှိ ဒွါရဝတီလက်ရာ ရှေးဟောင်းပစ္စည်း အတော်များများကို သုတေသနလုပ်၍ လေ့လာခဲ့သည်။ ယင်းတို့အနက် ရှေးဦး ခမာပုံစံ ဗုဒ္ဓဆင်းတုတော်တစ်ဆူ ပါဝင်သည်။ ထိုဆင်းတုတော်ကို ထိုင်းနိုင်ငံ အနောက်မြောက်ပိုင်း မြစ်ဝှမ်းဒေသမှ ရရှိပြီး ၇ ရာစုထက် နောက်မကျသော လက်ရာဖြစ်ပါသည်။ ကျန်ပစ္စည်းများမှာ မွန်လက်ရာ ဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။ အထက်ဖော်ပြပါ ပရပထုံ၊ လော့ပုရီကျောက်စာတို့သည် ဂျော့စီဒီးစ်၏ အယူအဆကို ထောက်ခံသော အချင်းအရာများ ဖြစ်သည်။

ဒွါရဝတီနှင့် ပတ်သက်၍ ဂျော့စီးဒီးစ်က Jss စာစောင် အတွဲ (၂၁) ၌ Excavation in Pong Tuk ဆောင်းပါးကိုလည်းကောင်း၊ နောက်တစ်နှစ်တွင် Recueil des in scription du siam ဆောင်းပါးကိုလည်းကောင်း၊ ရေးသားခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ပရပထုံတွင် တွေ့ရှိရသော ရှေးအကျဆုံး မွန်ကျောက်စာနှင့် ပတ်သက်၍ ထင်ရှားသော စာတမ်းတစ်စောင် ရေးသားခဲ့သည်။ ယင်းစာတမ်း၌ ဒွါရဝတီတွင် နေထိုင်သည့် လူမျိုးများမှာ မွန်လူမျိုးဖြစ်ကြောင်း အတိအလင်း ထုတ်ဖော်ခဲ့သည်။

www.monlibrary.com

www.monlibrary.com



၁၉၆၁ ခုနှစ်တွင် ထိုင်း ရှေးဟောင်းသုတေသန ဦးစီးဌာနက မလေး၊ ပင်နီဆူလာ၏ မြောက်ဘက်အစွန်ရှိ ရတ်ပုရီ၏ တောင်ဘက် ၁၈ မိုင်ခန့်ဝေးသော ကူဘွာဒေသကို တူးဖော်သောအခါ ၈၀၀× ၂၀၀ မီတာရှိ အုတ်နံရံကို တွေ့ရှိရသည်။ ၎င်းကို ဆက်လက်တူးဖော်သော အခါ စေတီ နှစ်ဆူ၏ အုတ်မြစ်၊ ပလာစတာနှင့် ရွှံ့ဖြင့်ပြုလုပ်ထား သော ဗုဒ္ဓဆင်းတုတော် အမြောက်အမြား တွေ့ရှိရသည်။ ထိုဆင်းတု တော်များသည် မစ္စတာဒူပွန်ပန်တုတ်ကို တူးဖော်ခဲ့စဉ်က တွေ့ရှိရ သော ဆင်းတုတော်များနှင့် လက်ရာမကွာလှ။ ယဉ်ကျေးမှု လက်ရာ ချင်း ဆက်နွယ်နေသည့်သဘောရှိသည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့ သည် ဒွါရဝတီမွန်တို့၏ လက်ရာဖြစ်သည်ကိုကား ပညာရှင်များ ယုံမှား သံသယမရှိခဲ့ချေ။

ပန်တုတ်သည် ကန်ပူရီသို့သွားရာ လမ်းပေါ်ရှိ Ban Pong မီးရထားဘူတာရုံနှင့် (၁၀) မိုင်ခန့်တွင် တည်ရှိသည်။ ပန်တုတ်ကို တူးဖော်စဉ်က အလျား ၈၀ ပေ × အနံ ၄၇ ပေရှိ စေတီပျက်တစ်ခု ၏ အုတ်မြစ်ကို တွေ့ရှိရသည်။ ယင်းအုတ်မြစ်တွင် ရိုးရိုးအုတ်ကို အသုံးပြုထားသော်လည်း အများဆုံးမှာ ဝဲကျောက်အုတ်များ ဖြစ် သည်ကို တွေ့ရှိရသည်။ တွေ့ရှိရသော ကျောက်များနှင့် အင်တေ လက်ရာများမှာ ပရပထုံတွင် တွေ့ရသည့်လက်ရာများနှင့် အတူတူပင် ဖြစ်သည်။ ပန်တုတ်ကို ပထမဦးဆုံး တူးဖော်သည့် ပုဂ္ဂိုလ်မှာ အီတလီ ဗိသုကာပညာရှင် (Ercole Manfredi) ဖြစ်သည်။ ရှေးဟောင်း

www.monlibrary.com

www.monlibrary.com



ပစ္စည်းများအနက် ရောမကြေးဆီမီးခွက်ကို တွေ့ရှိခြင်းသည် ထူးခြားသော တွေ့ရှိချက်တစ်ခုဖြစ်သည်။ ယင်းကြေးဆီမီးခွက်သည် ငှက်ရုပ်ပုံစံရှိ၍ အမြီးမှာ ထန်းလက်ကဲ့သို့ ပြန့်ကားနေသည်။ ထို့ပြင် ပန်တုတ်တွင် အမရာဝတီခေတ် ကြေးဆင်းတုတစ်ဆူကို လည်း တွေ့ရှိရသည်။

ပန်ကုတ်တွင် ရောမကြေးဆီမီးခွက် တွေ့ရှိရသကဲ့သို့ ဥထောင် (U Tong) ဒေသတွင်လည်း ရောမ ဒင်္ဂါးများကို တွေ့ရှိရသည်။ ထို့ကြောင့် ထိုစဉ် ဒွါရာဝတီသည် အနောက်ဥရောပနိုင်ငံများနှင့်လည်း ကူးလူးဆက်ဆံမှုရှိကြောင်း သိရှိရသည်။ ပညာရှင်များက ဥထောင်ဒေသကို ဖူနန်နိုင်ငံအဖြစ် ရပ်တည်ခဲ့ရသည့်ကာလကပင် ဗုဒ္ဓဝါဒဖြန့်ဖြူးရာ ဗဟိုအချက်အချာဟု မှတ်ယူလိုကြသည်။ ဥထောင်မြို့ရိုးသည် ဘဲဥပုံစံ ဝိုင်းဝန်းသော ပုံစံရှိပြီး တောင်မြောက် (၁၈၅၀) ကိုက်ရှည်၍ အနံမှာ (၉၂၀) ကိုက်ခန့် ကျယ်ဝန်းသည်။ သသ်ကရိုက်ဘာသာဖြင့် ရေးထိုးထားသော ကြေးနီပြားများကို ဥထောင်တွင် တွေ့ရှိရသည်။ ကြေးနီပြားတစ်ချပ်တွင် စာ ၆-ကြောင်းပါရှိ၍ အရွယ်အစားမှာ ၁၈ လက်မ × ၁၂ လက်မရှိသည်။ ဥထောင်သည် ဒွါရဝတီ၏ ပထမ မြို့တော်ဖြစ်မည်ဟု ခန့်မှန်းရသည်။

၁၉၆၃ ခုနှစ်တွင် ထိုင်းရှေးဟောင်းသုတေသန ဌာန ညွှန်ကြားရေးမှူး မစ္စတာ ဂျေနိုလီ (Mr. J. Noeles) သည် ဘန်ကောက်ပြတိုက်တွင် သိမ်းဆည်းထားသော ဒင်္ဂါး ၂ ပြားကို ဓာတ်ပုံရိုက်ပြီး


www.monlibrary.com

www.monlibrary.com



ဂျော့စီဒီးထံ ပေးပို့ခဲ့သည်။ ထိုဒင်္ဂါးသည် ၁၉၄၃ ခုနှစ်ကပင် ရရှိခဲ့သော်လည်း မည်မျှအရေးကြီးသည်ကို မည်သူမျှ ထည့်မစဉ်းစားခဲ့။ ပြတိုက် တွင် သည်အတိုင်းသာ ထားခဲ့သည်။

ထိုဒင်္ဂါး ၂ ပြားကို ဝပ်ပရပထုံ (Wat Pra Pathom) အနောက်ဘက် တစ်ကီလိုမီတာအကွာတွင် တည်ရှိသော Non Hin



ဂ ဒွါရာဝတီကို မွန်နိုင်ငံအဖြစ် သက်သေထူခဲ့သည့် ဂ
နွားလားဥသဘဒင်္ဂါး

www.monlibrary.com

www.monlibrary.com



ကျေးရွာရှိ စေတီပျက်မှ ရရှိခဲ့သည့် ခရားငယ်တစ်ခုတွင် တွေ့ရှိရသည်။ ဒင်္ဂါး၏ အရွယ်အစားမှာ အချင်း ၀. ၂ မီလီမီတာရှိသည်။ ဤ ဒင်္ဂါးပြား ၂ ပြားကို အခြား မျိုးတူဒင်္ဂါးများနှင့်သော်လည်းကောင်း၊ မျိုးမတူ ဒင်္ဂါးများနှင့်သော်လည်းကောင်း ရောနှော တွေ့ရှိရသည်။ အချို့ဒင်္ဂါးများသည် ခရုသင်းပုံဖြစ်၍ ပင်နီဆူလာနှင့် မြန်မာပြည်တောင်ပိုင်းမှ ကိုချင်ချိုင်းနားအထိ တွေ့ရှိရသော ဒင်္ဂါးမျိုးဖြစ်သည်။

တွေ့ရှိရသော ဒင်္ဂါးပြား (၂) ပြားအနက် တစ်ပြားသည် မျက်နှာဘက်တွင် နွားမက နွားသားလေးကို နို့ချိုတိုက်ကြွေးနေပုံနှင့် ပန်းအိုးမှ နွယ်ပန်းများ ထိုးထွက်နေပုံများ ပါရှိသည်။ အခြားတစ်ဘက်တွင် အေဒီ ၇ ရာစုနှောင်းပိုင်း သို့တည်းမဟုတ် အေဒီ ၈ ရာစုအစဦးပိုင်း မွန်အက္ခရာ အရေးအသားဖြင့် ၡရီဒွါရဝတီက ဝါသပုညဟူသော ကမ္ပည်းစာ ပါရှိသည်။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဒွါရဝတီပြည့်ရှင်၏ အလှူဒါနဟု အဓိပ္ပာယ်ရသည်။

တစ်ခါက တရုတ်မှတ်တမ်းများတွင်သာ ကျိုးတိုးကျဲတဲ ဖော်ပြခဲ့သော ဒွါရဝတီသမိုင်းတွင် ပီပီပြင်ပြင်မရှိဘဲ မှုံဝါးဝါးနေခဲ့သော ဒွါရဝတီခေတ်အဆက်ဆက် ပညာရှင်များ၏ စိတ်ကူးယဉ်အိပ်မက်တွင် တည်ရှိနေခဲ့သော ဒွါရဝတီသည် အမှန်တကယ် မွန်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း အထက်ပါ ဒင်္ဂါး (၂) ပြားက အခိုင်အမာ သက်သေခံခဲ့သည်။

www.monlibrary.com

www.monlibrary.com



ထိုစဉ်က စစ်တောင်းနှင့် ဧရာဝတီမြစ်ဝှမ်း မွန်များနှင့် ဒွါရဝတီမွန်တို့ အဆက်အဆံရှိခဲ့သည်။ သုဝဏ္ဏဘူမိမှ ယဉ်ကျေးမှုကို ဒွါရဝတီသို့ ဖြန့်ဖြူးခဲ့သည်။ ထိုသို့ ဖြန့်ဖြူးရာတွင် ဘုရားသုံးဆူတောင်ကြားလမ်းကို မိကလောင်မြစ်အထက်ပိုင်းမှ ဖြတ်၍ အတ္တရံမြစ်အတိုင်း စုန်ဆင်းကာ မုတ္တမသို့ ရောက်သောလမ်း၊ ဘုရားသုံးဆူကိုကျော်၍ မူအန်နှင့် ထားဝယ်ကြားတွင် ဖြတ်သန်းသွားသောလမ်း၊ ယင်းလမ်းခရီးများအနက် တစ်လမ်းသည် ဟန်ခေတ်က မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သော အဖွဲ့ဝင် (၁၆၆) ဦး ပါဝင်သည့် ရောမသံအဖွဲ့နှင့် ဂရိဂီတအဖွဲ့တို့ ဖြတ်သန်းသွားခဲ့သည်ဟု ယူဆရသည်။

အထက်ပါအတိုင်း မြန်မာနိုင်ငံမှ မွန်များနှင့် ဒွါရဝတီမှ မွန်များ အချင်းချင်း ဆက်ဆံမှုရှိသော်လည်း မွန်တို့ အင်အနားနည်းနေသေးသဖြင့် ဒွါရဝတီဒေသကို ကောင်းမွန်စွာ မလွှမ်းမိုးနိုင်ခဲ့ပေ။ သည့်ကြောင့် ယင်းဒေသများသည် ဖူနန်အင်ပါယာ၏ လက်အောက်ခံအဖြစ်သာ နေခဲ့ရသည်။ ဖူနန်သည် အေဒီ ၂၀၀ မှ ၅၅၀ အထိ တန်ခိုးအင်အားကြီးမားခဲ့သည်။ သို့သော် ၆ ရာစုရောက်သောအခါ ဖူနန်နိုင်ငံအင်အား ကျဆင်းလာသည်။ သည့်ကြောင့် မူလကပင် မိကလောင်မြစ်ကြောင်းတလျှောက် နယ်မြေများနှင့် မဲနမ်မြစ်ဝှမ်းတလျှောက် နယ်မြေများကို သိမ်းပိုက်ထားနိုင်ခဲ့သော မွန်တို့သည် အခွင့်သင့်သည်နှင့် ဒွါရဝတီနိုင်ငံကို တည်ထောင်ခဲ့သည်။

www.monlibrary.com

www.monlibrary.com



တစ်ဘက်ရှိ ခမာနိုင်ငံကလည်း ဖူနန်အင်ပါယာနှင့် အချင်းများနေသဖြင့် မွန်တို့ ဒွါရဝတီနိုင်ငံ တည်ထောင်သည့်အရေးကိစ္စတွင် ဝင်ရောက်မစွက်ဖက်နိုင်ခဲ့ချေ။ ထို့ကြောင့် မွန်တို့ ဒွါရဝတီအင်အား တောင့်တင်းအောင် အခက်အခဲမရှိ အလွယ်တကူ ပြုလုပ်နိုင်ခဲ့သည်။ ၆ ရာစုနှောင်းပိုင်းကာလများတွင် ဒွါရဝတီသည် ထင်ရှားလာပြီး ၇ ရာစုအတွင်း တရုတ်နိုင်ငံသို့ သံအဖွဲ့များ မကြာခဏ စေလွှတ်ခဲ့သည်။

ခမာဘုရင် ဖန်ရှီမင် (Fan Shih Man) လက်ထက်တွင် မီကလောင်မြစ်ဝှမ်းအောက်ပိုင်းရှိ ပန်တုတ်နှင့် ပရပထုံကို တိုက်ခိုက်ခဲ့သည်။ ၈ ရာစုတွင် ဒွါရဝတီကို ခမာနိုင်ငံကတစ်ဘက်၊ မြောက်ပိုင်းရှိ ထိုင်းများက တစ်ဘက် နယ်ပယ်ချဲ့ထွင်လာကြသည်။ ထို့ကြောင့် ၈ ရာစုနောက်ပိုင်းတွင် ဒွါရဝတီ၏ အင်အားသည် တဖြည်းဖြည်း ကျဆင်းလာသည်။ သို့သော် ဒွါရဝတီကား (၁၀) ရာစုအထိ လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ (၁၁) ရာစုနှင့် (၁၃) ရာစု ကာလများတွင် မွန်တို့သည် ဒွါရဝတီကို လောပုရီတွင်တလည်း၊ မြောက်ပိုင်း ဟရိဘုဥ္စတွင် တလည်း အလျင်းသင့်သလို အုပ်ချုပ်ခဲ့သည်။

၁၁ ရာစု နောက်ပိုင်းတွင် မွန်နိုင်ငံသည် မြောက်ပိုင်းမြို့တော်ဖြစ်သော လင်ဖွန်းတွင် ဆက်လက် ထွန်းကားလာပြန်သည်။ ယင်းနိုင်ငံကို ဟရိဘုဥ္စဟု ခေါ်သည်။ လင်ဖွန်းမြို့သည် ဇင်းမယ်၏ အရှေ့တောင်ဘက် (၁၇) မိုင်ဝေးသော မီကွန်မြစ်ပေါ်တွင် တည်ရှိသည်။

www.monlibrary.com

www.monlibrary.com



ထိုမြို့ကို မွန်ဘုရင် စမ္မဒေဝီက တည်ထောင်ခဲ့သည်။ စမ္မဒေဝီသည် လော့ပုရီမှ ၇ ရာစုအလယ်လောက်တွင် လင်ဖွန်းသို့ နောက်လိုက် ဗိုလ်ပါ ရဟန်းပညာရှိများနှင့် ရောက်ရှိလာသည်။

ဂျော့စ်းဒီးက စမ္မဒေဝီသည် မွန်ဘုရင်မဖြစ်၍ လင်ဖွန်းသို့ ရောက်ရှိလာသော ယဉ်ကျေးမှုများသည် မွန်မှုဖြစ်သည်ဟု အခိုင် အမာ ဖော်ပြခဲ့သည်။ ဟသ်ာရုပ်များကို ဘုန်းတော်ကြီးကျောင်းများ ရှိ အလံတိုင်ထိပ်တွင် အမြတ်တနိုး ချိတ်ဆွဲသော ဓလေ့သည် ယနေ့ တိုင် လင်ဖွန်းလင်ပိုင်နှင့် ပရိပရပ်ဒေသများတွင် တွေ့ရှိရသည်။

ဇောဓိရာမ်သီဟု ဘွဲ့တော်ရှိသော ရဟန်းတစ်ပါးပြုစုသည့် စမ္မဒေဝီဝံသခေါ် စမ္မဒေဝီဘုရင်မသမိုင်းတွင် စမ္မဒေဝီသည် လော့ပုရီ ဘုရင်၏ သမီးတော်ဖြစ်၍ ရာမညနရဘုရင်(ရာမညတိုင်း မွန်ဘုရင်) နှင့် လက်ဆက်ခဲ့သည်။ သို့သော် မိမိခင်ပွန်းကို စွန့်ခွာ၍ အေဒီ ၆၃၃ တွင် ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ နိုင်ငံများသို့ သာသနာပြုခေါင်းဆောင် အဖြစ် သွားရောက်ခဲ့သည်။ ထိုသို့သွားစဉ်က ပဋိသန္ဓေပါလာသဖြင့် လင်ဖွန်းမြို့တွင် အမြွှာပူး သားတော်နှစ်ပါး ဖွားမြင်သည်။ ယင်းနှစ်ပါး အနက် တစ်ပါးသည် လင်ဖွန်းဘုရင်ဖြစ်လာပြီး ကျန်တစ်ပါးမှာ လင်ပိုင် (Lampang) မြို့သစ်တွင် ဘုရင်ဖြစ်လာသည်။

စမ္မဒေဝီသည် လင်ဖွန်းတွင် ဘုရားကျောင်း (၅) ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ၎င်းတည်ထားကိုးကွယ်ခဲ့သော ဘုရား

www.monlibrary.com

www.monlibrary.com



တစ်ဆူတွင် မွန်ကျောက်စာကို တွေ့ရှိရသည်။ စမ္မဒေဝီသည် လံဗင်ဂနပူရီမြို့သစ်ကိုလည်း တည်ထောင်ခဲ့သည်။ ထိုမြို့တွင် စမ္မဒေဝီ၏ အထိမ်းအမှတ် ရေတွင်းကြီးတစ်တွင်းရှိသည်။

အေဒီ ၁၁၄၅ တွင် ခမာဘုရင် ဒုတိယမြောက် သူရိယဝါမင်သည် ချန်ပါကို တိုက်ခိုက်သိမ်းသွင်းခဲ့သည်။ သည့်ကြောင့် ချန်ပါနိုင်ငံသည် ၁၁၄၉ အထိ ခမာလက်အောက်ကျရောက်ခဲ့သည်။ ထို့အပြင် ခမာတို့သည် အရှေ့မြောက်ဘက်ရှိ ဟာရိဗုဥ္စမွန်နိုင်ငံကိုလည်း သိမ်းသွင်းခဲ့ဟန်ရှိသည်။ သို့သော် ယင်း နယ်မြေများကို ကြာရှည်စွာ မသိမ်းပိုက်ထားနိုင်ချေ။ တရုတ်တို့ကလိုဟူ (Lo Hu) ဟုခေါ်သော လော့ပုရီသည် (၁၁၁၅) တွင် ဒုတိယမြောက် သူရိယဝါမင်၏ သြဇာခံဖြစ်နေသည့်ကြားက မိမိတို့ဖာသာ သံအဖွဲ့တစ်ဖွဲ့ကို တရုတ်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ ထိုသို့ စေလွှတ်ခဲ့ခြင်းသည် သူရိယဝါမင် သိမ်းသွင်းပြီးနောက် ၂ နှစ်အတွင်းဖြစ်သည်။

၁၂၈၇ ခုနှစ်တွင် မွန်ဂိုဘုရင် ကူဗလိုင်ခန်သည် ပုဂံကို တိုက်ခိုက်ခဲ့သည်။ ကူဗလိုင်ခန်အပါအဝင် မွန်ဂိုဧကရာဇ်များသည် မိမိတို့အနီးအနား ပတ်ဝန်းကျင်များတွင် အင်အားကြီးနိုင်ငံ ပေါ်ထွန်းလာမည်ကို မလိုလားပေ။ အင်အားနည်း၍ မိမိတို့ သြဇာခံနိုင်ငံငယ်များကိုသာ လိုလားသည်။ သည့်ကြောင့် ကူဗလိုင်ခန်သည် နန့်ချို့နှင့် ပုဂံနိုင်ငံများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

www.monlibrary.com

www.monlibrary.com



သို့သော် ယင်းနိုင်ငံများ ပြိုကွဲပျက်စီးသည်နှင့် မဲနန်မြစ်ဝှမ်း အထက်ပိုင်းရှိ ဇင်းရဲနိုင်ငံကို အုပ်စိုးသည့် ဘုရင်သည် (၁၂၉၀-၉၂) ခုနှစ်များတွင် ဟာရိဗုဥ္စမွန်နိုင်ငံကို တိုက်ခိုက်ပြီး ဇင်းမယ်နိုင်ငံကို တည်ထောင်သည်။ စုကိုထိုင်းနိုင်ငံကို အုပ်စိုးလျက်ရှိသော ရာမခမ်ဟင်းသည်လည်း မဲနမ်မြစ်ဝှမ်းဒေသရှိ မွန်တို့ကိုလက်အောက်ခံအဖြစ် သိမ်းသွင်းခဲ့သည်။

စုကိုထိုင်းနိုင်ငံအင်အား ဆုတ်ယုတ်လာသောအခါ ထိုင်းမင်းသားတစ်ပါးသည် နိုင်ငံသစ်တစ်ခုကို ထူထောင်လိုက်ပြန်သည်။ ထိုမင်းသားသည် ဥထောင်နိုင်ငံမှ မွန်ဘုရင်၏ သမီးတော်ကို လက်ထပ် ထိမ်းမြားခဲ့သည်။ ထိုမွန်ဘုရင် နတ်ရွာစံသောအခါ မွန်နိုင်ငံတစ်ခုဖြစ်သော လာဗို (လော့ပူရီ) ၏ လက်အောက်ခံ နယ်ပယ်အများအပြားကို လက်အောက်ခံအဖြစ် သိမ်းသွင်းခဲ့သည်။ ထိုသို့နယ်ပယ်ချဲ့ထွင်နေစဉ် နေပြည်တော်တွင် ဝမ်းရောဂါကျရောက်သဖြင့် မြို့တော်သစ်ကို လက်ရှိမြို့တော်၏ တောင်ဘက်တွင် တည်ထောင်ခဲ့သည်။ ယင်းမြို့တော်သစ်ကို ဒွါရဝတီ အယုဒ္ဓယဟု ခေါ်သည်။

www.monlibrary.com

www.monlibrary.com

www.monlibrary.com

## ကျိုက္ကသာမြို့ရိုး၊ ကျိုက္ကသာဒဂုံးနှင့် ကျိုက္ကသာအုတ်ချပ်များ

*

ကျိုက္ကသာမြို့ဟောင်းသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာတွင် တည်ရှိသည်။ ကျိုက္ကသာရွာသည် ကျိုက်ထိုမြို့၏ အနောက်မြောက်ယွန်းယွန်း (၈) မိုင်ခန့်အကွာတွင် တည်ရှိသည်။ လတ္တီကျူ လောင်ဂျီကျူအားဖြင့် မြောက်လတ္တီကျူ ၁၇ ဒီဂရီ ၂၁ မိနစ် ၃၀ စက္ကန့်နှင့် အရှေ့လောင်ဂျီကျူ ၉၆ ဒီဂရီ ၅၅ မိနစ်ခန့်တွင် တည်ရှိသည်။

www.monlibrary.com

www.monlibrary.com



ကိုကြ္ကသာမြို့ဟောင်းနှင့် ပတ်သက်၍ သမိုင်း အချက်အလက် မှတ်တမ်းမှတ်ရာများ ပြည့်ပြည့်စုံစုံ ဖော်ပြထားခြင်းမရှိ၊ မှုန်တိမှုန်မွှား အနည်းအကျဉ်းသာ တွေ့ရှိရသည်။ ရွှေမော်ဓော သမိုင်းတွင် ဟံသာဝတီထီးနန်းကို ဝိမလမင်း ဆက်ခံသောအခါ တူတော်အသားကုမ္မာကို နယ်စွန်နယ်ဖျားတွင် စွန့်ပစ်စေသည်။ ထိုစဉ်က ဟံသာဝတီနှင့် သုဝဏ္ဏဘူမိ နယ်စပ်နှစ်ခုအကြားတွင် မွန်ဘာသာဖြင့် ကွမ်အပ်သား မြန်မာဘာသာအားဖြင့် အကုန်ဟုခေါ်သော ရွာရှိသည်။ ၎င်းရွာတွင် မင်းသားငယ်အား စွန့်ပစ်စေခဲ့သည်။ နောင်တွင် အပ်သားမှ ကသာသို့ ပြောင်းလဲလာပြီး ကိုကြ္ကသာရွာ၊ ကိုကြ္ကသာမင်းသား၊ ကိုကြ္ကသာဘုရားဟူ၍ ခေါ်တွင်လာခဲ့သည်။

ကိုကြ္ကသာမင်းသား (ဝါ) အသားမင်းသားသည် သက္ကရာဇ် ၂၁၆ တွင် ထီးနန်းဆက်ခံ၍ သက္ကရာဇ် ၂၂၃ တွင် နတ်ရွာစံသည်။ အသားမင်းသား နန်းစံစဉ် ပုဂံတွင် ပျဉ်ပြားမင်းနန်းစံ (၁၅) နှစ်ရှိပြီး ထိုမင်းနှစ်ပါး ထီးပြိုင်နန်းပြိုင် ဖြစ်သည်ဟု ရေးသားဖော်ပြခဲ့သည်။ ရန်ကုန်ခရိုင် ဂေဇက်တီးယားတွင်မူ အသားမင်းသား ထီးနန်းစံနှစ်ကို သက္ကရာဇ် (၅၄၃) ဟုသာ ဖော်ပြခဲ့သည်။

ပါမောက္ခ ဂျီအီးဟာဗေးက အသားမင်းသားသည် ဉာဏ်အမြော်အမြင်ရှိ၍ ခွန်အားဗလနှင့် ပြည့်စုံကြောင်း အသက် (၁၆) နှစ်သားအရွယ်တွင် ဟံသာဝတီကို ကျူးကျော်လာသော အိန္ဒိယ

www.monlibrary.com



တောင်ပိုင်းသားတို့၏ရန်ကို တွန်းလှန်နိုင်ခဲ့ကြောင်း၊ ထိုတိုက်ပွဲတွင် သဘော်ာ (၇) စင်းနှင့် အိန္ဒိယ တောင်ပိုင်းသား (၃၅၀၀) ကို ဖမ်းဆီး နိုင်ခဲ့ပြီး ကျိုက္ကသာကို တည်ထောင်နိုင်ခဲ့ကြောင်း ၎င်း၏ မြန်မာ့ သမိုင်းစာအုပ်တွင် ရေးသားခဲ့ပါသည်။ ဆာအာသာဖယ်ယာကလည်း အသားမင်းသား ဟံသာဝတီ ထီးနန်းကို စိုးစံသောအခါ မြစ်ဝကျွန်း ပေါ် ဒေသတစ်ဝှမ်းလုံးနှင့် အရှေ့ဘက် သံလွင်မြစ်တိုင်အောင် တန်ခိုး ဩဇာ ပျံ့နှံ့ခဲ့ကြောင်း ဖော်ပြခဲ့သည်။

သုဝဏ္ဏဘူမိခေတ်တွင် ကျိုက္ကသာနှင့်ပတ်သက်၍ မယ်မယ် ရရ ရေးသားဖော်ပြထားခြင်းမရှိ၊ မှေးမှိန်ပျောက်ကွယ်နေသည်။ သက္ကရာဇ် ၄၁၉ အနော်ရထာမင်းက သထုံကို အောင်နိုင်ပြီးနောက် သထုံမှရဟန်းသံဃာတော်တစ်ထောင် ပင့်ဆောင်လာခဲ့ပြီး ကျိုက္ကသာ တွင် စခန်းချရပ်နားသည်။ ထိုရဟန်းတော်များ စခန်းချရပ်နားသည့် နေရာတွင် စေတီတစ်ထောင် တည်ထားခဲ့သည်။ ယခုထက်တိုင် ကျိုက္ကသာမြို့ရိုးအတွင်း မြောက်ဘက်မှ အရှေ့ဘက်သို့ အစီအရီ စီတန်းနေသော ဘုရားငုတ်တို့များ တည်ရှိနေဆဲဖြစ်ပါသည်။

ဟံသာဝတီ (၃၂) မြို့စစ်တမ်းမြို့စာရင်းအမှတ်စဉ် (၉) တွင် အသာမြို့ဟူသော အမည်တစ်ခုဖော်ပြထားပြီး ယင်းမြို့ကို ဝိမလမင်း တည်ထောင်ကြောင်း မှတ်တမ်းတင်ထားသည်။ ဤအသာမြို့သည် ကျိုက္ကသာမြို့ဖြစ်မည်ဟု ယူဆရပါသည်။ ထို့နောက် သက္ကရာဇ်

www.monlibrary.com

www.monlibrary.com



(၆၄၉) ခု ပြာသိုလဆန်း (၃) ရက် ကြာသပတေးနေ့ နံနက် (၄) ချက်တီးကျော်တွင် ဝါရီရူမင်းမုတ္တမကို တည်ခဲ့သည်။ မြို့အရံ (၃၂) မြို့ကိုလည်း တည်ခဲ့သည်။ သံလွင်မြစ်အနောက်ဘက်ရှိ မြို့များစာရင်းတွင် ကသာစစ်ဟောင်းမြို့ဟု ဖော်ပြပြီး ထိုမြို့တွင် ဝိမလမင်းတို့ ထီးနန်း စိုက်ခဲ့ကြောင်း ဖော်ပြထားပါသည်။ ဤကသာ စစ်ဟောင်းမြို့သည်ပင် နောင်တွင် ကျိုက္ကသာဖြစ်လာမည့်မြို့လောဟု တွေးတောဖွယ်ဖြစ်ပါသည်။

ကေတုမတီတောင်ငူ၊ ဆင်ဖြူရှင်၊ ဟံသာဝတီကို အောင်မြင်ပြီးနောက် သက္ကရာဇ် (၉၂၇) ခု၊ နတ်တော်လဆန်း (၄) ရက် ကြာသပတေးနေ့တွင် ခေတ်မီ စနစ်ကျသော မြို့တော်ကို တည်ဆောက်ခဲ့သည်။ ထို့နောက် ဟံသာဝတီနယ်ရှစ်ရပ် သတ်မှတ်ပြီး ထိုနယ် ရှစ်ရပ်အတွင်း အရံ (၃၂) မြို့အမည်စာရင်းများကို အစဉ်အတိုင်း မှတ်တမ်းတင်ခဲ့သည်။ မြို့အရံ (၃၂) မြို့၏ (၁၅) ခုမြောက် မြို့အမည်တွင် အသာမြို့ဟု မှတ်တမ်းတင်ထားခဲ့သည်။ အသာမြို့သည် ဟံသာဝတီ ၃၂ မြို့စစ်တမ်းပါ အသာမြို့နှင့် အတူတူဖြစ်မည်ဟု ယူဆရပါသည်။

ကျိုက္ကသာမြို့သည် သမိုင်းကြောင်းအရ သုဝဏ္ဏဘူမိ သထုံ ဟံသာဝတီတို့ထက် နောက်ကျသည်ဟု ဆိုသော်လည်း မြို့ရိုး တည်ဆောက်မှုအနေအထားအရ သထုံ ဟံသာဝတီတို့ထက် များစွာ ရှေးကျသည်ကို တွေ့ရှိရသည်။

www.monlibrary.com

www.monlibrary.com



ကျိုက္ကသာသည် အတွင်းမြို့ရိုး၊ အပြင်မြို့ရိုး စသည်ဖြင့် မြို့ရိုး နှစ်ဆင့်ရှိသည်။ အပြင်မြို့ရိုးသည် သရေခေတ္တရာကဲ့သို့ လုံးဝိုင်းခြင်း မရှိသော်လည်း မျဉ်းဖြောင့် မပါသည့် ကွေးဝိုင်းဝိုင်း မြို့ရိုးပုံစံဖြစ်သည်။ အတွင်းမြို့ရိုးသည် စတုဂံဆန်သည်။ ကျိုက္ကသာ၏ အတွင်းမြို့ရိုးသည် သဘောအားဖြင့် ဟန်လင်းမြို့၊ ဗိဿနိုးမြို့ မြို့ရိုးများနှင့် တူသယောင်ယောင်ရှိသည်ဟု ယူဆရသည်။ အပြင်မြို့ရိုးမှာမူ ရှည်လျားဝန်းဝိုင်းသော ပုံသဏ္ဍာန်ရှိသည်။ ကျိုက္ကသာမြို့ရိုးကို လေ့လာလျှင် မြို့ရိုးထောင့်ဟု ပြောနိုင်လောက်သည့် ထောင့်ချိုး ပိပိ

၂ ကျိုက္ကသာမြို့ဟောင်း တူးဖော်မှု ၂



www.monlibrary.com

www.monlibrary.com



ပြင်ပြင် မရှိပေ။ ပဲခူးနှင့် သထုံမြို့ရိုးများသည် ဖြောင့်စင်း၍ မြို့ထောင့်များမှာလည်း ထောင့်ချွန်များဖြင့် မြင်တွေ့ရသည်။ ဤအချက်ကို နှိုင်းယှဉ်လျှင် တည်ဆောက်မှုပုံစံနှင့် အခြေအနေအရ ကျိုက္ကသာသည် သထုံနှင့် ပဲခူးမြို့ဟောင်းထက် စောသည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပဲခူးနှင့် သထုံတည်ဆောက်မှုပုံသဏ္ဌာန်သည် ကျိုက္ကသာ၏ တည်ဆောက်မှု ပုံသဏ္ဌာန်ထက်ပို၍ ခေတ်မီသည်။

ကျိုက္ကသာ၏ အတွင်းမြို့ရိုးသည် မီးရထားလမ်း အရှေ့ဘက်တွင် တည်ရှိပြီး စေတီကြီးတစ်ဆူကို ဗဟိုပြုလျက် လေးဘက်လေးတန်သို့ မိုင်ဝက်ခန့် နေရာယူထားသည်။ တံတိုင်းများ ကာရန်ထားပြီး အချို့နေရာတွင် တံတိုင်းသုံးထပ်ရှိသည်ကို တွေ့ရှိရသည်။ အတွင်း မြို့ရိုးတစ်ဝက်သည် ဧရိယာ (၉၀. ၅၆) ဧကရှိပြီး ဇုတ်သုတ်မြို့ဟောင်းထက် အနည်းငယ်ကြီးသည်။

အပြင်မြို့ရိုးတံတိုင်းသည် အတွင်းမြို့ရိုးတံတိုင်းနှင့် မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။ တံတိုင်းမှာ နှစ်ထပ်တံတိုင်းဖြစ်သည်။ အရှေ့နှင့်အနောက် အချင်းတစ်မိုင်ခွဲခန့်ရှိပြီး အနံအားဖြင့် အကျယ်ဆုံးနေရာတွင် မိုင်ဝက်ခန့်ရှိ၍ အကျဉ်းဆုံးနေရာတွင် လေးပိုင်းတစ်ပိုင်းမိုင်ခန့် ရှိသည်။ ဧရိယာအားဖြင့် (၆၆၇) ဧကရှိသောကြောင့် မြို့ဟောင်းနေရာသည် သေးသည်ဟု မဆိုသာချေ။

www.monlibrary.com

www.monlibrary.com



ကျိုက္ကသာကို အခြား မွန်မြို့ဟောင်းများဖြစ်သည့် သထုံ၊ ဟံသာဝတီတို့နှင့် နှိုင်းယှဉ်လေ့လာသင့်သည်။ သထုံမြို့ဟောင်းသည် လေးထောင့်ပုံသဏ္ဌာန်ရှိသည်။ သို့သော် နောက်ခံတောင်၏ အနေအထားကို လိုက်၍ တည်ဆောက်ထားသဖြင့် စတုဂံပုံမကျဘဲ ခပ်စောင်းစောင်း ဖြစ်နေသည်။ ယေဘုယျအားဖြင့် သထုံမြို့ဟောင်းသည် ကျုံးနှစ်ထပ်မြို့ရိုး နှစ်ထပ်ကာရံထားသော မြို့ရိုးဟု ဆိုနိုင်သည်။ မြို့ရိုးနှစ်ခုအတွင်း၌ ကျုံးရှိသည်။ မြို့၏ မြောက်ဘက်တွင် မြို့ရိုးလေးထပ် ကာရံထားသည့်အပြင် အလယ်တည့်တည့်ခန့်တွင် ခံတပ်ကြီးတစ်ခု တည်ဆောက်ထားသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် မြောက်ဘက် စစ်မျက်နှာမှ ရန်သူများကို ကောင်းမွန်စွာ ခုခံကာကွယ်နိုင်မည်ဖြစ်ကြောင်း သိသာနိုင်သည်။ မြို့သည် အရှေ့နှင့် အနောက်တိုတောင်း၍ အရှေ့နှင့်မြောက် ရှည်လျားသည်။ အရှေ့ဘက် မြို့ရိုးသည် ပေ (၇၀၀၀) ခန့်ရှိပြီး မြောက်ဘက်မြို့ရိုးမှာ ပေ (၄၃၀၀) ခန့် ရှိသည်။ နှစ်ထပ်မြို့ရိုးများနှင့် အပြင် မြို့ရိုးတို့သည် ပေ (၁၇၀) ခန့် ကွာသည်။ တောင်နှင့်မြောက်မြို့ရိုးနှစ်ခုအတွင်း အကွာအဝေးသည် ပေ ၆၇၀၀ ခန့် ရှိသည်။ အတွင်းမြို့ရိုးများအတွင်း၌ မြို့၏ အကျယ်အဝန်းသည် စတုရန်းတစ်မိုင်ကျော်ခန့် ရှိသည်။ မြို့၏ အလယ်လောက်တွင် စတုဂံပုံ နန်းတော်ရာရှိသည်။ နန်းတော်ရာသည် အရှေ့အနောက် (၁၁၂၂) ပေ၊ တောင်မြောက် (၁၀၂၂) ပေ စီ ရှိကြသည်။

www.monlibrary.com



မွန်ပေမူ၌ သက္ကရာဇ် (၅၁၃) တွင် သမလမင်းက ဟံသာဝတီကို ထူထောင်သည်။ သမလမင်း၏ ဟံသာဝတီမြို့ အကျယ်အဝန်းသည် (၁၈၉၇) တာ ရှိ၍ တံခါးကြီး (၆) ပေါက်ရှိသည်။ အရှေ့ဘက်တွင် ဘိုရတ် (မှော်ရတ်) နှင့် ဇောင်းတူ တံခါးမကြီးနှစ်ခုရှိ၍ မလွယ်တံခါးငါးခုရှိသည်။ အနောက်ဘက်တွင် စေလာထုံတံခါး (ထရင်စေလာမို) နှင့် ဣသိပတ္တတံခါး (၃) ခုရှိ၍ မြောက်ဘက်တွင် ကလျာဏီတံခါးမကြီးတစ်ခုနှင့် မလွယ်တံခါးသုံးခုရှိသည်။ ထို့ကြောင့် ထိုစဉ်က ဟံသာဝတီနေပြည်တော်သည် တံခါးမကြီး (၆) ခု၊ မလွယ်တံခါး (၁၆) ခုရှိရာ စုစုပေါင်း (၂၂) ခုရှိသည်ဟု ဖော်ပြခဲ့သည်။

ပဲခူးရွှေမောဓော ရာဇဝင်သမိုင်းချုပ်မူဟောင်းတွင် သမလ၏ ဟံသာဝတီသည် အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက်တာပေါင်း (၁၀၀၀) စတုရန်းရှိသည်။ တစ်မျက်နှာလျှင် တံခါးပေါက် (၅) ပေါက်၊ လေးမျက်နှာတွင် တံခါးပေါက် (၂၀) ရှိသည်။ ယင်းတံခါးပေါက်များမှာ လာ၍ လုပ်ကိုင်ပေးရသော မြို့ရွာအမည်အတိုင်းခေါ်တွင်စေ၏ဟု ပါရှိသည်။

သမလမင်းမှစ၍ တိဿမင်းအထိ မင်း (၁၇) ဆက် နန်းစံခဲ့သည်။ တိဿမင်း၏ ပလ္လင်ခန်းနေရာကို မြို့ရိုးအတွင်းဘက်တွင် ယခုထက်တိုင် တွေ့မြင်နိုင်သေးသည်။ တိဿမင်း နတ်ရွာစံပြီးနောက် ဟံသာဝတီ ပဲခူးနေပြည်တော်ကြီး ပျက်စီးတိမ်မြုပ်၍ နိဂုံးရွာအဖြစ်သို့

www.monlibrary.com

www.monlibrary.com



ရောက်ခဲ့ရသည်။ သို့သော် သက္ကရာဇ် (၇၁၁) ခုနှစ်တွင် မုတ္တမ မင်းဆက် ဗညားဦးသည် မုတ္တမမှ ဟံသာဝတီသို့ ပြောင်းရွှေ့စိုးစံပြီး တစ်ဆယ့်ခြောက်ထောင့်ရှိသော မြို့ရိုးကိုတည်ဆောက်ကာ ဟံသာဝတီ နေပြည်တော်ဟု မှည့်ခေါ်စေခဲ့သည်။ သက္ကရာဇ် (၉၂၈) ခုနှစ်တွင် ဘုရင့်နောင်တည်ဆောက်ခဲ့သော ဟံသာဝတီသည် စတုရန်းတာ (၃၄၀၀) ရှိပြီး မြို့တံခါး (၂၀)၊ တန်ဆောင်း ပြအိုးပေါင်း(၁၀၀၉)၊ လမ်းမ (၁၀) နှင့် လမ်းငယ်များ ရုံလျက် ပါရှိသည်။ သမလမင်း၏ မြို့တံခါးအရေအတွက်၊ ဘုရင့်နောင်၏ မြို့တံခါး အရေအတွက်မှာ များစွာ နီးစပ်နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရပါသည်။

သထုံ၊ ဟံသာဝတီ၊ ကျိုက္ကသာမြို့ဟောင်းသုံးမြို့၏ မြို့ရိုး တည်ဆောက်ပုံ စနစ်အရ သထုံနှင့် ဟံသာဝတီတို့သည် ကျိုက္ကသာထက် နောက်ကျကြောင်း အထက်က ဆိုခဲ့ပြီ၊ ကျိုက္ကသာမြို့ရိုး တည်ဆောက်မှုစနစ်သည် မြို့ပြ တည်ဆောက်မှု ခေတ်ဦးပိုင်း နွယ်ပြီး သထုံနှင့် ဟံသာဝတီမြို့ရိုး တည်ဆောက်မှုစနစ်သည် ခေတ်စနစ်ကျသော ခေတ်နှောင်း တည်ဆောက်မှုပုံစံကဲ့သို့ ဖြစ်နေသည်ကို တွေ့ရှိရသည်။

သထုံတွင် သာမန်အားဖြင့် မြို့ရိုးနှစ်ထပ်နှင့် မြောက်ဘက်တွင် မြို့ရိုးလေးထပ် ကာရံတည်ဆောက်ထားသကဲ့သို့ ကျိုက္ကသာတွင်လည်း အပြင် မြို့ရိုး၊ အတွင်းမြို့ရိုး (၃) ထပ်၊ ထပ်မံကာရံထား

www.monlibrary.com

www.monlibrary.com



သည်။ ရန်သူ ခုခံမှုစနစ်တွင် သထုံနှင့် ကျိုက္ကသာ အတော်အတန် တူညီနေသည်ဟု ဆိုနိုင်သည်။

ရာမညဒေသအတွင်း ရှေးကျသော ရှေးဟောင်းအဆောက်အဦများ၊ စေတီပုထိုးများနှင့် မြို့ရိုးဟောင်းများတွင် ဂဝံကျောက်ဖြင့် ဆောက်လုပ်ထားသည်ကို တွေ့ရှိရသည်။ သထုံမြို့ရိုးကို ဂဝံကျောက်ခံ၍ တည်ဆောက်သကဲ့သို့ ကျိုက္ကသာမြို့ရိုး အချို့နေရာများတွင် ဂဝံကျောက်အုတ်များဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရ သည်။ ဤသည်တို့မှာ ခေတ်ဦး မွန်ယဉ်ကျေးမှုကို ဖော်ညွှန်းနေသော လက္ခဏာများဖြစ်သည်။ ကျိုက္ကသာအမှတ် (၁) ကုန်းတွင် တူးဖော်တွေ့ရှိရသည့် ဂဝံကျောက်အုတ်များ၊ မြေမီးဖုတ်အုတ်များနှင့် အခြားယဉ်ကျေးမှု အထောက်အထားအရ ကျိုက္ကသာသည် သထုံနှင့် ဟံသာဝတီတို့ထက်ပို၍စောကြောင်း ဖော်ညွှန်းနေပေသည်။ ကျိုက္ကသာမြို့ရိုး တည်ဆောက်မှုပုံစံသည် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုးစသည့် ပျူမြို့ဟောင်းများ၏ မြို့ရိုးတည်ဆောက်မှုပုံသဏ္ဍာန်နှင့် တူညီနေသဖြင့် ကျိုက္ကသာသည် ပျူနှင့် ခေတ်ပြိုင်ဖြစ်ကြောင်း ကောက်ချက်ချရမည်ဖြစ်ပါသည်။

ကျိုက္ကသာမြို့ဟောင်းကို တူးဖော်ရာမှ တွေ့ရှိရသော တွေ့ရှိချက်များအနက် ဒင်္ဂါးတွေ့ရှိချက်သည် အရေးပါသော တွေ့ရှိချက်တစ်ခုဖြစ်သည်။ ၁၉၇၁ ခုနှစ်ကပင် ကျိုက္ကသာနှင့် ကော့စံရွာ နှစ်ရွာ

www.monlibrary.com

www.monlibrary.com





ဂ ကျိုက္ကသာမြို့ဟောင်းကျုံး ဂ

ကြားရှိ ရွှေကြိုပင် ပင်ကုန်းကြိုပင်ကြီးအနီးတွင် ရွှေဟောင်း ကြေးဆင်းတု (၅) ဆူနှင့် ရွှေဟောင်းဒင်္ဂါး (၄၆၀) ပြား ရရှိခဲ့သည်။

ကျိုက္ကသာမြို့ဟောင်း ကုန်းအမှတ် (၂) ကို တူးဖော်ရာ၌လည်း ငွေဒင်္ဂါး အများအပြား ရရှိခဲ့သည်။ ယင်းဒင်္ဂါးများအနက် အပေါ်ယံ မြေလွှာတူးရုံနှင့် ရရှိသော ဒင်္ဂါးများ ရှိသကဲ့သို့ အုတ်တိုက်တစ်ခု၏ နံရံအတွင်း အနက် (၆) ပေခွဲခန့်တွင် မြုပ်နှံထားသည့် အိုးတစ်လုံးမှ ဒင်္ဂါးအမြောက်အမြား တွေ့ရှိရသည်။ စုစုပေါင်း ဒင်္ဂါး (၁၀၈၅) ပြားခန့် ရရှိခဲ့သည်။ ယခင်က မြန်မာပြည်အနှံ့အပြား တူး

www.monlibrary.com

www.monlibrary.com



ဖော်ခဲ့သော်လည်း ယခုလောက် များပြားသည့် ဒဂၤါးများ ရရှိခဲ့ခြင်း မရှိပါ။ ကျိုက္ကသာမှ အစုလိုက် အပုံလိုက် ရရှိသော ဒဂၤါးကို ကျိုက္ကသာ ဒဂၤါးဟု ခေါ်ဆိုနိုင်ပါသည်။ ထိုဒဂၤါးများသည် တူးဖော်မှု ကုန်းတစ်ခု တည်းတွင် တွေ့ရသော်လည်း သွင်ပြင်လက္ခဏာများမှာ မတူညီကြ ပေ။ ဆင်တူယိုးမှား ကွဲပြားမှုများ ရှိသကဲ့သို့ လုံးလုံးလျားလျား ကွဲ ပြားသည့် ဒဂၤါးများလည်း ရှိသည်။ ကျိုက္ကသာဒဂၤါးကို အပြား အကြီး အသေး ဟူ၍ နှစ်မျိုးရှိရာ အပြားကြီးသည် ကျပ်စေ့အရွယ်ဖြစ်၍ အပြားသေးသည် မတ်စေ့အရွယ်ဖြစ်ပါသည်။ ကျိုက္ကသာဒဂၤါးတွင် တွေ့ရှိရသော အမှတ်အသား သင်္ကေတများသည် ယေဘုယျအား ဖြင့် ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ မိုင်းမော်တို့မှ ရသည့် ပျူဒဂၤါး များနှင့်တူညီသော်လည်း အရွယ်အစားမှာ မတူညီကြချေ။ ကျိုက္ကသာ ဒဂၤါးက ၎င်းဒဂၤါးများထက် အနည်းငယ် ငယ်သည်ကို တွေ့ရှိရသည်။ ကျိုက္ကသာဒဂၤါးကို အမျိုးအစားအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားနိုင် သည်။ ၎င်းတို့မှာ -

၁။ ခရုသင်း၊ သီရိဝစ္ဆဒဂၤါး

၂။ အိုး၊ သီရိဝစ္ဆဒဂၤါးဟူ၍ ဖြစ်ပါသည်။

**ခရုသင်းသီရိဝစ္ဆဒဂၤါး**

ယင်းဒဂၤါးတွင် ကျပ်စေ့၊ မတ်စေ့ဟူ၍ နှစ်မျိုး ထပ်မံခွဲခြား နိုင်သည်။ ကျပ်စေ့ဒဂၤါး၏ မျက်နှာဘက်တွင် စက်ဝန်းထဲတွင် ခရုသင်း

www.monlibrary.com

www.monlibrary.com



ပုံ ပါရှိပြီး အနားတစ်လျှောက်တွင် ဗိန္ဒုအစက်အပြောက်များ ပါရှိသည်။ ကျောဘက် သီရိဝစ္ဆအလယ်တွင် နေနှင့် အထက်တွင် လပုံ ပါရှိသည်။ အောက်ခြေတွင် ငါးကြင်းပုံ ပါရှိသည်။ မတ်စေ့ဒင်္ဂါးတွင် ပါရှိသော အမှတ်အသားမှာ ကျပ်စေ့ဒင်္ဂါးအတိုင်း ဖြစ်ပါသည်။ သို့သော် မတ်စေ့ဒင်္ဂါး၏ ကျောဘက် သီရိဝစ္ဆအလယ်တွင် လိင်္ဂသဏ္ဌာန် တစ်ခုရှိပြီး လက်ဝဲဘက်ဘေးတွင် နေစွယ်တစ်ခု ပါရှိသည်။ မည်သို့ပင်ဖြစ်စေ ဒင်္ဂါးများသည် ဒွါရာဝတီတွင် တွေ့ရှိရ သော ဒင်္ဂါးလေးမျိုးအနက် အေဒီ (၆) ရာစုခန့်က အသုံးပြုခဲ့သော ခရုသင်း သီရိဝစ္ဆအပေါ်စားဒင်္ဂါးနှင့် အတူတူပင်ဖြစ်သည်။

**အိုးသီရိဝစ္ဆဒင်္ဂါး**

မျက်နှာဘက် စက်ဝန်းထဲ၌ ကလသာအိုးပုံပါ၍ အနားတလျှောက်တွင် ဗိန္ဒုအပြောက်များ ပါရှိသည်။ ဗိန္ဒုအစက်အပြောက်များမှာ (၂၃) စက်မှ (၂၆) စက်အထိ ပါရှိသည်။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအထက်တွင် နေနှင့်လ ပါရှိသည်။ နေနှင့်လအောက်တွင် အစက် (၃) စက်ပါရှိပြီး လက်ဝဲဘက်ဘေးတွင် စကြာပုံ ပါရှိသည်။ ညာဘက်ဘေးတွင် ဘဒ္ဒပိဌပုံ ပါရှိသည်။ အချို့ ဒင်္ဂါးများ၌ နေနှင့်လအောက်တွင် အစက် (၃) စက် မပါရှိချေ။ ဝရဇိန်လက်နက်ပုံနှင့် အောက်ခြေတွင် ရေလှိုင်းပုံ၊ မိနခေါ် ငါးကြင်းပုံများကို လည်းကောင်း၊ ဒင်္ဂါးများတွင်လည်း တွေ့ရှိရသည်။ အိုးသီရိဝစ္ဆဒင်္ဂါး တွေ့ရှိ

www.monlibrary.com

www.monlibrary.com



ခြင်းသည် တူးဖော်မှု သမိုင်းတလျှောက်တွင် ယခုတစ်ကြိမ်သည် ပထမအကြိမ် တွေ့ရှိခြင်းပင် ဖြစ်သည်။ ဒွါရာဝတီ မွန်ဒင်္ဂါးတွင်လည်းကောင်း၊ ပျူနှင့် ရခိုင်ဒင်္ဂါးများတွင်လည်းကောင်း၊ အိုးပုံကို ထည့်သွင်းသွန်းလုပ်ခဲ့ခြင်း မရှိချေ။ ထို့ကြောင့် အိုးသိရိဝစ္ဆဒင်္ဂါးသည် အေဒီ (၆) ရာစု (၇) ရာစုခန့်က ရာမညဒေသမှ မွန်တို့ ထုတ်လုပ်သုံးစွဲခဲ့သည့် သီးခြားဒင်္ဂါးများ ဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။ ဤဒင်္ဂါးကို အခြေခံ၍ ကျိုက္ကသာမြို့ သက်တမ်းကို ခန့်မှန်းနိုင်မည်ဖြစ်ပါသည်။ ကျိုက္ကသာဒင်္ဂါးနှင့် လုံးလုံးလျားလျား မဟုတ်သော်လည်း ခရုသင်းဘက်၌ တူပြီး အခြားတစ်ဘက်တွင် ကွဲပြား ခြားနားသည့် ဒင်္ဂါးများလည်း ပါရှိပါသည်။ ယင်းဒင်္ဂါးများမှာ စစ်တောင်းအနီးတဝိုက်တွင် တူးဖော်ရရှိသည့် ဒင်္ဂါးများ ဖြစ်ပါသည်။ ၁၈၈၂ ခုနှစ်တွင် ပြုစုခဲ့သော ရခိုင်၊ ပဲခူးနှင့် တနင်္သာရီ ဒင်္ဂါးများ စာတမ်းတွင် ဆာအာသာဖယ်ယာက စစ်တောင်းမှ ရရှိသော အဆိုပါ ဒင်္ဂါးများကို ပဲခူးဒင်္ဂါးအဖြစ် ဖော်ပြထားသည်။

အာသာဖယ်ယာ၏ စာတမ်းအရ ထိုစဉ်က ပဲခူးနယ် စစ်တောင်းမြို့နှင့် (၂၅) မိုင်အကွာတွင် မြေတူးရင်း ဒင်္ဂါး (၁၇) ပြားရရှိခဲ့ကြောင်း၊ ထိုဒင်္ဂါးများမှာ ပဲခူး၌ပင် သွန်းလုပ်ဟန် တူကြောင်း၊ ဟိန္ဒူယဉ်ကျေးမှုအငွေ့အသက် ပါရှိ၍ အေဒီ (၆) ရာစု (၈) ရာစုအတွင်း ငွေကြေးထက် အဆောင်အယောင်အဖြစ် အသုံးပြုခဲ့ဟန် တူကြောင်း ရေးသားခဲ့သည်။

www.monlibrary.com

www.monlibrary.com



အာသာဖယ်ယာ ဖော်ပြသည့် ပဲခူးဒင်္ဂါး (၁၇) ပြား တွေ့ရှိရာ ဒေသသည် စစ်တောင်းနှင့် (၂၅) မိုင်ဝေးသည်ဟု ဆိုသော်လည်း စစ်တောင်း၏ အရှေ့ဘက်ကမ်းလော၊ အနောက်ဘက်ကမ်းလော အရှေ့အနောက် တောင်မြောက် စသည်ဖြင့် တိတိကျကျ ဖော်ပြထားခြင်း မရှိပေ။ ကျိုက္ကသာမြို့ဟောင်းသည် စစ်တောင်းနှင့် (၁၅) မိုင်ခန့်သာ ဝေးသဖြင့် ပဲခူးဒင်္ဂါးများ ရရှိသော နေရာသည် ကျိုက္ကသာ အနီးအနားဝန်းကျင်လည်းဖြစ်နိုင်သည်။ ထိုဒင်္ဂါးနှစ်မျိုးမှာလည်း ကွဲကွဲပြားပြား ခြားခြားနားနားမရှိ ကျောဘက်တွင်တူပြီး မျက်နှာဘက်သာ ခြားနားသည်။ ကျိုက္ကသာဒင်္ဂါး၏ မျက်နှာဘက်တွင် သီရိဝစ္ဆပါရှိပြီး ပဲခူးဒင်္ဂါး၏ မျက်နှာဘက်တွင် ဣြိစုလပုံပါရှိသည်။ ယင်းအမှတ်အသားနှစ်ခု၏ သဘောသဘာဝနှင့် အဓိပ္ပာယ်သည်လည်း များစွာ ကွဲလွဲမှု မရှိချေ။

ကျိုက္ကသာတွင် တွေ့ရှိရသော အခြား ရှေးဟောင်း ပစ္စည်းများအနေဖြင့် ၁၉၇၁ ခုနှစ်တွင် ကြေးဆင်းတု (၅) ဆူ တွေ့ရှိခဲ့ကြောင်း အထက်က ဆိုခဲ့ပြီ၊ ယင်းကြေးဆင်းတုများသည် ပုဂံခေတ်ထက် စောသော လက်ရာဖြစ်မည်ဟု ခန့်မှန်းရသည်။

ကျိုက္ကသာမြို့ဟောင်းကို အမှတ် (၁) ကုန်း၊ အမှတ် (၂) ကုန်း၊ အမှတ် (၃) ကုန်းဟူ၍ ကုန်း (၃) ကုန်း ခွဲခြား၍ တူးဖော်ခဲ့ပါသည်။ အမှတ် (၁) ကုန်းကို ၁၉၈၆ ခုနှစ် မတ်လ (၂) ရက်နေ့တွင်

www.monlibrary.com

www.monlibrary.com



စတင် တူးဖော်ခဲ့ပါသည်။ အခန်းကြီး (၃) ခန်းနှင့် အခန်းငယ် (၉) ခန်းပါသည့် သာသနိက အဆောက်အအုံ အုတ်ရိုးတစ်ခု တွေ့ရှိရပါသည်။ ၎င်း၏ အုတ်ရိုးအဆောက်အအုံနှင့် အုတ်အရွယ်အစားအရ လည်းကောင်း၊ ရွှေးဟောင်းပစ္စည်းအထောက်အထားအရ လည်းကောင်း၊ မြေလွှာအထောက်အထားအရလည်းကောင်း ပတ်ဝန်းကျင်ရှိ အလားတူ အုတ်ဟောင်းများတည်ရှိနေပုံများအရ လည်းကောင်း၊ အမှတ် (၁) ကုန်းရှိ အဆောက်အအုံသည် ပုဂံခေတ်ဦးပိုင်းဆိုင်ရာ သာသနိက အဆောက်အအုံတစ်ခု ဖြစ်ဖွယ်ရာရှိကြောင်း မှတ်ယူနိုင်ပါသည်။ ဤသည်မှာ အဆောက်အအုံ၏ အပေါ်ယံ တွေ့ရှိချက်ကို ကြည့်၍ ကောက်ချက်ချခြင်းသာ ဖြစ်သည်။ အမှန်စင်စစ် ယင်းအဆောက်အအုံသည် သုံးကြိမ်သုံးခါ ပြုပြင်ထားသည့် လက္ခဏာ တွေ့ရသည်။ ထို့ကြောင့် မပြုပြင်မီကရှိသော မူလ အဆောက်အအုံသည် ပုဂံခေတ်ထက်ပို၍ စောသော အထောက်အထားဖြစ်ပါသည်။

ကျိုက္ကသာအမှတ် (၂) ကုန်းကို တူးဖော်ရာတွင် ရှေးဟောင်းစေတီဟောင်းတစ်ဆူကို တွေ့ရှိရသည်။ စေတီတည်ဆောက်ပုံနှင့် တွေ့ရှိရသည့် ရှေးဟောင်းပစ္စည်း အထောက်အထားအရ ထိုခေတ်တွင် မွန်ယဉ်ကျေးမှုနှင့် ပုဂံခေတ်ဦးပိုင်းဆိုင်ရာ ယဉ်ကျေးမှုတို့ ပေါင်းစပ် တည်ဆောက်ထားသည်ကို တွေ့ရှိရသည်။

ကျိုက္ကသာအမှတ်(၃)ကုန်းကို တူးဖော်ရာတွင်လည်း အုတ်ရိုး အဆောက်အအုံကြီးတစ်ခု ပေါ်ထွက်လာသည်။ အသုံးပြုသော

www.monlibrary.com

www.monlibrary.com



အုတ်အရွယ်အစားများ၊ အမှတ်လက္ခဏာများ အုတ်ရိုးတည်ဆောက်မှုနှင့် အခန်းဖွဲ့ပုံ စသည့် ယဉ်ကျေးမှု အထောက်အထားများနှင့် ယင်း အဆောက်အအုံအတွင်းမှ တူးဖော်ရရှိသော ရှေးဟောင်း ပစ္စည်းများကို လေ့လာခြင်းအားဖြင့် ပုဂံခေတ်ဦးပိုင်းက တည်ဆောက်ခဲ့သော သာသနိက အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ ဤကဲ့သို့ အခန်းငယ်များ ပါရှိသည့် သာသနိက အဆောက်အအုံမျိုးကို ဝင်းကရွာ တူးဖော်စဉ်ကလည်း တွေ့ရှိခဲ့ရသည်။ စတင် တူးဖော်ရာမှ ပျမ်းမျှအနက် ၁ ပေခန့်တွင် အုတ်ရိုးများကို တွေ့ရသည်။ အဆောက်အအုံမှာ မြေအောက်အနက် (၆) ပေအထိ ကျန်နေသေးသည်။ အပေါ်ယံမြေလွှာ၌ ကုန်းဘောင်ခေတ် လက်ရာတစ်ဘက်တွင် ခဲဖောင်းကြွဆင်းတုစေတီ၊ တစ်ဘက်တွင် ခဲဖောင်းကြွရုပ်ပွားပုံပါ ဘုရားနှစ်ဆူကိုတူးဖော်တွေ့ရှိခဲ့သည်။ ထို့ကြောင့် အုတ်ရိုး အဆောက်အအုံကြီးကို ပုဂံခေတ်ဦးပိုင်းက တည်ဆောက်ခဲ့ပြီး ကုန်းဘောင်ခေတ် တိုင်အောင် လူတို့ နေထိုင်အသုံးပြုခဲ့မည်ဖြစ်ကြောင်း တွေးဆနိုင်သည်။

ခြုံ၍ ပြောရလျှင် အမှတ် (၁)ကုန်း၏ ယဉ်ကျေးမှုလက္ခဏာသည် ပုဂံခေတ်ဦးပိုင်းနှင့် ထို့ထက် ရှေးကျသော ခေတ်အပိုင်းအခြားနှင့် သက်ဆိုင်ပြီး အမှတ် (၂) နှင့် အမှတ် (၃) ကုန်းတို့သည် ပုဂံခေတ်ဦးပိုင်းကာလထက် ပိုမစောနိုင်ဟု သုံးသပ်မိပါသည်။

www.monlibrary.com

www.monlibrary.com



အထက်ဖော်ပြပါ သာသနိကအဆောက်အအုံ၊ စေတီ၊ ဘုရားများကို တည်ဆောက်ရာ၌ ဂဝံအုတ်နှင့် မြေမီးဖုတ်အုတ်ကို အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။ မြေမီးဖုတ်အုတ်သည် အများအားဖြင့် အလျား (၁၄) လက်မ၊ အနံ (၇) လက်မ၊ ထု (၂½) လက်မ ရှိသည်။ အချို့ အုတ်ချပ်များမှာ အလျား (၈) လက်မခန့်၊ အနံ (၉) လက်မ၊ ထု (၃) လက်မ၊ အလျား (၁၂) လက်မ၊ အနံ (၆½)လက်မ၊ ထု (၂) လက်မ စသည့် အရွယ်အမျိုးမျိုးရှိသည်။

မြို့ဟောင်းအတွင်း ကုန်းတွင်းပိုင်းကျသည့် အရှေ့မြောက်ဘက်ရှိ ပုထိုးဟောင်းဘုရားပျက်နှင့် မြို့အတွင်းရှိ ရေကန်ကြီးတို့တွင်လည်းကောင်း၊ အမှတ် (၁) ကုန်းတွင် တွေ့ရှိရသည့် အဆောက်အအုံ အခန်းများအတွင်းရှိ မြေကြီးများ ဖယ်ထုတ်ရာတွင် လည်းကောင်း၊ အရေးအစင်း လက်ချောင်းရာပါသည့် အုတ်ချပ်များ တွေ့ရသည်။ အုတ်ချပ်များတွင် အရေးအစင်း တစ်ခုမှ လေးခုအထိ ပါရှိပြီး အစင်းများမှာ မျဉ်းဖြောင့်အစင်းများ၊ ကွေးဝိုင်းသည့် အစင်းများ၊ ဖြောင့်တန်းသည့် ကန့်လန့်ဖြတ်အစင်းများ စသည်ဖြင့် အရေးအစင်းမျိုးစုံပါရှိသည်။ အမှတ် (၃) ကုန်းတွင် တွေ့ရှိရသော အဆောက်အအုံ၏ တောင်ဘက် နံရံအုတ်ရိုးရှိ အုတ်ခဲအချို့တွင် လေးနှင့်မြားပုံဖောင်းကြွအရုပ်ပါ အုတ်ချပ်များကို တွေ့ရှိရသည်။

www.monlibrary.com

www.monlibrary.com



ယင်းအုတ်ချပ်မျိုးကို မွန်မြို့ဟောင်းများဖြစ်သော သထုံနှင့် ဟံသာဝတီတို့တွင် မတွေ့ရှိရဘဲ ရှေးပျူမြို့ဟောင်းများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမောတွင် တွေ့ရှိရသော အုတ်ချပ်များနှင့် တူညီနေသည်ကို တွေ့ရှိရသည်။

အချုပ်အားဖြင့် ဆိုရသော် ကွေးဝိုင်းသည့် မြို့ရိုး၊ အိုးသိရိ ဝဍ္ဍဒင်္ဂါး၊ အရေးအစင်း လက်ချောင်းများနှင့် အခြား အမှတ်လက္ခဏာ ပါ အုတ်ချပ်တို့မှာ ကျိုက္ကသာသည် ပျူနှင့်ခေတ်ပြိုင် မွန်မြို့ဟောင်း တစ်မြို့ဖြစ်ကြောင်း ဖော်ညွှန်းနေသော ပြယုဂ်များပင် ဖြစ်ပါသည်။

www.monlibrary.com

www.monlibrary.com

www.monlibrary.com

www.monlibrary.com

## ရှေးမွန်တူရိယာ

*

မြန်မာနိုင်ငံတွင်တူရိယာနှင့်ပတ်သက်၍မှတ်တမ်းမှတ်ရာနှင့်ခိုင်ခိုင်လုံလုံတွေ့ရှိသည်မှာ ပျူခေတ်ကတည်းကပင်ဖြစ်ပါသည်။ အေဒီ (၈၀၁-၈၀၂) ခုနှစ်တွင် ပျူမင်းယုန်ချိအန် စေလွှတ်လိုက်သော သံအဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံချန်အန်နေပြည်တော်ဧကရာဇ်တဲကျုန်၏ နန်းတော်သို့ ရောက်ရှိခဲ့သည်။ ယင်းသံအဖွဲ့နှင့်အတူ ဂီတအဖွဲ့လည်းပါပါသည်။ တန်မင်းဆက်သမိုင်းသစ် အဆိုအရ ၄င်းဂီတအဖွဲ့တွင်တူရိယာ (၂၂) မျိုးပါသွားသည်ဟု သိရှိရသည်။

www.monlibrary.com

www.monlibrary.com



ငှင်းတို့မှာ -

(က) သတ္တုတူရိယာ

(၁) စည်း

(၂) သံပြား

(ခ) ခရုတူရိယာ

(၁) ခရုသင်း

(ဂ) ကြိုးတပ်တူရိယာ

(၁) ရစ်ခေါင်းပုံစောင်း

(၂) မိကျောင်းခေါင်းစောင်း

(၃) နဂါးခေါင်းဗျပ်စောင်း

(၄) မိုးသားခေါင်းဗျပ်စောင်း

(၅) ဗူးကြီးဗျပ်စောင်း

(၆) ကြိုးတစ်ချောင်းတပ် ဗူးဗျပ်စောင်း

(၇) ဗူးကလေးဗျပ်စောင်း

www.monlibrary.com

www.monlibrary.com



(ဃ) ဝါးတူရိယာ

(၁) ကန့်လန့်မှုတ်ပုလွေ

(၂) ဗုံကလေးချည်ချောင်း

(င) ဗုံးတူရိယာ

(၁) ဗုံကြီးချည်ချောင်း

(၂) ဗုံကလေးချည်ချောင်း

(စ) သားရေတူရိယာ

(၁) သုံးမျက်နှာဗုံ

(၂) ဗုံကလေး

(ဆ) ဆင်စွယ်တူရိယာ

(၁) ဆင်စွယ်ချည်ချောင်း

(ဇ) ချိုတူရိယာ

(၁) ချိုသုံးချောင်းပါချည်ချောင်း

(၂) ချိုနှစ်ချောင်းပါ ချည်ချောင်း

တူရိယာ (၂၂) မျိုးဟု ဆိုသော်လည်း အသေအချာ ရေတွက်ကြည့်သောအခါ (၁၉) မျိုးသာရှိသည်ကို တွေ့ရှိရသည်။ ကြိုး

www.monlibrary.com

www.monlibrary.com



တပ်တူရိယာတွင် မိချောင်းခေါင်းစောင်း (၂) ခုပါ၏။ တရုတ်ပြည်ရောက် မိချောင်းစောင်းသည် ယခု မွန်တို့ အသုံးပြုနေသော မိကျောင်းစောင်းမျိုးဖြစ်သည်ဟု ဆရာကြီး ဒဂုန်နတ်ရှင်က ဆိုသည်။ တရုတ်ပြည်ရောက် မိကျောင်းစောင်း (၂) ခုအနက် တစ်ခု၏ ပုံသဏ္ဌာန်သည် မိကျောင်းကဲ့သို့ ဖြစ်သည်။ ၄-ပေရှည်၍ ခြေလေးချောင်းရှိသည်။ ဝမ်းဗိုက်ဟောင်းလောင်းဖြစ်၍ ကျောဘက်တွင် မိကျောင်းရေဖြင့် တန်ဆာဆင်ထားသည်။ မျက်နှာပြင်နှင့် လှန်ပြန်နေသောပခုံးသည် တရုတ်တို့၏ ချင် (ဗျပ်စောင်း) ကဲ့သို့ဖြစ်သည်။ အကျယ် ၇-လက်မရှိ၍ ဝမ်းဗိုက်မှာ ၈-လက်မကျယ်သည်။ အမြီးသည် ၁-ပေ ကျော်ရှည်လျား၍ အပေါ်သို့ခွေလိပ်နေသည်။အထဲတွင် ဟောင်းလောင်းဖြစ်သည်။ ကြိုး ၉-ချောင်းကို ဆန့်တန်းရန် အကန့်ထားရှိသည်။ လက်ဝဲဘက်နှင့် လက်ယာဘက်တွင် ရွှေ့ပြောင်းနိုင်သော ခလုတ် (၁၂)ခု ရှိသည်။ အခြားတစ်ခုမှာ အထက်ပါ မိကျောင်းစောင်းနှင့် မတူအောင် ရောင်စုံ ခြုံးပန်းခြုံးနွယ်ဖြင့် တန်ဆာဆင်ထား၍ မြွေရေဖြင့် ဖုံးအုပ်ထားသည်။

ထိုစဉ်က မိကျောင်းစောင်း ပြုလုပ်ထားပုံမှာ ယခု မွန်တို့ အသုံးပြုနေသော မိကျောင်းတူရိယာနှင့် အခြေခံအားဖြင့် တူညီသော်လည်း ယခု မွန်မိကျောင်းတွင် ကြိုး ၃-ချောင်းသာပါရှိပြီး လက်ဝဲ လက်ယာတွင် ရွှေ့ပြောင်းနိုင်သော ခလုတ်များ မပါရှိချေ။ ထိပ်တစ်ဘက်တစ်ချက်တွင် ကြိုးညှိရန် ဒလက်သုံးခုသာ ပါရှိသည်။ ယင်း

www.monlibrary.com



မိကျောင်းပုံစံမှာ ယခုခေတ် မိကျောင်းပုံစံသို့ ပြောင်းလဲခဲ့သလော တွေးတောစရာဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ယခုအခါ မိကျောင်း တူရိယာကို မွန်တို့ကသာ အသုံးပြုနေကြသဖြင့် ထန်မင်းဆက် တရုတ်နန်းတော်ရောက် မိကျောင်းစောင်းသည် ယခု မွန် မိကျောင်း တူရိယာမျိုးဖြစ်သည်ဟူသော ဆရာကြီး ဒဂုန်နတ်ရှင်၏ အဆိုကို လက်သင့်ခံရမည်ဖြစ်ပေသည်။

ထို့အပြင် ၎င်း ဂီတအဖွဲ့တွင် မိုးသားခေါင်းဗျပ်စောင်း တစ်ခုပါရှိ၏။ ပုံသဏ္ဍာန်မှာ အထက်က ဖော်ပြခဲ့သည့် နဂါးခေါင်း ဗျပ်စောင်းအတိုင်းပင်ဖြစ်သည်။ မျက်နှာပြင်ကို မြွေရေဖြင့် တန်ဆာ ဆင်ထားပြီး လေးဘက်လေးတန်တွင် ဆင်စွယ်အလှအဖုကလေးများ ပါရှိသည်။ စောင်း၏ထိပ်ပိုင်းသည် မိုးသားပုံစံရှိသည်။ သံစဉ်ညှိ ခလုတ်များ၏ ထိပ်တွင် ခြူးပန်းခြူးနွယ်များ ထွင်းထားသည်။ လက်နှိပ်ခလုတ်နှစ်မျိုးရှိ၍ ကြိုး ၃-ချောင်းပါသည်။ အသေတပ်ထား သည့် လက်နှိပ်ခလုတ်ကို မြွေရေဖြင့်တန်ဆာဆင်ထားသည်။ ဤ တူရိယာသည် မွန်တို့၏ တူရိယာဖြစ်ကြောင်း သုတေသီတို့က တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် တူရိယာတို့၏ ကြိုးခေါက်တုတ်ပြားတွင် ကနေသည့် ကွန်လွန် (Kun Lun) (ဝါ) မွန်လူမျိုးတို့၏ ရုပ်ပုံကို ထွင်းထုထား၍ ဆေးရောင်စုံ ချယ်သထားသည်။ Kun Lun သည် တရုတ်တို့က မွန်တို့ကို ခေါ် သော အခေါ်အဝေါ်ဖြစ်သည်။

www.monlibrary.com

www.monlibrary.com



ဇာတ်စောင်းမှာ ဒွါရာဝတီခေတ် မွန်ဂီတသမား အသုံးပြုခဲ့သည့် ဇာတ်စောင်းများနှင့် အခြေခံအားဖြင့် တူညီသူကို တွေ့ရှိရသည်။ သို့သော် ဒွါရာဝတီ ဇာတ်စောင်းသည် သံစဉ်ညှို ခလုတ် ၅-ခုပါ ၍ ကြိုး ၅-ချောင်းတပ် တူရိယာဖြစ်သည်။ ထူးထူးခြားခြား ပြင်ဆင် မွမ်းမံထားခြင်း မရှိချေ။ ၃-မျက်နှာစုံ စသည်တို့မှာလည်း ဟံသာဝတီ၊ မုတ္တမခေတ် မွန်တို့အသုံးပြုခဲ့သည်ကို တွေ့ရှိရသည်။



ဂ ဝေါမြို့နယ် ကြံ့တူဘုရားမှရရှိသည် ပန်တျာအဖွဲ့အုတ်ချပ် ဂ
(အေဒီ ၇-ရာစု)

www.monlibrary.com

www.monlibrary.com



ထူးခြားသည်မှာ တရုတ်ပြည်တို့သွားရောက်ခဲ့သော အထက်ဖော်ပြပါ ဂီတအဖွဲ့သည် ပျူဂီတအဖွဲ့ဟုဆိုသော်လည်း ဖော်ပြပါ တူရိယာများကို တီးမှုတ်ခဲ့ကြသူများမှာ မွန်ဂီတ ပညာရှင်များ ဖြစ်နေခြင်းပင် ဖြစ်သည်။ ဒေါက်တာလုစ်နှင့် ဆရာကြီး ဦးဖေမောင်တင်တို့ကလည်း ယင်း ဂီတအဖွဲ့သည် ပျူဂီတအဖွဲ့ထက် မွန်ဂီတအဖွဲ့သာ ပို၍ ဖြစ်နိုင်ဖွယ်ရာရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် ဖော်ပြပါ တူရိယာများသည် ပျူတူရိယာဖြစ်နိုင်သလို မွန်တူရိယာလည်း ဖြစ်နိုင်သည်။ တရုတ်ပညာရှင် တန်ဟွေယော် (Tan Huai Yao) က မွန်ဂီတအကနှင့် ပျူဂီတအကတို့သည် အတူတူပင်ဖြစ်ကြောင်း ရေးသားခဲ့သည်။ ပုဂံခေတ် တူရိယာကို လေ့လာသောအခါ ပုဂံခေတ် ကျောက်စာများတွင် တူရိယာအမျိုးပေါင်း (၂၁) မျိုး တွေ့ရသည်။

၁။ ခရာ

၂။ ခရုသင်း

၃။ ခေါင်းလောင်း

၄။ ခြူ

၅။ ချပ်

၆။ ခွက်ခွင်း

၇။ ငြင်း

www.monlibrary.com

www.monlibrary.com



၈။ စောင်း

၉။ စည်း

၁၀။ စည်ကြီး

၁၁။ စည်းခုပ်

၁၂။ စန္ဒယား

၁၃။ ဆည်းလည်း

၁၄။ တယော

၁၅။ တံပိုး

၁၆။ နဂါးကြည်း

၁၇။ နရည်ခရာ

၁၈။ နှောင်နန်း

၁၉။ ပတ်သာ

၂၀။ ပဟို

၂၁။ ပြွေ

ယင်း တူရိယာများအနက်ချပ်နှင့် ပြွေတို့သည် မြန်မာ ဝေါဟာရအနေဖြင့် တွေ့ရသည်မဟုတ်၊ ကျန်စစ်သားနန်းတည် မွန်

www.monlibrary.com

www.monlibrary.com



ကျောက်စာမှရသော ဝေါဟာရဖြစ်သည်။ ၎င်းကျောက်စာ စာကြောင်းရေ (၃၄) နှင့် (၃၅) တွင် -

*ဗ္လဝေါးဂိရ်လုက်အုတ်ဖံဗ္လောအ် (မှု) ရာတပိဝ်ကၞ်၊ သေင်ဂုံရိင်လာ*

*(ထ)ရ်မှာ (သာ) ရ်သ္ဂစ်သိင်င်ဝရ်ပ္ဍေါဟ်ကကာအုတ် ဝလ္လဝး ဟီကြာက်စုပ်ပိ*

အဓိပ္ပါယ်မှာ -

ထို့နောက် စည်ကြီး ပြွေတပိုးငြင်း (ဤ သေင်) ချပ် (သ္ဂစ်) ဦးချိုခရာတို့ကို အုတ်အုတ်ကျက်ကျက် တီးမှုတ်ကြသည်။

ချပ်သည် မွန်ဝေါဟာရကို ဘာသာပြန်ထားသော စကားလုံးဖြစ်၍ ပုဂံခေတ်တွင် မြန်မာလို မည်သို့ခေါ်သည်ကို မသိရပေ။ သုဝဏ္ဏဘူမိမှတဆင့် ပုဂံသို့ရောက်ရှိလာသော မွန်တူရိယာဖြစ်ဟန်ရှိသည်။ သို့သော် မည်ကဲ့သို့သော တူရိယာမျိုးဖြစ်သည်ကို မသိရပေ။

ဟံသာဝတီခေတ်အသားကုမ္မာမင်းသားသည် သမ္မေးသမီးကရေနုဝတီကို မိဖုရားခေါင်ကြီးအရာမြှောက်၍ ရာဇာဘိသေကမင်္ဂလာခံယူရာတွင် သီဆိုတီးမှုတ်ရသော မွန်တူရိယာများ အတော်ပင် စုံစုံလင်လင်ရှိသည်ကို တွေ့ရှိရသည်။ ယင်းတူရိယာများနှင့်ပတ်သက်၍ နန္ဒသိရီဘွဲ့ခံ ဟံသာဝတီဆရာတော်ဘုရားကြီး

www.monlibrary.com



သက်တော် (၇၀) ပြည့်မြောက်သည့် ကောဇာသက္ကရာဇ် (၁၁၈၀)ခုနှစ်တွင် ပေထက်အက္ခရာတင်ခဲ့သော လိခ်သိုင်အသးခေါ် အသား မင်းသား အတ္ထုပ္ပတ္တိပေမူတွင် -

*"တတ်စွာံကမြေတတ်ကေဲဗတ်သ္ဍာ်၊ ပိင်မင်တလိုန်ဒဝိုန် တက်ဖျာ်၊ ခ္ဍာဝ်ဗြုတေဝ်ပေဝ်ခ္ဍေဝ်သာ်၊ လေဝ်ငွာဲတဍောတ်ချိုန် ဍောတ်ဂှိုင်သာ်၊ ကြာဇ္ဍံမံင်ဆာင်ရမျာင်သ သအာ်၊ ထွဝြေါဝ်ကျာံ ခရာဂါက္ဓာ်၊ မံင်စံင်ထမိသ္ဂိဂှိုင်သာ်၊ ဗြဲကို်ခရာဗြုအာလ္ဒာ်၊ က္ဂိင်က္ဂိုက်ဂှိုင်သာ် ဂှိုင်လ္ဒာ်ဗြုမ္ဂဲ၊ ခရာခပ်ုဗြုကြုလဟုဲ၊ ဖံမင်ဗြုမ္ဂဲလဟုဲလလံ၊ ဖံအလုံဗိုဖံသိင်ယှ် ရောင်၊ ဒုဗြဇ္ဍောဝ် ဖံထဝ်မွဲတောင်၊ ဖံကြေဝ်ဖံကေ္ဂဝ်ပေ္ဂဝ်ဏါ တုံဂှ်ုင်၊ ဖံကတိုင်သံင် ဖံဖဏာံင်ရောင်၊ ခဝ်ပ်တက်ဝဒုက် ပုက်တလုက် ပေါင်၊ ဖံမံင်ဂှိုင်တောင်လလောင်ဂမြိုင်"*

ဟူ၍ ရေးစပ်သီကုံးခဲ့သည်။ ယင်းကဗျာလင်္ကာအရ အသားမင်းသား၏ ရာဇဘိသေကအခမ်းအနားတွင် တူရိယာ (၂၀) မျိုး စည် (၁၂) မျိုးကို တီးမှုတ်ခဲ့ကြောင်း သိရှိရသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### တူရိယာ (၂၀) မျိုး

၁။ ပတ်ဝိုင်း (ဆိုင်းဝိုင်း)

၂။ သံပတ္တလား

www.monlibrary.com



၃။ ကြေးပတ္တလား

၄။ ပုံ

၅။ နှဲ

၆။ ဝိစိ

၇။ စည်း

၈။ နတ်ပုလွေ

၉။ ပုလွေ

၁၀။ ကြာငိုု

၁၁။ မောင်း

၁၂။ ဆိုင်း

၁၃။ ဘင်ဂျို

၁၄။ တယော

၁၅။ မိကျောင်း

၁၆။ ခရာ

၁၇။ စောင်း

www.monlibrary.com

www.monlibrary.com



၁၈။ ပြွေတံမြွာ

၁၉။ ပို

၂၀။ စည်

## စည် (၁၂) မျိုး

၁။ အလမ္ဗရာစည်

၂။ သီဟိုဠ်စည်

၃။ ဒုန္ဒုဘိစည်

၄။ အိန္ဒိယစည်

၅။ စိနရဠ္ဌစည်

၆။ တရုတ်စည်

၇။ အိန္ဒိယစည် (တလယ်စည်)

၈။ အိန္ဒိယစည်

၉။ ဖံကတိုင်

၁၀။ ပတ်သာ

၁၁။ တစ်ဘက်ပိတ်စည် (အိုးစည်)

www.monlibrary.com

www.monlibrary.com



၁၂။ ပုတ်တလုတ်စည်

သ္ုပတ်ကျာ်စေ့်နူသွ်ခေါ် မွန်ပေမူတွင် -

“ဖံဒုဂြာဘိမုခ်ပိမုခ်ဇါ၊ ဖံအလုံဗို ဂြိုဟ်ဗာတ်သ္ုာ် ဗာတ်စွ်ကျာံသေဲခရာ၊ တဍေ္ာတ်စံင်ဂြဝ်ပေဝ်ထဝ်ပောဒြာ၊ ဖံမံင်ဆာင်မှာ ဗာတ်တဍာစုင်၊ ကိုတက်ဖံအ်ဂြုတ်လလ်၊ ပေဝ်ခ္ဍေဝ်သ္ုတ်၊ တ္ုာတ်လေဝ်ငှ္ာဲ၊ ဆာင်မံင်လဒုဂြုကိုသဒ္ဒ၊ ပိင်မင်ထပိုန်တလိုန်ဝါကျ၊ လဆိင် တံကွေံကိုလ္ုံတ်ရ”

ဟူ၍လည်းကောင်း၊ အခြားမူကွဲတစ်ခုမှာ-

“စံင်ဂြဝ်သေဲကျာံ၊ ဝဒါခရာ၊ ပေပ်ခ္ဍေဝ်သ္ုာတ်၊ တ္ုာက်လေဝ်ငှ္ာဲ၊ ဖံစိန်ဖံဟာဝ်၊ ဖံထဝ်ခလာ၊ ဖံပုတ်တလုတ်၊ မုက်ပန်မုက်ဇါ၊ တက်ဖံမန်ဒိုင်၊ ဗာတ်ကိုင်ခရာ၊ မုက်ပိမုက်ပန်၊ ဂြုဇရန်ဇရာ၊ ဖံအလုံဗို၊ တက်ဂြိုဇာအာ” ဟူ၍လည်းကောင်း ကဗျာလင်္ကာဖြင့် စပ်ဆိုသီကုံးခဲ့ကြသည်။

အထက်ပါ ကျမ်းများကို တိုက်ဆိုင် စစ်ဆေးကြည့်သော အခါ ထိုစဉ်က မွန်တို့ အသုံးပြုခဲ့သော တူရိယာများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | ဇာတ်စွာ (ဇာတ်ဝိုင်) | ပတ်ဝိုင်း (ဆိုင်းဝိုင်း) |
| ၂။ | ဇာတ်ကဍာ | ဝါးပတ္တလား |

www.monlibrary.com

www.monlibrary.com



| | |
|---|---|
| ၃။ ဗာတ်ကေဲ | သံပတ္တလား |
| ၄။ ဗာတ်သေဲ | ကြေးပတ္တလား |
| ၅။ ဗာတ်ကိုင် | လခြမ်း |
| ၆။ ထဗိုန် | ဗုံ |
| ၇။ ပိင်မင်ထဗိုန် (ထဗိုန်ဖွော်) | ပတ်မကြီး |
| ၈။ သွော်ဲ | နှဲ |
| ၉။ ပေဝ် | ဝိဝိ |
| ၁၀။ ခရှေဝ် | စည်း |
| ၁၁။ လေဝ်ငွဲ | နတ်ပုလွေ (ဘေးပေါက်မှ မှုတ်ရသည်။) |
| ၁၂။ ကဍောတ် | ပုလွေ |
| ၁၃။ မံင် | မောင်း |
| ၁၄။ ဆာင် | လင်းကွင်း |
| ၁၅။ ဖြဝ် | တယော |
| ၁၆။ ကျာံ | မိကျောင်း |

www.monlibrary.com

www.monlibrary.com



| | |
|---|---|
| ၁၇။ စံင် | စောင်း |
| ၁၈။ သေဲ | ပြွေတံမြှာ |
| ၁၉။ ခရာ | ခရာ |
| ၂၀။ ဝဒ်ါခရာ | စစ်အောင်ပွဲတွင် မှုတ်သောခရာ |
| ၂၁။ မုက်ၜါ (ဒ္ဒိတာတ်) | ဒိုးပတ် |
| ၂၂။ ဓာပ် | အိုးစည် |
| ၂၃။ ဖံ | စည် |
| ၂၄။ ကြာဍို | |
| ၂၅။ ခ္ဍ(ထ္ဍ) | ဘင်ဂျို |
| ၂၆။ ခပို | ပို |

**စည် (၁၃) မျိုး**

| | |
|---|---|
| ၁။ ဖံအလုံဗို | အလမ္ဗရာစည် |
| ၂။ ဖံပုက်တလုက် | ပုတ်တလုတ်စည် |
| ၃။ ဖံဒုတြဘိ | ဒုန္ဒုဘိစည် |
| ၄။ ဖံသိင်ယို | လင်္ကာဒီပစည် |
| ၅။ ဖံစိန် | စိနရဋ္ဌစည် |

www.monlibrary.com

www.monlibrary.com



| | | |
|---|---|---|
| ၆။ | ဖံဓာပ်ဂဒုက် | တစ်ဘက်ပိတ်စည် (အိုးစည်) |
| ၇။ | ဖံထဝ် (ခလာ) | အိန္ဒိယစည် (ဟိန္ဒူစည်) |
| ၈။ | ဖံမန်ဒိုင် | မွန်ဒိုင်စည် |
| | (ဖံမှုက်ဓါ) | နှစ်ဘက်စည် |
| ၉။ | ဖံကြေဝ် | အိန္ဒိယစည်၊ တလယ်စည် |
| ၁၀။ | ဖံထဝ် | တရုတ်စည် |
| ၁၁။ | ဖံကတိုင် | |
| ၁၂။ | ဖံကေ့ဝ် | အိန္ဒိယစည်၊ တလယ်စည် |
| ၁၃။ | ဖံဖဏာင် | ပတ်သာ |
| | (ကောန်ဗတ်) | |

ဟူ၍ ဖြစ်ပါသည်။ စည် (၁၃) မျိုးကို ဖော်ပြထားသော်လည်း ဝင်စည်တော်နှင့် ပတ်သက်၍ မှတ်တမ်းတင်ထားခြင်း မရှိပေ။ သို့သော် ဓမ္မစေတီမင်း ဘိသက်မင်္ဂလာအခမ်းအနားတွင် ဝင်စည်တော်နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် ရေးသားထားသည်ကို တွေ့ရှိရပါသည်။

ဓမ္မစေတီမင်း ဘိသိက်မင်္ဂလာ အခမ်းအနားသို့ ပုဏ္ဏား (၈) ယောက် စေလွှတ်ပေးရန် လက်ဆောင်ပဏ္ဏာ ရာဇသံနှင့်တကွ သီဟိုဠ်

www.monlibrary.com

www.monlibrary.com



ကျွန်းသို့စေလွှတ်ခဲ့သည်။ သီဟိုဠ်မင်းကလည်း လက်ဆောင်ပဏ္ဏာရှေ့သိုင်းနောက်သိုင်းဆောင်၍ သိန်းခိုစည်တီးသူနှင့်တကွ ပုဏ္ဏား (၇) ယောက်တို့ကိုလည်း လွှတ်လိုက်၏။ ပုဏ္ဏားတစ်ယောက်လိုသဖြင့် သမန်းမြက်ကို ပုဏ္ဏားသဏ္ဌာန်လုပ်ယူရသည်။

သီဟိုဠ်မှ လွှတ်လိုက်သော ပုဏ္ဏား (၇) ယောက်သည်လည်း ဗ၊ ရ၊ ဟ၊ မ၊ ဏ ဟူသော ငါးလုံးအက္ခရာနှင့်အညီ ဂုဏ်ကိုးမည် သိဒ္ဓိခုနစ်မည်၊ ခုတင်တစ်ဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံသဖြင့် ဒေါဗညား မှူးမတ်သမီးများနှင့် ထိမ်းမြားပေးခြင်းဖြင့် ချီးမြှောက်ခဲ့သည်။ ရှေ့သိုင်းနောက်သိုင်း ကိုင်သူတို့အားလည်း ရိက္ခာအလုံအလောက်ပေး၍ စားကာနေကာသာ နေထိုင်စေခဲ့သည်။ စား၊ နေဆိုသော မြန်မာစကားကို မွန်တို့က စမ်င် (စမောင်) ဟု ဆိုသည်။ စမောင်မှ စမြောင် ဖြစ်လာသည်။ နောက်ပိုင်းတွင် ၎င်းတို့ကို စမြောင်ဟု ခေါ်ကြသည်။

၎င်း ရာဇဘိသေကဝင်တော်မူ အခမ်းအနားတွင် စည် (၅) လုံး၊ နှဲ (၄) စင်း၊ ဗုံ (၁)၊ စည်းစုပ် (၁) တီးသည်။ စည်ချင်းမှာ သမိန်ဩမ်းတီးသည်။ သမိန်မှာ မင်းဖြစ်၍ ဩမ်းသည် ဘုန်းတန်ခိုးကြီးသည်ကို ဆိုလိုသည်။ ဘုန်းတန်ခိုးကြီးသော မင်းဟု အဓိပ္ပာယ်ရသည်။

နှဲချင်းမှာ 'သီရိပဝရအဂ္ဂမဟာဓမ္မရာဇာမဟာစက္ကဝေါသမိန်ထော လွတ်တရ' ကို မှုတ်သည်။ မွန်ဘာသာ 'သီရိပဝရအဂ္ဂမဟာဓမ္မရာဇာ မဟာစက္ကဝဝ်သို့မဝ်လုပ်တ်ရ' ကို အသံဖလှယ်ထားခြင်းဖြစ်သည်။

www.monlibrary.com

www.monlibrary.com



ဝင်တော်မူ အခမ်းအနား ဆင်ယင်ကျင်းပရာ၌ ပြာသာဒ်တော် မြောက်ဘက်တွင် ကန္နားတစ်ခုဆောက်သည်။ ထိုနေရာတွင် ငွေနှဲငယ်တစ်လက်နှင့် လူတစ်ဦးစောင့်နေရသည်။

နာရီမှူးငွေမောင်း (၅) ချက်တီးလျှင် လက်ဝဲဘက်ရှိ အတွင်းဝန်တို့ကအမှတ်ပေးသည်။လေးသည်တော်သားတစ်ယောက်သည် ပြာသာဒ်တော်မြောက်လှေကားမှ ဆင်းသက်၍ စည်တော်ခေါ်လျှင် ငွေနှဲငယ်နှင့် ကန္နား၌ စောင့်နေသူအား နှဲငယ်ကို မှုတ်စေသည်။ ထို့နောက် ဝင်စည်တော်ချီသည်နှင့် ဘုရင်မင်းတရားကြီး ဝင်တော်မူသည်။ ၎င်းကို ရွှေဘုံနိဒါန်းတွင် -

'ဝေးရပ်ပြည်ထောင်၊ မင်းကုန်အောင်က၊ လက်ဆောင်ဆက်လာ၊ ဦးတင်စာကို၊ သာယာကျဲကျဲ၊ သံခံကျူးရင့်၊ သံဆင့်ကျူးဧ၊ တခြေးခြေးတိ၊ နန်းရေးစုပေါင်း၊ မသာတောင်းတွင်၊ ငွေမောင်းကျူး မြောက်၊ ငါးချက်လျောက်က၊ မင်းနောက်ခစား၊ သူကောင်းသားတို့ မှတ်သားမြဲသိပ်၊ တင်ဦးထိပ်ဖြင့်၊ မင်းရိပ်ရှုမျှော်၊ စည်တော်ခေါ်၍၊ လက်ပေါ်တင်ကာ၊ ငွေနှဲလာသော်၊ ဧကာဒသ၊ လူထိုမျှတို့၊ မွန်ည ဘာသာ၊ သံဝါစုံညီ၊ လက်အုပ်ချီလျက်၊ သီရိပဝရ၊ စသည့်ချင်းရာ၊ သာယာရင့်ရှု၊ လူလူသံပြိုင်၊ အိုင်အိုင်ခြိမ့်ခြိမ့်၊ ငြိမ့်ငြိမ့်သာထူး၊ နန်းချင်းကျူးသည်' ဟူ၍ စပ်ဆိုခဲ့သည်။

www.monlibrary.com

www.monlibrary.com



ပုဂံခေတ်တူရိယာနှင့် ကျောက်စာများတွင် နှဲဟူသော ဝေါဟာရကို မတွေ့ရပေ။ အင်းဝခေတ်ရောက်မှသာ သနှဲ၊ နှဲဟူ၍ တွေ့ရှိရသည်။ ထို့ကြောင့် ပုဂံခေတ်တွင် နှဲကို အသုံးပြုခြင်း မရှိသေးဘဲ၊ အင်းဝခေတ်ရောက်မှသာ အသုံးပြုခဲ့ကြောင်း ထင်ရှားပါသည်။ မွန်တို့ကမူ သက္ကရာဇ် ၅၄၃ ခုနှစ်တွင် ဟံသာဝတီ ထီးနန်းကို စိုးစံသည့် အသားမင်းသား နန်းတက်အခမ်းအနားၗ နှဲကို အသုံးပြုနေပြီ ဖြစ်သည်။ တောင်ငူခေတ်မင်းကြီးညို နန်းတက်မင်္ဂလာ အခမ်းအနားတွင်လည်း မွန်နှဲကို အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းဘိသိက်မင်္ဂလာအခမ်းအနားတွင် တီးမှုတ်သော တူရိယာများမှာ -

"မင်္ဂလာအတီးတော်စုံ၊ ထွက်စည်တော်ပြော ၂၅၊ မြောက်စည် ၇၊ စည်ဝမ်း ၁၃၊ လက်ခုပ် ၁၊ ခရုသင်း ၁၊ ငွေခရား ၁၀၊ ငွေနှဲကြီး ၁၀၊ ငွေနှဲငယ် ၁၀၊ တံရှည် ၁၀၊ တံမြှော ၁၀၊ ဒိုမင်း ၁၀၊ ဝင်စည်တော် ၅၊ ပုံသာ ၁၊ မွန်ရွှေနှဲ ၁၊ နရီတော်ရွှေမောင်း ၁၊ နရီတော်ငွေမောင်း ၁၊ နရီတော်မိုးကြိုးဖလား ၁၊ ဗဟိုရ်စည်တော်၊ အိမ်ရှင်စည်တော်၊ မင်းတရာစည်တော်၊ မုရိုးစည်တော်" စသည်တို့ ဖြစ်ပါသည်။

မွန်ဘုရင်မ ရှင်စောပုလက်ထက်တွင် မိမိဘုရားသို့ လှူတန်းထားသော ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်မည့်သူများနှင့် ပတ်တီး ဆိုင်းတီးများအား လုပ်ငန်းဆောင်တာအလိုက် အကြီးအမှူးခန့်အပ်ခဲ့သည်။

www.monlibrary.com

www.monlibrary.com



ရွှေသပိတ်မှာ ငစိုကိုအကြီး၊ ရွှေပန်းကန်မှာ ငဆုကိုအကြီး၊ ငွေပန်းကန်မှာ ငအွံ့ကို မကြီး၊ ရွှေဖွန်းမှာ ငမိတ်ကို အကြီး၊ ငွေဖွန်းမှာ ငတိကို အကြီး၊ ထွေးအင်လေးလုံးမှာ ငစံသိုင်းကို အကြီး၊ သင်ပုတ်တော်မှာ ငအွန်ထော်ကို အကြီး၊ ဆီမီးညှိမှာ ငထန်ကို အကြီး၊ တိုက်စောင့်မှာ ငပုလဲကို အကြီး၊ ပန်းပဲလေးဖိုမှာ ငစုလုံကို အကြီး၊ ပတ်ဝိုင်းဆိုင်းတီးလေးဆိုင်းမှာ ငထော်ကရကိုအကြီး၊ ကုလားစည်ကြီးလေးလုံးမှာ ငထင်ကြီးကို အကြီး၊ သိုင်းတော်ကိုင်လေးယောက်မှာ ငသြကို အကြီး၊ တန်ဆာဆောင်း ရှစ်ယောက်မှာ ငထိုင်သတ်ကို အကြီး၊ တံမြက်လှည်းလေးယောက်မှာ ငတွန်ကို အကြီး၊ ဆီမီးစာကိုင် လေးယောက်မှာ ငသုခကို အကြီး စသည်ဖြင့် လုပ်ငန်းဆောင်တာအလိုက် ခန့်အပ်ခဲ့ကြောင်း တွေ့ရှိရသည်။

အင်းဝခေတ်တွင် ဆိုင်းနှင့်ပတ်သက်၍ မြန်မာဆိုင်း၊ မွန်ဆိုင်းဟူ၍ နှစ်ဖွဲ့ရှိသည်။ ယင်းဆိုင်းနှစ်ဆိုင်းသည် မင်းခမ်းမင်းနားအပြင် မင်း၊ မိဖုရားတွင် ဖွားမြင်သည့် မင်းသားများ၏ အသုဘအခမ်းအနားများ၌လည်း တီးမှုတ်၍ သဂြိုဟ်လေ့ရှိကြောင်း လောကဗျူဟာ အင်ရုံစာတမ်းတွင် ရေးသားဖော်ပြခဲ့သည်။ အင်းဝခေတ်ဆိုင်းများမှာ ယခုခေတ် ဆိုင်းဝိုင်းများကဲ့သို့ မဟုတ်ဘဲ လခြမ်းပုံသဏ္ဌာန် ရှိမည်ဟု ယူဆရသည်။

သက္ကရာဇ် ၁၃၀၅ ခုနှစ်၊ မင်းရဲကျော်ထင်ဥကင်တော်ဖွင့် မင်္ဂလာအခမ်းအနား ဆင်ယင်ကျင်းပရာတွင် ပါဝင်ကပြရာ၌ ပတ်

www.monlibrary.com



သက်၍ သက္ကရာဇ် ၁၀၃၄ ခု တန်ခူးလဆန်း (၃) ရက်နေ့ နာခံပြော မှုးကြီး၏ လွှတ်ပြန်အမိန့်တော်၌ မြန်မာ အတီးအက၊ နောက် ၄၀၊ အရှေ့ ၈၀၊ မွန်အတီးအက ယိုးဒယား အတီးအက နောက် ၁၅၊ ရှေ့ ၃၀ ဟူ၍လည်းကောင်း၊ အင်းဝခေတ် မင်းများလက်ထက်တွင် မင်းခမ်းမင်းနား သဘင် ဆင်ယင်ကျင်းပသောအခါ၌ ပါဝင်တီးမှုတ်ကြသည့် မြန်မာတူရိယာများတွင် မွန်နှဲဟူသော နှဲတစ်မျိုးကို အစဉ်ထည့်သွင်း တီးမှုတ်လေ့ရှိကြောင်း တွေ့ရှိရသည်။

သက္ကရာဇ် (၁၁၈၇) ခုနှစ် မုံရွေးဆရာတော် ရေးသားခဲ့သည့် မဟာသီလဝပျို့၌ -

"တုလောင်ငွေမောင်း၊ စည်ပန်းတောင်းက၊ သံတောင်းပန်းတီးယား၊ အခြားခြားတည့်၊ သာမျာသာနည်း၊ ဂျမ်းကျည်းယွန်းမွန်၊ အတန်တန်ကို၊ စိတ်မြန်မှုတ်ပိုက်၊ ဇာတ်စရိုက်ဖြင့်၊ သမိုက်သမျှ၊ တီးမျိုးစသား၊ ရာဇဖွယ်ရာ၊ စိတ်တော်သာတိုင်း၊ အခါမလွဲ၊ ရွှေနန်းထဲတွင်၊ သဲသဲထိတ်ထိတ်၊ ကရဝိတ်တွန်သံ၊ ပုံနှင့်စံ၍၊ ညံညံမစဲ၊ ရွှေနန်းပွဲကို၊ စံမြဲတော်မူပါလေ" ဟူ၍လည်းကောင်း။

သက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီး ကျောက်တော်ကြီးဘုရားကို ဖူးမျှော်ရန် ထွက်တော်မူလာပုံ ဆေးရေးပုရပိုက်တစ်ဆူ၌ မြန်မာဆိုင်းဝိုင်းများအကြား မွန်ကြေးကောက် တူရိယာကိုလည်းကောင်း တွေ့ရှိရသည်။

www.monlibrary.com



ထို့ကြောင့် အင်းဝ၊ ကုန်းဘောင်ခေတ်များတွင် မြန်မာ့အနုသုခမနယ်ပယ်၌ မွန်တို့၏ ပန်တျာ အတီးအမှုတ်တူရိယာများ ဝင်ရောက် နေရာယူခဲ့ကြောင်း တွေ့ရှိရသည်။ ဤသို့ မြန်မာ့အနုသုခမနယ်ပယ်တွင် မွန်တို့၏ အတီးအမှုတ် တူရိယာများ နေရာယူလာခဲ့သည်မှာ အင်းဝကုန်းဘောင်ခေတ်ကျမှသာမဟုတ်ပုဂံခေတ်ကတည်းကပင်ဖြစ်သည်။

ပုဂံခေတ်တွင် မြန်မာတို့သည် မိမိတို့၏ မူလအခြေခံ ယဉ်ကျေးမှုအပြင် မွန်နှင့် ပျူတို့ထံမှ ယဉ်ကျေးမှု အနုပညာရပ်များ လက်ခံရရှိခဲ့သည်။ ကျန်စစ်သားမင်း နန်းတည်ကျောက်စာ၌ နန်းတည်အခမ်းအနားတွင် မြန်မာ၊ မွန်၊ ပျူ အတီးအမှုတ်အကများဖြင့် ကခုန်တီးမှုတ်ခဲ့ကြောင်း တွေ့ရှိရသည်။

www.monlibrary.com

www.monlibrary.com

## မွန်အက

⁂

မွန်တို့သည် ရှေးအခါကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် တခမ်းတနား ရပ်တည်လာခဲ့ကြသည်။ ဂီတအနုသုခုမနှင့် ပတ်သက်၍လည်း ကိုယ်ပိုင်ဂီတ၊ ကိုယ်ပိုင်အကဖြင့် အခြေမြင့်ခဲ့သူများ ဖြစ်သည်။ အေဒီ ၅ ရာစုခန့်တွင် အိန္ဒိယ၊ သီဟိုဠ်စသည့် အိမ်နီးချင်း နိုင်ငံများနှင့် ကူးလူးဆက်ဆံလာခဲ့သည်။ ထိုအခါ ယင်းနိုင်ငံများမှ အကများကို လက်ခံရရှိပြီး ကိုယ်ပိုင်ဟန်နှင့် ပေါင်းစပ်ကာ အနုသုခုမလောကကို ဆန်းသစ်တီထွင်လာခဲ့ကြသည်။ မွန်တို့

www.monlibrary.com

www.monlibrary.com



၏ အကာ၊ မွန်တို့၏ အနုသုခုမပညာရပ်များကို ပုဂံရှိ စေတီပုထိုးများမှ ရုပ်ပုံနှင့် အုတ်ခွက်များ၊ နံရံပန်းချီနှင့် စဉ့်ကွင်းများကို လေ့လာခြင်းဖြင့် အကဲဖြတ်နိုင်ပါသည်။ မွန်အကနှင့် ပတ်သက်၍ အေဒီ ၆ ရာစုနှောင်းပိုင်း ကာလကပင် တိကျခိုင်လုံသော အထောက်အထားများကို ကွမ်းဆိပ်သူရဲသမိန်ရွာတွင် တွေ့ရှိရသည်။

ကွမ်းဆိပ်သူရဲသမိန်ဆိုသည်ကား စစ်တောင်းမြစ်ဝှမ်း တစ်ဘက်ကမ်းစီ ရှိနေကြသော ကွမ်းဆိပ်ရွာနှင့် သူရဲသမိန်ရွာကိုတွဲ၍ ကွမ်းဆိပ်သူရဲသမိန်ဟု ခေါ်နေကြခြင်းဖြစ်သည်။ ရန်ကုန်မှ ညောင်လေးပင်၊ ညောင်လေးပင်မှ မဒေါက်၊ မဒေါက်မှ ၆ နာရီခန့် စစ်တောင်းမြစ်အတိုင်း အောက်သို့ စုန်ဆင်းလျှင် ကွမ်းဆိပ်သူရဲသမိန်သို့ ရောက်သည်။ ရန်ကုန်-မော်လမြိုင် မီးရထားလမ်းပေါ်ရှိ ကျောက်ညှပ် (ဝါ) သိမ်ဇရပ်မှ စစ်တောင်းမြစ်ကို ဆန်တက်လျှင်လည်း ထိုရွာများသို့ ရောက်နိုင်သည်။

ကွမ်းဆိပ်ရွာတောင်ပိုင်း ကမ်းနဖူးတွင် မုဆိုးမစေတီ ရှိသည်။ ဘုရားရင်ပြင် အရှေ့တောင်ထောင့်ရှိ သိမ်ပတ်ပတ်လည်တွင် ဝဝံကျောက်သိမ်တိုင်ကြီးများရှိသည်။ ဘုရားရှေ့ရုပ်ပွားတော်အနောက်တွင် ရုပ်ကွက်အုတ်ချပ်တစ်ခုရှိသည်။ ရုပ်ကွက်အပေါ်ပိုင်းမှာ ကျိုးပဲ့နေပြီး အဝန်းအဝိုင်းသဏ္ဍာန်ရှိသော ပုံပါဝင်ဟန်တူ၍ အောက်ခြေပိုင်းတွင် ဟင်္သာရုပ်နှင့် ကခြေသည်ရုပ်များ ထင်ထင်ရှားရှား တွေ့ရှိ

www.monlibrary.com



ရပါသည်။ လက်ရာမှာ အတော်ပင် အနုစိတ်လှသည်။ တွေ့ရှိရသော အထောက်အထားများအရ အေဒီ ၆ ရာစု သည်ဘက်ပိုင်း၌ ယင်းဒေသတွင် မွန်တို့ အခြေချနေထိုင်ခဲ့ကြောင်း အခိုင်အမာ ပြောနိုင်ပါသည်။

အခြား အထောက်အထားတစ်ခုမှာ ပဲခူးတိုင်း၊ ဝေါမြို့နယ် ကြံ့တူဘုရားတံတိုင်းတို့တွင် မြှုပ်နှံထားသော အုတ်ချပ်များ၌ တွေ့ရှိရသည်။ ယင်း အုတ်ချပ်ပါ ရုပ်ကြွများတွင် ဗုံဟုယူဆရသော တူရိယာကို တီးမှုတ်ကာ ပျော်ရွှင်မြူးတူးနေကြသူ (၆) ဦးပါရှိသည်။ ရှေ့ဆုံးတန်း ၃ ဦးအနက် လက်ယာဘက်အစွန်လူမှာ ဗုံကိုလွယ်၍ ကနေသည်။ လက်ဝဲဘက်အစွန်းဆုံး လူကိုင်ထားသော တူရိယာမှာ ထင်ထင်ရှားရှား မရှိ၍ မည်သည့်တူရိယာဖြစ်သည်ကို တပ်အပ် မပြောနိုင်ပေ။ အေဒီ ၇ ရာစုလက်ရာဖြစ်သည်။ ထို့ကြောင့် အေဒီ ၇ ရာစုခန့်ကပင် မွန်တို့ဒေသတွင် အိုးစည်၊ ဒိုးပတ် စသည့် ကျေးလက် အကများ ပေါ်ပေါက်နေပြီဖြစ်ကြောင်း အခိုင်အမာပြောနိုင်ပါသည်။

ဒွါရာဝတီကို တူးဖော်စဉ်က ဉထောင်ဒေသတွင် လှပ၍ အလွန် အချိုးကျသော ဂန္ဓာ၁၀ ကခြေသည်ရုပ်တုတစ်ခုကို တူးဖော် တွေ့ရှိရသည်။ ခေါင်းကိုမော့၊ ခါးကိုကော့၍ ခြေနှင့်လက်ကို ဆန့်ကာ အားပါးတရ ခုန်ဝဲကနေသည့်ဟန်မှာ သရုပ်ပါလှသည်။ ယင်း ကခြေသည်ရုပ်တုသည် အေဒီ ၅ ရာစု၊ ၆ ရာစု မွန်အကနှင့် ပတ်သက် ၍ ခိုင်လုံသော အထောက်အထားဖြစ်သည်။ ထို့အပြင် Ku Bua

www.monlibrary.com

www.monlibrary.com



ဒေသတွင် လက်အုပ်ချီ ကန်တော့နေဟန် ကကြိုးကို သရုပ်ဖော်ထားသည့် အင်္ဂတေ ကခြေသည်ရုပ်တုတစ်ခုကို တွေ့ရှိရသည်။ မုတ္တမတွင်လည်း (၁၃) ရာစုကဟု ယူဆရသော ကခြေသည်ပုံပါ အုတ်ခွက် (၂) ခုကို တွေ့ရှိရသည်။

အနော်ရထာမင်းလက်ထက် သထုံမှ ဂီတအနုသုခမပညာသည်များ ပုဂံသို့ ဆောင်ကျဉ်းခဲ့သဖြင့် မွန်သဘင်၊ မွန်အကတို့သည် ပုဂံတွင် ပျံ့နှံ့ထွန်းကားခဲ့သည်။ အနော်ရထာနှင့် ကျန်စစ်သားမင်းတို့ကလည်း မွန်အကသဘင်ကို အားပေးအားမြှောက်ပြုခဲ့ကြောင်း သိရှိရသည်။

အထက်က ဆိုခဲ့သည့်အတိုင်း မွန်တို့သည် မိမိတို့၏ မူရင်းရိုးရာအကရှိပြီးဖြစ်သော်လည်း အိန္ဒိယတိုင်းရင်းသားများနှင့် ဆက်ဆံလာသောအခါ အိန္ဒိယပညာရှင်များ ပြုစုခဲ့သော နစ္စသျှတ္တရကျမ်းလာ မုဒြာ (၆၄) ပါးကို ဖြည့်စွက်ကပြကြဟန် ရှိသည်။ မုဒြာဆိုသည်ကား လက်ချိုးဟန်ပင်ဖြစ်သည်။ ဤနေရာ၌ မုဒြာ (၆၄) ပါးသည် လက်ချိုးဟန်အက (၆၄) မျိုးဟူ၍လည်း ဆိုနိုင်သည်။ နစ္စသျှတ္တရကျမ်းလာ ကကွက် (၆၄) မျိုးကို အောက်ပါအတိုင်း ခွဲခြားထားပါသည်။

(၁) တစ်ဘက်တည်းသော လက်ချိုးဟန် (၂၄) မျိုး

(၂) နှစ်ဘက်ပေါင်း ပြုလုပ်အပ်သော လက်ချိုးဟန် (၁၃) မျိုး

www.monlibrary.com

www.monlibrary.com



## (၃) ဖြည့်စွက်အပ်သော လက်ချိုးဟန် (၂၇) မျိုး

ဟူ၍ ၆၄ မျိုးရှိပါသည်။ ယင်း ၆၄ မျိုးသည် မူလအရင်းခံ ကကွက်များ ဖြစ်ပေသည်။ ထို ၆၄ မျိုးကို အခြေခံပြီး အမျိုးမျိုးတီထွင်ကပြကြသည်။ ဦးခေါင်းလှုပ်ရှားမှု (၁၃) မျိုး၊ မျက်လုံးလှုပ်ရှားမှု (၂၄) မျိုး၊ လည်ပင်းလှုပ်ရှားမှု (၉) မျိုး၊ ခြေကတွင်အကျယ်အားဖြင့် (၁၀) မျိုး၊ အနုစိပ် (၂၈) မျိုး၊ အခုန်အပေါက် (၅) မျိုး၊ ကိုယ်လှည့်အမျိုး၊ ခြေလှမ်းခြေကွက် (၁၀) မျိုး စသည်ဖြင့် အသေးစိတ်ကကြိုးပေါင်း (၂၀၀၀) ခန့် ရှိသည်။

ကွယ်လွန်သူ ထိုင်းအိမ်ရှေ့မင်းသားဒမ်ရောင်သည် တမ်ရဖွန်ရမ်ခေါ် ထိုင်းအကပညာစာအုပ်ကို ပြုစုခဲ့သည်။ ယင်းစာအုပ် တွင် ကကွက်ပေါင်း (၆၄) မျိုးကို ဖော်ပြထားသည်။ ထိုကကွက်များသည် ရှေးအစဉ်အဆက်မှ ဆင်းသက်လာသော ကကွက်များဖြစ်သည်ဟု ဆိုပါသည်။ ယင်းကကွက်များသည်လည်း အိန္ဒိယတောင်ပိုင်းမှ ဆင်းသက်လာဟန် ရှိသည်။ အေဒီ ၃ ရာစုခုနှစ်များတွင် ဟိန္ဒူယဉ်ကျေးမှုသည် အင်ဒိုချိုင်းနား၊ မလေးရှား၊ ဂျာဗားစသည့်ဒေသများတွင် ပျံ့နှံ့အခြေစိုက်လာပြီဖြစ်ပါသည်။ ဖော်ပြပါ မူဒြာ (၆၄) မျိုး (ဝါ) ကကွက်များမှ အသုံးများသော ကကွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

www.monlibrary.com

www.monlibrary.com



## (၁) အဉ္ဇလိ

ဘုရားရှင်၊ ဆရာသမားနှင့် ဗြဟ္မာတို့အား ရှိခိုးခြင်းကို ဖော်ညွှန်းသည်။



အဉ္ဇလိ

## (၂) မယူရာ

ဥဒေါင်းလည်တိုင်၊ နွယ်ပင်၊ ငှက်၊ ပျို့အန်ခြင်း၊ ဆံထုံးခြင်း၊ နဖူးပြင်၌ မင်္ဂလာရှိသော အမှတ်၊ မြစ်ရေဖြင့် ပက်ဖြန်းခြင်း၊ သျှတ္တရကျမ်းနှင့် ထင်ရှားသော အချက်တို့အား ဆွေးနွေးခြင်းကို ပြဆိုသည်။



မယူရာ

## (၃) အဒ္ဓစန္ဒ

လဆုတ် (၈) ရက်နေ့လ၊ လည်ပင်းကိုဖမ်းအပ်သော လက်၊ လှံ၊ ရုပ်ပွားတော်ကို အနေကဇာတင်ခြင်း၊ ခွက်၊ မူလ၊ လက်ဝတ်တန်ဆာပစ္စည်း၊ နှလုံးမွေ့လျော်ခြင်း၊အတ္တဈာန်သမာပတ် ဝင်စားခြင်း၊ ကိုယ်လက်အင်္ဂါတို့ကို တွေ့ထိခြင်းနှင့် နှုတ်ခွန်းဆက်သခြင်းကိုပြဆို သည်။



အဒ္ဓစန္ဒ

www.monlibrary.com



## (၄) ဟံသာသ္ယ



ဂ ဟံသာသ္ယ ဂ

ဆုပေးခြင်း၊ မီးစာကို မြှင့်တင်ခြင်း၊ ဆုတောင်းပြည့် ကျောက်တုံး၊ ပုလဲဟန်ပန်းချီရုပ်၊ အတုယူခြင်း၊ကြိုးနှင့် ချည်နှောင်ခြင်း စသည်တို့ကိုပြဆိုသည်။

## (၅) ကီလာက



ဂ ကီလာက ဂ

ချစ်ခြင်း၊ စကားပြောခြင်းတို့ ကို ပြဆိုသည်။

ရှိုးရာအကကို ယေဘုယျအားဖြင့် (၃) မျိုး ခွဲခြားထားသည်။

## (၁) ပွဲ - ကချိန် - ကသက်

ယင်းအကတွင် နူးညံ့သိမ်မွေ့ပျော့ပြောင်းသည့် ကကြိုးကဟန်တို့ဖြင့် ဖန်တီးထားသည်။ ရှေးမွန်နှစ်ပါးသွားအကတွင် ၎င်းကကြိုးကဟန်များ တွေ့ရသည်။ ရှေးမွန်နှစ်ပါးသွားအကတွင် ဇာတ်စင်ဟူ၍ သီးခြားမရှိ။ မြေပြန့် (သို့မဟုတ်) တလင်းပြင်မှာသာ ကပြလေ့ရှိသည်။ ၎င်းအကကို စမားဒွက်အကဟု ခေါ်သည်။ မင်းသားမင်းသမီး အချီအချ တစ်ကျော့စီ မေးဖြေသီဆိုရင်း ကပြရသော မြေ

www.monlibrary.com

www.monlibrary.com



ဝိုင်းအကမျိုးဖြစ်သည်။ မိကျောင်းတူရိယာကို အသားပေး တီးမှုတ်လေ့ရှိသည်။ ကနေသောအခါ အသံမှန်ဖြင့် တီးလေ့ရှိပြီး သီချင်းကြီး တီးလျှင် ခုနစ် သို့မဟုတ် လေးပေါက်နှင့် ကိုက်ညီသည်။ မွန်နှစ်ပါးသွား အကသည် ဘာလီကျွန်းသူ ကျွန်းသားများ၏ နှစ်ပါးသွားအကနှင့် ခပ်ဆင်ဆင်ရှိသည်။

## (၂) ပွ ပလဲ

ခပ်ရွှင်ရွှင် ခက်သွက်သွက်တီးရ ဆိုရသည့် အကမျိုးဖြစ်သည်။ တူရိယာနှင့် တီးဟန် ကဟန်၊ ဆိုဟန်တို့တွင် တမူထူးခြားသော်လည်း သဘောအားဖြင့် မြန်မာ့အိုးစည် ဒိုးပတ်ကဲ့သို့သော အကမျိုးဖြစ်သည်။ အိုးစည်ဒိုးပတ်အကဆိုသည်ကလည်း အေဒီ ၈ ရာစုကပင် မွန်ဒေသကျေးလက်များတွင် ကခဲ့ကြသည့် အကများဖြစ်သည်။ ပွ ပလဲအကကို ဘုရားပွဲ၊ အလှူပွဲ၊ ရှင်လောင်းပွဲနှင့် လယ်ပွဲများတွင် အများဆုံး တွေ့ရပြီး အချို့က တစ်ဦးချင်းက၍ အချို့က အဖွဲ့လိုက် ကလေ့ရှိကြသည်။

ပွ ပလဲအကကို (၂) မျိုး ခွဲခြားထားသည်။ ပထမတစ်မျိုးမှာ ခုန်ဟန်မြူးဟန်ကို အသားပေး၍ ကရသော အကများပါဝင်ပြီး ဒုတိယ အမျိုးအစားတွင် အလမ္ပာယ်ကစားဟန်၊ ကျော့ဟန်စသည့် အကများ ပါဝင်ပေသည်။ ဒုတိယအမျိုးအစားတွင် ပွ လမ်းဟု ခေါ်ပါသည်။

www.monlibrary.com

www.monlibrary.com



(၃) ပွ ဇား

ပွ ဇားဆိုသည်မှာ ဇာတ်ပွဲအကကို ဆိုလိုခြင်းဖြစ်သည်။ မွန်ဇာတ်ပွဲမှာ မြန်မာဇာတ်ပွဲကဲ့သို့ပင် ဖြစ်သည်။ မွန်လိုပြော၊ မွန်လိုဆိုပြီး၊ မွန်ဟန်ဖြင့် ကပြခြင်းသာ ထူးခြားသည်။

မွန်နှစ်ပါးသွား၊ တပင်တိုင်၊ ယိမ်း စသည့် ရိုးရာအကအားလုံးတွင် အခြေခံကကြိုး (၁၂) မျိုးရှိသည်။



ဂ မွန်နှစ်ပါးသွား (ယောင်းထောင်းရွာ) ဂ

www.monlibrary.com

www.monlibrary.com



## (၁) ကျေးငှက်ကနည်း (ကျေးငှက်မှ ဆင်းသက်သည့် အက)

သပြေပင်မှ သပြေသီးမှည့်များကို ကျေးငှက်သာရကာတို့ ဝိုင်းအုံ ထိုးဆိတ်စားသောက်နေကြပုံ၊ လေအဝှေ့တွင် ဝေ့ကာ ဝိုက်ကာ ကြွေကျလာသော သစ်သီးများကို ကျေးငှက်များ လေမှာ ဝဲပျံ၍ လိုက်လံထိုးဆိတ်ဟန်တို့ကို အတုယူ၍ ရှေးမွန်လူမျိုးတို့က ဤကကြိုးကို တီထွင်ခဲ့ဟန်ရှိပါသည်။ ဤကကြိုးတွင် လက်ညှိုးနှင့် လက်မကွေးထားပြီး ကျန်လက်သုံးချောင်းကို ထောင်၍ကသည့် ဟန်အများဆုံး အသုံးပြုထားသည်ကို တွေ့ရှိရသည်။

## (၂) ယပ်တောင်အက

ယပ်တောင် ညီညာပြန့်ကားဟန်ကို အခြေခံ၍ တီထွင်ထားဟန်ရှိသည်။ မွန်ယိမ်းများတွင် ယိမ်းသမများ ကနေစဉ် အနေအထား ကူးပြောင်းရာတွင်လည်းကောင်း၊ လက်ကို ဝှေ့ယမ်းလှုပ်ရှားရာတွင် လည်းကောင်း၊ ယပ်တောင်ပုံစံနှင့် ယပ်ခတ်ပုံ ကဟန်များကို လေ့လာ တွေ့ရှိနိုင်ပေသည်။ ၎င်းကို ယပ်တောင်ရိုက်ကဟန်ဟုလည်း ခေါ် သည်။

## (၃) ကြာဖူးအက

ပဒုမ္မာကြာ၏ ဖူးဟန်ငုံဟန်၊ ပွင့်ဟန်များကို မှီ၍ အကကို တီထွင်ခဲ့ဟန်ရှိသည်။ ကြာဖူးအကကရာတွင် လက်ချောင်းအားလုံး

www.monlibrary.com

www.monlibrary.com



ကို စု၍ ထောင်ကာ ကလေ့ရှိသည်။ အထူးသဖြင့် ရှေးမွန်တပင်တိုင် အကများတွင် ကြာဖူးအကကို အသုံးပြုကြသည်။

## (၄) ကိန္နရာအက

ဟိမဝန္တာတောတွင် ပျံသန်းကျက်စားကြသည့် လူတပိုင်း ငှက်တပိုင်း ကိန္နရာတို့၏ ပျံသန်းပျော်မြူးဟန်ကိုမှီ၍ ကကြိုးကကွက်များ တီထွင်ခဲ့ဟန်ရှိသည်။ ကိန္နရာမောင်နှံတို့ တောင်ပံယှက်ကာ ဝဲပျံဟန်၊ တောင်ပံခတ်ဟန်၊ လက်ခုံကလေးများ တဖျပ်ဖျပ်လှုပ်၍ ကဟန်များကို ကိန္နရာယိမ်းနှင့် နှစ်ပါးသွားအကများတွင် တွေ့မြင်နိုင်သည်။

## (၅) ကြက်တညင်အက

ကြက်ဖသည် ကြင်ဖော်ကြက်မကို မြင်တွေ့ရ၍ အားပါးတရ ပြေးသွားကာ တွေ့ဆုံကြဟန်ကို နမူနာယူပြီး ကြက်တညင်အကကို တီထွင်ခဲ့ဟန်ရှိသည်။ မွန်ရှေးဟောင်းနှစ်ပါးသွား အကကပြရာတွင် မင်းသမီးသည် မလှမ်းမကမ်းမှ ညှို့ဟန်ဖြင့် ကပြနေစဉ် မင်းသားသည် ဆောင့်ကြောင့်ထိုင်လျက် မင်းသမီးဆီ ပြေးသွားပြီး နောက်သို့ခုန်ထွက်ဟန် မင်းသမီးအား ဝေ့ဝိုက်ရစ်ပိုက်၍ ကဟန်များပါရှိသည်။

www.monlibrary.com

www.monlibrary.com



## (၆) ပန်းဝိုင်းအက

ပန်းခူးပြီး စေတနာထက်သန်စွာ လှူတန်းလိုစိတ်ဖြင့် မိမိကုသိုလ်ကောင်းမှုအတွက် အားရရွှင်မြူးစွာ ကခုန်ဟန်ဖြစ်သည်။ ပန်းကို တကယ်ကိုင်၍ ကနေခြင်းမဟုတ် ကြည့်ရသူတို့၏ စိတ်ဝယ် ပန်းကို တကယ်ကိုင်ဆောင်နေဟန်နှင့် ကခုန်ရွှင်မြူးနေသည့်သူ၏ သဒ္ဓါ စိတ်အဟုန်လာ၍ထင်ဟပ်အောင် ကရသည့် အကမျိုးဖြစ်ပေသည်။

## (၇) လှေလှော်အက

ရှေးဟောင်းမွန်သဘင် ဂီတတို့တွင် မြန်မာလှေတော်သံကဲ့သို့သော လှေတော်သံ၊ ရေကင်းသံများ ပါရှိသည်။ ပွဲ ဇားခေါ် ဇာတ်ကွက် ဇာတ်လမ်း ခင်းကျင်းကပြသည့်အခါ လှေဖောင်မျှောသည့် အခန်းများတွင် လှေတော်သံအလိုက် အဆိုအကများ မြင်တွေ့နိုင်သည်။ လှေတော်သံအလိုက် လှော်တက်ကို ကိုင်ဟန်နွဲ့ကာ ယိမ်းကာ ကပြရသည်ကို အကြောင်းပြု၍ လှေတော်သံက ကြိုးလှေတော် ယိမ်းဟူ၍ ခေါ်တွင်ခဲ့သည်။

## (၈) ပန်းစားအက

ပန်းစားအကများတွင် လက်ဝယ် ပန်းစည်းများ ကိုင်ပြီး ကိုယ်ကို ဘယ်မှညာ၊ ညာမှဘယ် ဝှေ့ကာ ယိမ်းကာဖြင့် နတ်ဒိုး၊ နတ်သံအလိုက်ကပြရသော ကကြိုးဖြစ်သည်။

www.monlibrary.com

www.monlibrary.com



## (၉) ဒေဝပဗ္ဗန်အက

ဒေဝပဗ္ဗန်ကို မြန်မာဘာသာအားဖြင့် မိုးနတ်သားဟု အဓိပ္ပာယ်ရသော်လည်း မွန်တို့က လက်ညှိုးနတ်သားဟုသာ အမည်ပေးထားသည်။ ဒေဝပဗ္ဗန်အကသည် လက်ညှိုးကို အဓိကထား၍ ကပြရသော ကကြိုးတစ်မျိုးဖြစ်သည်။ လက်ညှိုးညွှန်နတ်သားအက ဟုလည်း ခေါ်ကြသည်။ ယင်းအကတွင် ဘီလူးကဟန်များလည်း ပါဝင်သည်။

## (၁၀) အရှေ့တိုင်းအက

အေဒီ (၅) ရာစုခန့်တွင် မွန်နှင့်ထိုင်း ကူးလူးဆက်ဆံမှု ရှိခဲ့သည်။ ထိုင်းသည် မွန်ဒေသ၏ အရှေ့ဘက်တွင် ရှိသဖြင့် မွန်တို့က အရှေ့တိုင်းဟု ခေါ်ခဲ့ဟန်တူသည်။ အရှေ့တိုင်းအကမှာ မွန်တို့ထိုင်းမှ ရရှိခဲ့ဟန်တူပါသည်။ ယင်းအကတွင် ယပ်တောင်ကဟန်ကို အခြေခံ၍ ကိုယ်ကိုကိုင်းညွှတ်၍ ကရသည့် ကဟန်များပါဝင်သည်။

## (၁၁) ဓားအက

မွန်ဓားအကမှာ မြန်မာ၊ ရှမ်းများကဲ့သို့ သိုင်းကွက်ဟန် ရေးပြကစားနည်းမျိုးမဟုတ်၊ ဓားနှစ်လက်ကိုင်ပြီး ခုန်ကပေါက်ကာ ကိုယ်ကို ယိမ်းကာကရသည့် ကကြိုးတစ်မျိုးဖြစ်သည်။ အထူးသဖြင့် ဓားကိုင်၍ ခုန်ရာတွင် ခြေစုံခုန်၍ ကရသည်ဟု သိရသည်။

www.monlibrary.com

www.monlibrary.com



## (၁၂) ပလေး - ဟလန်း

ယင်းအကသည် တူရိယာသံ အကြီးအငယ် အလေးအပေါ့ အရှင် အဆတ် အသံပြောင်းပုံကို လိုက်၍ လိုက်လျောညီစွာ ကရသည့် ကကြိုးတစ်မျိုးဖြစ်သည်။ ၎င်းအကကို လခြမ်းတူရိယာနှင့် တွဲ၍ ကပြလေ့ရှိသည်။ မွန်တပင်တိုင်ကရာတွင် များသောအားဖြင့် ကျေးငှက်တို့ ကဟန်များ၊ ကြာဖူးအကနှင့် ပလေး-ဟလန်းခေါ် ကကြိုးများ ပါဝင်သည်ကို တွေ့ရှိရသည်။

www.monlibrary.com

www.monlibrary.com

## မွန်ပတ္တလား

❋

ပတ္တလားဟူသော ဝေါဟာရသည် သသ်ရိုက်ဘာသာနှင့် မွန်ဘာသာ ပေါင်းစပ်ခေါ်ဝေါ်ထားခြင်းဖြစ်သည်။ သသ်ရိုက်ဘာသာတွင် အတီး၊ အမှုတ်ကို ဝါဒျဟု ခေါ်ရာ မွန်လူမျိုးတို့က ရှေးပိုင်းကို ယူ၍ ဗာတ်ဟု ခေါ်သည်။ မွန်ဘာသာကဠာ (ကလား) ဟူသော ဝေါဟာရသည် တာလျားမှရွေ့လျောလာသော မြန်မာဘာသာ တလားနှင့် အတူတူပင်ဖြစ်၍ သေတ္တာဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် မြန်မာဘာသာ ပတ္တားသည် မွန်ဘာသာ ဗာတ်တဠာကို

www.monlibrary.com

www.monlibrary.com



အသံလှယ်ထားခြင်းသာ ဖြစ်သည်။ ဟတ်ဆွဲ၏ မွန်အဘိဓာန်တွင် ပတ္တလား(ဝါ)ဗာတ်တဥ္စာကို မွန်ဝေါဟာရအဖြစ် ဖော်ပြထားပေသည်။ သို့ရာတွင် အဓိပ္ပာယ်ဖွင့်ဆိုရာ၌ စက်ဝန်း၏ လေးပုံသုံးပုံရှိ မွန်တူရိယာဟု ဖော်ပြထားသဖြင့် ပတ္တလားနှင့် ဗာတ်ကိုင် (လခြမ်းတူရိယာ) အမှတ်မှားခဲ့ခြင်းဖြစ်ပေမည်။ ထိုင်းတူရိယာတွင် ဗုံကဲ့သို့ အသံလှိုင်းတူရိယာကို ပတ်ဟုခေါ်သည်။ ယင်းထိုင်းဘာသာ ပတ်ဟုခေါ်သော ဝေါဟာရသည်လည်း သက္ကဋဘာသာမှ ဆင်းသက်လာခြင်း ဖြစ်သည်။

ပတ္တလားသည် အကြိုသမိုင်းကာလက ပေါ်ပေါက်ခဲ့သော တူရိယာတစ်မျိုးဖြစ်သည်။ ပတ္တလား စတင်ထွန်းကားရာ အရပ်ဒေသသည် ဝါးပင်များ ပေါက်ရောက်သည့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော မာလာယုကျွန်းဆွယ်၊ ဆုမတြာကျွန်း၊ ဂျာဗားကျွန်း၊ ထိုင်းနှင့် မြန်မာတို့ဖြစ်သည်။

မဒါဂါစကားမှ တိုင်းရင်းသားလူမျိုးတို့သည် မြေကြီးကို ကျင်းတူး၍ ၎င်းအပေါ်တွင် ဝါးခြမ်းများတင်ပြီးလျှင် တုတ်ဖြင့် တီးခတ်ကြသည်။ မြေကျင်းသည် ပတ္တလားအိမ်ကဲ့သို့ လိုက်ဖက်သံဖြစ်ပေါ်စေသည်။ ထို့နောက် ခြေဆန့်ထိုင်ကာ ပတ္တလားအဆံကဲ့သို့သော ဝါးခြမ်းပြားများကို ခြေထောက်ပေါ် ကန့်လန့်ဖြတ်တင်၍ တီးခတ်ခဲ့ကြသည်။ထို့မှတစ်ဆင့် မျဉ်းပြိုင်တန်းထားသော သစ်တုံးနှစ်တုံးပေါ်

www.monlibrary.com

www.monlibrary.com



အဆံများ ကန့်လန့်ဖြတ်တင်၍ တီးသောအဆင့်ကို ရောက်လာသည်။ သည့်နောက် အဆံများကို ကြိုးနှင့်သီပြီး ငုတ်တိုင်လေးတိုင်တွင် ချိတ်၍တီးလာကြသည်။ နောင်အခါ ပတ္တလားရွက်အောက်တွင် ဗူးအိုးများခံကာ တီးလာကြပြီးနောက် လေးထောင့်သေတ္တာပေါ်တွင် အဆံတင်၍ တီးခတ်လာကြသည်။

ပတ္တလားသည် အကြမ်းအားဖြင့် သုံးမျိုးသုံးစားရှိသည်။ အုံးခံတုံးလုံးပတ္တလား၊ ကြိုးသီခြေတံစုံပတ္တလားနှင့် ဒေါင်လိုက်ပတ္တလားဖြစ်ပါသည်။ ယင်းတို့အနက် ဒေါင်လိုက်ပတ္တလားမှာ အလွန်အသုံးနည်းသည်။ ပုတီးကုံးဆွဲသကဲ့သို့ရှိသော ပတ္တလားမျိုးသည် မွန်ပတ္တလား၊ ထိုင်းနိုင်ငံမှ နရတ်နှင့် ကမ္ဘောဒီးယားမှ ရိုနိပတ္တလားတို့ဖြစ်သည်။ ကမ္ဘောဒီးယား ရိုနိပတ္တလားနှင့် ပတ်သက်၍ အန်ကောဝပ်ဘုရားကျောင်း ရုပ်လုံးရုပ်ကြွများတွင်လည်းကောင်း၊ ခမာမှတ်တမ်းများတွင်လည်းကောင်း မတွေ့ရပေ။ ထိုင်းတို့၏ နရတ်ပတ္တလားကိုမူ (၁၇၂၇) ခုနှစ်၊ အလက်စန္ဒားမီလ်တန်၏ မှတ်တမ်းနှင့် (၁၈၃၉) ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည့် ကောင်းဝပ်ပဲကွန်၏ ခရီးသွားမှတ်တမ်းများ၌ တွေ့ရှိရသည်။ ၎င်း၏ မှတ်တမ်းတွင် ကောင်းဝပ်ပဲကွမ်က ပတ္တလားကို ပိုတိုလာဟူ၍ ဖော်ပြခဲ့သည်။

ထိုင်းနိုင်ငံတွင် လက်ရှိတီးခတ်နေသော ပတ္တလားကို ရနတ်ဟု ခေါ်သည်။ ဝါးထက် သစ်သားပြားကို ပို၍ အသုံးများသည်။

www.monlibrary.com

www.monlibrary.com



ထိုင်း ပတ္တလား (၂) မျိုးရှိရာ အသံမြင့်သော ရှေးပတ္တလားကို ရနတ်အက်ဟု ခေါ်သည်။ တတိယမြောက် ရာမဘုရင်လက်ထက် ခရစ်နှစ် (၁၈၂၄)-(၁၈၅၄) အတွင်း အသစ်တီထွင်သော ပတ္တလားကို ရနတ်ထွန်းဟု ခေါ်သည်။ ရနတ်အက်တွင် အရွက် (၂၁) ရွက်ပါရှိပြီး အိမ်မှာ ပို၍ကျယ်သည်။ ချည်မျှင်ဖြင့် ရစ်ပတ်ထားသော လက်ခတ်ဖြင့် တီးရသည်။ ရနတ်ထွန်းတွင် အရွက် (၁၇) ရွက်မှ (၁၈) ရွက် အထိ ပါရှိပြီး အရွယ်အစားအားဖြင့် ပို၍ကြီးသည်။ ထိုင်းနိုင်ငံတွင် သစ်လုံးငယ်ကို အဆံအဖြစ်အသုံးပြုသော ပတ္တလားတစ်မျိုးကိုလည်း ထူးထူးခြားခြား တွေ့ရှိရသည်။ ယင်းပတ္တလားမျိုးကို ကုန်းခေါင်သည့် ဂါလာဆင်နယ်တွင်သာ တွေ့ရှိရ၍ လွန်စွာ ရှေးမကျလှပေ။ သစ်လုံးငယ် (၁၂) လုံးပါ၍ အထက်စွန်းကို သစ်ပင်ပေါ် ချိတ်ပြီး စို့ ငုတ်၌ဖြစ်စေ၊ ခြေထောက်နှင့်ဖြစ်စေ ချိပြီး တီးရသည်။ အခြားတစ်ဦးက အသံမြိုင်အောင် တစ်သံချင်း ဝင်တီးပေးနေတတ်သည်။ ယင်းပတ္တလားကို ဘောင်လန် (ဝါ) ကောသောဟု ခေါ်သည်။

ထိုသစ်လုံး ပတ္တလားနည်းတူ ဝါးလုံးပတ္တလားတစ်မျိုးကို ကရင်အမျိုးသားတို့ တီးခတ်ခဲ့ကြောင်း ဟာရီအစ်ဂနေတီယက်မာရှယ်၏ မြန်မာနိုင်ငံ ကရင်အမျိုးသားများအကြောင်း စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။ ဝါးလုံးတိုရှည် (၁၁) လုံးကို စီ၍ တီးရသည်။ ယင်းပတ္တလားကို ပေါ်ကုဟုခေါ်သည်။ ဝါးလုံး၏ တစ်ဘက်ထိပ်တွင် အဆစ်ပါပြီး ကျန်တစ်ဘက်တွင် အပေါက်ဖြစ်အောင် ခပ်စောင်း

www.monlibrary.com

www.monlibrary.com



စောင်း ဖြတ်ထားသည်။ တီးသောအခါ ခပ်စောင်းစောင်းထောင်ပြီး ဝါးလက်ခတ်နှစ်ခုဖြင့် တီးခတ်ရသည်။ ခရီးသွားလာရင်း စခန်းချ ရပ်နားသောအခါ ယင်းပတ္တလားကို ပြုလုပ်တီးခတ်ကြပြီး ခရီးဆက် လျှင် သည်အတိုင်း စွန့်ပစ်ခဲ့ကြောင်း ဖော်ပြထားသည်။ ဖိလစ်ပိုင်နှင့် ကျွန်းနိုင်ငံများတွင်လည်း ပတ္တလားကို အသုံးပြုခဲ့ကြသည်။ လာအို တွင် ၎င်းတို့၏ ပတ္တလားကို နန်နတ် (သို့မဟုတ်) ရန်နတ်ဟု ခေါ် သည်။ ဂျပန်တို့၏ မော့ကင်ခေါ် ပတ္တလားမှာ အရွက် (၁၆) ရွက်ပါ ရှိ၍ ဂျာဗားကျွန်းမှ ပါဝမ်ဗမ်ခေါ် အရွက် (၂၀) ပါ ပတ္တလားကို အတုယူပြုလုပ်ထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအနေဖြင့် အနုသုခုမနှင့် ပတ်သက်၍ မှတ်တမ်း မှတ်ရာ တိတိကျကျရှိခဲ့သော ကာလမှာ အေဒီ (၈၀၁) ခုနှစ်ဖြစ်ပါ သည်။ အေဒီ (၈၀၁) ခုနှစ်တွင် ပျူမင်း ယုန်ချီအနင်သည် ပျူဂီတ အဖွဲ့တစ်ဖွဲ့ကို တရုတ်ပြည်သို့ စေလွှတ်ခဲ့သည်။ ဂီတအဖွဲ့တွင် တူရိ ယာပစ္စည်း (၂၂) မျိုး ပါသွားကြောင်း သိရှိရသည်။ ယင်းတူရိယာ ၂၂ မျိုးတွင် ဝါးပတ္တလားကို မတွေ့ရပေ။ ပုဂံခေတ် ကျောက်စာများ တွင်လည်းကောင်း၊ ဆေးရေးနံရံပန်းချီများတွင်လည်းကောင်း ပတ္တ လားဟူသော ဝေါဟာရနှင့် ပတ္တလားပုံကို မတွေ့ခဲ့ရချေ။

အနောက်တိုင်း သုတေသီများက အာရှ အရှေ့တောင်ပိုင်း ဂျာဗား၊ စုမတြာ၊ ဘော်နီယို၊ မလေးကျွန်းဆွယ်နှင့် ထိုင်းနိုင်ငံတို့တွင် လွှမ်းခဲ့သော နှစ်ပေါင်းများစွာကပင် ပတ္တလားကို အသုံးပြုနေကြပြီ

www.monlibrary.com



ဟုဆိုပါသည်။ ပဿျူး ဘာလီကျွန်း တူရိယာများတွင်လည်း ပတ္တလား ပါဝင်နေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပတ္တလားသည် ပဿျူး ထိုင်းတို့နှင့် အဆက်အဆံများသော ခမာလူမျိုးများမှတဆင့် မွန်တို့က ရရှိပြီး မြန်မာနိုင်ငံ အနှံ့ ပျံ့နှံ့ခဲ့ကြောင်း၊ အချို့ သုတေသီများကမူ ပတ္တလားကို အင်ဒိုနီးရှား၊ ထိုင်းတို့မှတဆင့် မွန်တို့ လက်ခံရရှိခဲ့ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။

သို့သော် ထိုင်းသုတေသန ပညာရှင်များကမူ ပတ္တလားသည် မွန်မှ စတင်ကြောင်း အတိအလင်းဝန်ခံခဲ့ကြသည်။ (၁၉၈၁) ခုနှစ် ဇန်နဝါရီလနှင့် ဇူလိုင်လထုတ် ထိုင်းသုတေသနအသင်း ဂျာနယ်တွင် အမေရိကန်နိုင်ငံ တက္ကသိုလ်ဂီတပညာသင်ကျောင်းမှ သုတေသီ ဘဲရီ အီးမိလာနှင့် ထိုင်းနိုင်ငံ ရှရီနရကင်တက္ကသိုလ်ဂီတဌာနမှ သုတေသီ ဂျရန်ချိုင်ချပေရွတ်တို့ ပူးပေါင်းရေးသားသည့် ထိုင်းပတ္တလားများ၏ မူလအစသုတေသန စာတမ်းတွင် -

"၁၈၆၇ ခုနှစ် စစ်ပွဲများ (ထိုင်း-မြန်မာ) ကြောင့် နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ခွင့်မရခဲ့ပေ။ သို့သော် တူရိယာပစ္စည်းများကား အပြန်အလှန် ကူးလူးဆက်ဆံမှုရှိခဲ့ပေသည်။ မြန်မာနိုင်ငံတွင် ပတ္တလား တူရိယာသည် ထိုင်းနိုင်ငံမှာထက်စောစွာ တည်ရှိနေပြီး ဖြစ်သည်ကို ကျွန်ုပ်တို့ အထောက်အထားပြနိုင်သည်သာမက ထို တူရိယာသည် မူလအစ မွန်တို့၏ တူရိယာအဖြစ် ရင်းမြစ်ညွှန်ပြနေသည့် အပြင် (၁၈၅၂) ခုနှစ်တွင် ထိုင်းနိုင်ငံအကြောင်း ရေးသားခဲ့သော

www.monlibrary.com



အက်ဖ်အေနီးလီကလည်း ထိုင်းသံစုံတူရိယာ ပတ္တလားသည် မြန်မာတို့ တီထွင်သော မြန်မာတူရိယာစစ်စစ်ဖြစ်၍ တီးခတ်ရာတွင် အိမ်နီးချင်းနိုင်ငံများထက် ပို၍ ကျွမ်းကျင်ပြီး ဇယ်ဆက်သလို တီးခတ်နိုင်သူများ ရှိသည်" ဟူ၍ ဖော်ပြခဲ့သည်။

ပတ္တလားကို မွန်၊ ထိုင်း၊ ပသျှူး၊ ဂျာဗား (အင်ဒိုနီးရှား) တို့က အလွန် ရှေးကျသော ကာလကပင် သုံးစွဲခဲ့ကြသော်လည်း မြန်မာတို့ကမူ ကုန်းဘောင်ခေတ် ဆင်ဖြူရှင် ထိုင်းကို အောင်နိုင်ပြီးမှသာ စတင် သုံးစွဲခဲ့သည်ဟု ယူဆဖွယ်ရှိသည်။ သို့သော် အချို့ပညာရှင်များကမူ ဆင်ဖြူရှင်မင်းတရားမှာ နှစ်ပါးရှိသဖြင့် ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မဖြစ်နိုင်၊ ယိုးဒယားကို စစ်အောင်နိုင်သူမှာ ဘုရင့်နောင် ဆင်ဖြူရှင်မင်းတရားသာဖြစ်နိုင်သည်။ ကုန်းဘောင်ခေတ်ထက် စောဖွယ်ရာရှိကြောင်း စောဒကတက်လိုကြသည်။ မည်သို့ပင်ဖြစ်စေ မြန်မာတို့သည် ပတ္တလားကို ထိုင်းမှတစ်ဆင့်ရရှိပြီး ထိုင်းထက် နောက်ကျ၍ အသုံးပြုခဲ့သည်ကို တွေ့ရှိရသည်။ ထိုင်းကလည်း ပတ္တလားကို မွန်တို့ထံမှ ရရှိခဲ့ကြောင်း အထက်တွင်ဆိုခဲ့ပြီ။ ထို့ကြောင့် မြန်မာတို့သည် ပတ္တလားကို ထိုင်းတို့ထံမှ ရရှိသည်ဆိုခြင်းထက် မွန်တို့ထံမှ ရရှိသည်ဆိုခြင်းက ပို၍ မှန်ကန်မည်သာ ဖြစ်ပါသည်။ မွန်တို့သည် မြန်မာနိုင်ငံသားဖြစ်သဖြင့် အက်ဖ်အေနီးလီက နိုင်ငံအနေနှင့် ခြုံ၍ ပတ္တလားတီထွင်သူကို မြန်မာဟုရေးသားခဲ့ခြင်းဖြစ်ပေသည်။ ထိုင်းတို့၏ ရနတ်ပတ္တလား၏ ရှေ့ပြေးမှာလည်း မွန်ပတ္တလားပင်ဖြစ်ပေသည်။

www.monlibrary.com

www.monlibrary.com



အထက်က ဆိုခဲ့သည့်အတိုင်း ပတ္တလားဟူသော ဝေါဟာရကို ပုဂံခေတ်တွင်မတွေ့ရဘဲ သက္ကရာဇ် ၈၃၉ ခုနှစ် မွန်ဘုရင် ဓမ္မစေတီမင်း ရေးထိုးခဲ့သော ပဲခူးကလျာဏီသိမ်ကျောက်စာတွင် အစောဆုံး တွေ့ရသည်။ ယင်းကျောက်စာအရ ဓမ္မစေတီမင်းက သီဟိုဠ်မင်းအား တုံ့ပြန်လက်ဆောင်ပေးရာတွင် ပတ္တလားတစ်ခု ပါဝင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ပတ္တလားကို အစောဆုံး အသုံးပြုသူမှာ မွန်လူမျိုးပင်ဖြစ်သည်။ အချို့ သုတေသီများကမူ ဓမ္မစေတီမတိုင်မီ ရာဇဓိရာဇ်လက်ထက်ကပင် ပတ္တလားသည် မွန်တို့ဒေသတွင် ရှိနှင့်နေပြီဟု ဆိုကြသည်။

အရှေ့အိန္ဒိယ မှတ်တမ်းအဖြစ် ရေးသားထားသော အလက်ဇန္ဒားမီလ်တန်၏ ၁၇၂၇ ခုတွင် ပဲခူးမွန်တို့အကြောင်းကို ဖော်ပြရာ၌ ယင်းတို့၏ ရေတံလျှောက်ဇလားခွက်ပုံစံတွင် အကြီးအငယ် သံစဉ်အမျိုးမျိုးထွက်သော (ခေါင်းလောင်း) ၂၀ ခန့် ပုံသေစီတန်းထားသော တူရိယာရှိသည်။ ဤနေရာ၌ ခေါင်းလောင်းဟူသော စကားမှာအသံလွှင်၍ ကောက်ချိုင့်ထားသည့် ပတ္တလားအရွက်ကို အခြား ဝေါဟာရတစ်ခု ရှာ၍ မရသဖြင့် ခေါင်းလောင်းဟု သုံးစွဲထားခြင်း ဖြစ်သည်။ အလက်ဇန္ဒားမီလ်တန် ဖော်ပြထားသော ပတ္တလားသည် သံပတ္တလားကြေးနောင်ဝိုင်းဖြစ်နိုင်သည်။

ပတ္တလားကို မွန်တို့ အသုံးပြုပြီးနောက် ရခိုင်တို့ အသုံးပြုလာသည်ကို တွေ့ရှိရသည်။ သက္ကရာဇ် ၉၅၀ ကျော်ခန့်က ရေးစပ်

www.monlibrary.com



ခဲ့သော ရခိုင်စာဆို ဥက္ကာပျံ၏ သီတင်းကျွတ်လဘွဲ့ရတုတွင် 'ပိန်ပေါင်ခရာ၊ စည်ဒုပ္ပါနှင့်၊ ပတ်သာမြို့လုမ်းချုံမျှ၊ ကခြိမ့်ပတ္တလား၊ စောင်းငြင်းပြီးသာ၊ တူရိယာလူ့ရွာသဘင်' ဟူ၍ စပ်ဆိုခဲ့သည်။

မြန်မာတို့သည် ကုန်းဘောင်ခေတ်ထက်စော၍ ပတ္တလားကို အသုံးပြုခဲ့ကြသည်ဟု ဆိုသော်လည်း ကုန်းဘောင်ခေတ်ထက်စောသော အင်းဝခေတ် ကျောက်စာများနှင့် ကဗျာစာပေများတွင် ပတ္တလား ဝေါဟာရကို မတွေ့ရပေ။ ကုန်းဘောင်ခေတ်လယ် ကဗျာစာပေတို့တွင်သာ တွေ့ရှိရသည်။

ဝေသန္တရာပျို့တွင် -

"စောင်းညှင်းမိကျောင်း၊ အောင်းကလေးကျော်၊ သံပေါ်လက်ခုပ်၊ စည်းစုပ်ပတ္တလား၊ စန္ဒယားတို့၊ ထွေပြားရေးရာ၊ တေးတျာမြွတ်၊ ငြိမ်သတ်သီးသီး၊ နားမငြီးအောင်၊ မှုတ်တီးလိုက်လာ၊ အငြိမ့်သားသည်၊ သံကားညှင်းညှင်း၊ ပွန်စေတုံ၏"

သူဇာပျို့တွင် -

'မင်းသူဇာ၊ ဖန်ပြာအိကျူး၊ ရောင်ပြူးပတ္တလား၊ ပန်းရောင်ဝါးနှင့်၊ ပိတ်သားရွှေခြည်၊ ထိုသည်သေသတ်၊ လက်ခတ်မျိုး၊ သန္တာအိုးကို"

စသည်ဖြင့် စပ်ဆိုခဲ့သည်။

www.monlibrary.com

www.monlibrary.com

www.monlibrary.com

www.monlibrary.com

# မွန်ပုံစံ ဗုဒ္ဓဆင်းတုတော်များ

※

ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်စံပြီးသည့်နောက် အနှစ်လေးငါးရာ အတွင်း ရုပ်ပွားဆင်းတုတော် ထုလုပ်ကိုးကွယ်သည့်အလေ့အထ မပေါ်ပေါက်သေးချေ။ ပဒုမ္မာကြာခြေတော်ရာ၊ ဗောဓိပင်၊ စကြာပုံ၊ ထူပါပုံစသည့် အမှတ်လက္ခဏာများကို ဗုဒ္ဓအဖြစ် ကိုးကွယ်ခဲ့ကြသည်။

အလောင်းတော် တောထွက်ခန်းကို ပြသည့်အခါ ကဏ္ဍကမြင်း၊ ဆန္နအမတ်နှင့် ဝိုင်းဝန်းကူညီသော နတ်များကို ရုပ်လုံးရုပ်ကြွ

www.monlibrary.com



များဖြင့် ဖော်ပြခဲ့သည်။ သို့သော် မြင်းပေါ်တွင် စီးသူမရှိ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်မြင်သည့်အခန်းကို ပြရာမှာလည်း ဗောဓိပင်နှင့် ပလ္လင်ကိုသာ တွေ့ရသည်။ ပလ္လင်ထက်တွင် မည်သူမျှမရှိ ဤ အလေ့အထသည် အေဒီ ၂ ရာစုမတိုင်မီအထိ ထွန်းကားခဲ့သည်။

အေဒီ ၂ ရာစုသို့ ရောက်သောအခါ ဂန္ဓာရနှင့် မဓုရာတို့တွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ထုလုပ်ကိုးကွယ်သည့် အလေ့အထတွေ့ရှိရသည်။ ယင်းဗုဒ္ဓဆင်းတုတော် ထုလုပ်ကိုးကွယ်သည့် အလေ့သည် ဟိမဝန္တာတောင်ကြောကိုလိုက်၍ ဗြဟ္မပုတ္တရမြစ်ကိုကျော်ဖြတ်ပြီး အာသံ၊ မဏိပူရ၊ ကသည်း၊ စစ်တကောင်း၊ ရခိုင်ပြည်နယ်များသို့ ရောက်ရှိသည်။ ဤလမ်းကြောင်းကို အနောက်ဘက် ဆက်သွယ်လမ်းကြောင်းဟု ခေါ်သည်။ ဤလမ်းကြောင်းဖြင့် ဘင်္ဂလားနယ်၊ ပါဠိလိပုတ်နယ်မှလာသော ယဉ်ကျေးမှုလက်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ပုံစံများ ရောက်ရှိသည်။

အနောက်မြောက် ဆက်သွယ်လမ်းကြောင်းမှာ နီပေါ၊ တိဘက်တောင်ပိုင်း၊ တရုတ်တောင်ပိုင်းမှ ပတ်ကွိုင်တောင်၊ နာဂတောင်၊ တောင်ကြားလမ်းများကို ကျော်ဖြတ်၍ ချင်းတွင်း၊ မေခ၊ မလိခ၊ မြစ်ကြောင်းအတိုင်း ဝင်ရောက်နိုင်သော လမ်းကြောင်းဖြစ်သည်။ ဤလမ်းကြောင်းဖြင့် နီပေါ၊ တိဘက်၊ ရှမ်းတရုတ်ပုံစံများ ဝင်ရောက်လာခဲ့ကြသည်။

www.monlibrary.com



အနောက်တောင်ဘက် ဆက်သွယ်လမ်းကြောင်းမှာ မဟာဘာရတ အိန္ဒိယတောင်ပိုင်းနှင့် သီဟိုဠ်တို့မှ အိန္ဒိယသမုဒ္ဒရာကို ကျော်ဖြတ်၍ ပုသိမ်၊ ပြည်၊ မြစ်ဝကျွန်းပေါ်ဒေသများမှ တစ်ဆင့် ဗိဿနိုး၊ တောင်တွင်းကြီး၊ ဇရာဝတီတိုင်း၊ သထုံ (သုဓမ္မပူရ) သို့ ရောက်ရှိသည့် လမ်းကြောင်းဖြစ်သည်။ ဤလမ်းကြောင်းမှ တမိလ် (ဓမိလ)၊ ဒြာဗိဒီယန်း၊ မွန်ခမာ၊ သီဟိုဠ်ပုံစံ ဗုဒ္ဓယဉ်ကျေးမှု အနုပညာ လက်ရာများတွင် ဝင်ရောက်လာခဲ့ကြသည်။

ထို့ကြောင့် ပုဂံခေတ်မတိုင်မီ ရှေးဦး ဗုဒ္ဓဆင်းတုတော်များ ကို လေ့လာသောအခါ -

၁။ တိဘက်၊ တရုတ်၊ ရှမ်း၊ ပုံစံတော်များ

၂။ ပါလ၊ သေန၊ ဘင်္ဂလား၊ ဝေသာလီ၊ ကသည်း၊ ရခိုင်၊ ပျူပုံစံတော်များ

၃။ ဓမ္မလိဒြာဗိဒီယန်း၊ သီဟိုဠ်၊ မွန်ခမာ ပုံစံတော်များဟူ၍ အခြေခံအားဖြင့် သုံးမျိုးသုံးစား တွေ့ရှိရသည်။

အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းခေတ်တွင် ဗုဒ္ဓဆင်းတုတော်များမှ မွန်ပုံ၊ ယိုးဒယားပုံ၊ သီဟိုဠ်ပုံတော်များကို အမြောက်အမြား တွေ့ရှိရသည်။ မုဒြာအာသာနလက်ဟန်ခြေဟန်၊ ထိုင်ဟန်ကိုယ်ဟန် အနေအထားများသည် ယိုးဒယားမွန်ဆန်ဆန်သေးသွယ်ပျော့ပြောင်း

www.monlibrary.com

www.monlibrary.com



၍ သုံးဆစ်ချိုး တြိဘင်္ဂဟန်မူများကို များစွာ တွေ့ရှိရသည်။ မျက်နှာပုံတော်အကျအနေ မေးရိုး၊ ပါးပြင်၊ နဖူး၊ လည်တိုင် စသည်တို့မှာလည်း မွန်၊ ယိုးဒယားနှင့် ခမာပုံ ဆန်လာသည်ကို တွေ့ရှိရသည်။

ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ အင်းဝတောင်ငူခေတ်မှ အမွေဆက်ခံခဲ့သော ယိုးဒယား ဓနုတ်ပန်းများ၊ မီးလျှံများ၊ စိန်တောင်များ၊ သဇင်ခွေများကို အသုံးပြုလာကြသည်။ အထူးသဖြင့် မွန်ယဉ်ကျေးမှု အနုပညာလက်ရာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။ မွန်ပုံစံ ဆင်းတုတော်များကို လေ့လာသောအခါ ဦးခေါင်း မကိုဋ်တော်ထုလုပ်မှုအနေအထားကိုလိုက်၍ ပုံတော်အမျိုးမျိုး သတ်မှတ်ထားသည်ကို တွေ့ရှိရသည်။

## ထိပ်ညီအတိပုံ

အခြေခံ မကိုဋ်တော်မှာ ပုံစံအမျိုးမျိုး ပြုလုပ်ထားပြီး ထိပ်တွင် ညီညီညာညာတိတိရိရိဖြတ်ထားသော ပုံတော်မျိုးဖြစ်သည်။ သုဝဏ္ဏဘူမိခေတ်လယ်ဝန်းကျောင်းရုပ်ပွားတော် ကြေးသွန်းဘုရားများတွင်လည်းကောင်း၊ အေဒီ ဆယ့်လေးရာစု ဇင်းမယ် ပုံတော်များတွင်လည်းကောင်း ဖူးတွေ့နိုင်သည်။

ယင်းပုံစံဆင်းတုတော်များကို ကော့ဂွန်းဂူနှင့် ဖားကပ်ဂူတို့တွင်လည်း တွေ့ရှိရသည်။ ယင်းဂူများတွင် ခဲဆင်းတု၊ သစ်သားဆင်း

www.monlibrary.com

www.monlibrary.com



တု၊ ကြေးဆင်းတု၊ သရိုးဆင်းတု၊ စသည့် ဆင်းတုအမျိုးမျိုးနှင့် အုတ်ခွက်ဘုရား အမြောက်အမြား တွေ့ရှိခဲ့ရသည်။ ၁၈၃၅ ခုနှစ် ကော့ဝွန်းဂူသို့ရောက်ရှိလာသော အမေရိကန်မစ်ရှင်အဖွဲ့၏ အဆိုအရ ထိုစဉ်က ယင်းဂူများမှ ဆင်းတုတော်များကို တန် ၅၀၀ တင်ဆောင်နိုင်သော သင်္ဘောဖြင့် သယ်ဆောင်ပါက တစ်ဝက်သာ ပါရှိနိုင်မည်ဟု မှတ်တမ်းတင်ခဲ့သည်။ ယင်းဂူများတွင် မွန်ဆင်းတုအပြင် ကမ္ဘောဒီးယား ပုံစံ၊ ယိုးဒယားပုံစံ ဆင်းတုတော်များလည်း တွေ့ရှိရသည်။

အချို့ ဆင်းတုတော်များ၏ ဦးခေါင်းထက်ရှိ ဆံတော်သည် ခွေလိပ်နေပြီး ထိပ်တွင် ကနုတော့ချွန်ပုံစံရှိသည်။ ယင်းကတော့ချွန်၏ ထိပ်တွင် တိဖြတ်ထားသကဲ့သို့ ညီညီညာညာရှိသည်။ ဆံတော်မှာ ထိုးထိုးထောင်ထောင်ရှိ၍ နားရွက်သည် ပခုံးကို ထိတွေ့နေခြင်းမရှိ၊ နဖူးတော်မှာ ပေါ်လွင်၍ ကျဉ်းသည်။ မျက်လုံး၊ မျက်ခုံးနှင့် နှုတ်ခမ်းတို့မှာ မျက်နှာတစ်ခုလုံးတွင် အပေါ်လွင်ဆုံးဖြစ်သည်။ ကိုယ်ခန္ဓာ တုတ်ဖြိုးပြီး ဦးခေါင်းတော်မှာ ကြီးမားလွန်းသဖြင့် အချိုးအစားမကျလှ၊ ခြေတံလက်တံ ပြည့်ပြီး ညာခြေဖဝါးမှာ ပေါ်ပေါ်လွင်လွင်မရှိ။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ထိုဆင်းတုတော်များသည် ပုဂံခေတ်ဦးကာလထက် နောက်မကျသော လက်ရာများ ဖြစ်သည်ဟု သတ်မှတ်နိုင်ပါသည်။

www.monlibrary.com

www.monlibrary.com



## ကတော့ချွန်ပုံ

အချို့ဆင်းတုတော်များမှာ မဏိတော်အပေါ်တွင် ကတော့ချွန်ပုံ ပြောင်ချောချောပြုလုပ်ထားသည်ကို တွေ့ရှိရသည်။ ၎င်းကို ကတော့ချွန်ပုံဟု ခေါ်ပါသည်။ ပုဂံခေတ် ဂူပြောက်ကြီးဘုရားနှင့် ကမ္ဘောဇီးယား၊ မွန်ခမာ မုစလိန္ဒာပုံတော်များတွင်လည်းကောင်း၊



ဂ ကတော့ချွန်ပုံ ဂ

www.monlibrary.com

www.monlibrary.com



ထားဝယ်ဒေသမှ အချို့ရုပ်ပွားတော်များတွင်လည်းကောင်း၊ ကတော့ချွန် မကိုဋ်ပုံတော်များကိုလည်း တွေ့ရှိရသည်။ ၎င်း၏ အရင်းအမြစ်မှာ မွန်လက်ရာဖြစ်ဟန်ရှိသည်။

၁၉၈၅-၈၆ ခုနှစ်၊ ကျိုက္ကသာမြို့ဟောင်း တူးဖော်နေသည်ကို သွားရောက် ကြည့်ရှုခဲ့စဉ်က စေတီတော် ဝေါပကအဖွဲ့မှ ထိန်းသိမ်းထားသော မွန်ရှေးဟောင်း ကြေးဆင်းတုငါးဆူကို ဖူးတွေ့ခဲ့ရသည်။ ယင်းဆင်းတုငါးဆူအနက် တစ်ဆူမှာ တင်ပလ္လင်ခွေ ဆင်းတုဖြစ်၍ ကျန်လေးဆူမှာ ဆင်းတုများ ဖြစ်ကြသည်။ တင်ပလ္လင်ခွေ ဆင်းတုမှာ မုဒြာအားဖြင့် ဘူမိဖဿမုဒြာအနေအထားဖြစ်သည်။ မကိုဋ်တော်မှာ ကတော့ချွန်ပုံရှိသည်။ နဖူးသည် ပုံ့ပြူး၍ နှာတံပေါ်သည်။ အေဒီ ၆ ရာစုက မွန်လက်ရာ ဖြစ်ဟန်ရှိသည်။

ဤပုံစံဆင်းတုတော်များကို ကော့ဂွန်းဂူ၊ ဖားကပ်ဂူ၊ ကော့ဘိန်းဂူနှင့် မုတ္တမတွင်လည်း တွေ့ရှိရသည်။

## ဦးပြည်းပုံ

ရုပ်ပွားဆင်းတုတော်များ၏ ဦးခေါင်းမကိုဋ်တော်သည် ပြောင်ချော၍ လုံးနေသည့် ပုံသဏ္ဌာန်ရှိလျှင် ဦးပြည်းပုံဟု ခေါ်သည်။ သို့သော် ဆင်းတုတော်များ၏ ဦးပြည်းပုံမှာ ရဟန္တာ၊ ယောဂီ၊ ရသေ့များပုံကဲ့သို့ ပြောင်ချောမဟုတ်၊ ထိပ်အလယ်တွင် မို့မောက်နေသည်ကို တွေ့ရသည်။ ဘုရားနှင့် အခြားရဟန္တာ ပုဂ္ဂိုလ်များအား ကွဲကွဲပြားပြား ဖြစ်အောင် စီရင်ထားသည့်သဘောဖြစ်သည်။ ဦးပြည်းပုံများမှာ ပုဂံ

www.monlibrary.com

www.monlibrary.com



မတိုင်မီ ဆင်းတုတော်များတွင်သာ တွေ့ရှိရသည်။ ယခုအခါ ရဟန္တာပုံများ၌သာ ဦးပြည်းပုံကို အသုံးပြုကြသည်။

ဦးပြည်းပုံ မတ်ရပ်ရုပ်ပွားဆင်းတုတော်တစ်ဆူကို သထုံတွင် တွေ့ရှိရသည်။ ညာလက်သည် အဘယမုဒြာဟန်ဖြစ်၍ ဝဲဘက်လက်သည် သင်္ကန်းစကို ကိုင်ထားသည်။ သင်္ကန်းဝတ်ရုံထားပုံမှာ ဂုပ္တပုံစံ ပါးပါးလျားလျားရှိသည်။ သင်္ကန်းတော်မှာကိုယ်ခန္ဓာနှင့်ကပ်နေသည်။ ယင်းပုံကို ဒီပင်္ကရာဗုဒ္ဓပုံဟု ရှေးဟောင်း သုတေသီများက သတ်မှတ်ခဲ့သည်။ အေဒီ ၇ ရာစု သုဝဏ္ဏဘူမိခေတ် မွန်လက်ရာဖြစ်ပါသည်။



⊃ ဦးပြည်းပုံ ⊃

www.monlibrary.com

www.monlibrary.com



## ပိန္နဲဆူးပုံ

ပိန္နဲသီးများ၏ ဆူးများကဲ့သို့ ဆံပင်အတိုအငုတ်များ ညီညီညာညာ ပေါက်နေဟန် မဏိတော်ပုံကို ပိန္နဲဆူးပုံဟု ခေါ်ပါသည်။ သိဒ္ဓတ္ထမင်းသား အနော်မာမြစ်ကမ်းပါးတွင် ဆံတော်ပယ်စဉ်က လက်နှစ်သစ်ခန့် ဆံငုတ်များ ကျန်ရစ်ခဲ့သည်။ ယင်းဆံငုတ်များသည် ပရိနိဗ္ဗာန်စံဝင်သည်အထိ အနှစ်ငါးဆယ်တိုင်တိုင် ပို၍ ရှည်မလာဘဲ ပိန္နဲဆူးပုံဖြင့် တည်ရှိခဲ့သည်။ အထူးသဖြင့် တိဘက်၊ ရှမ်း၊ တရုတ် ဗုဒ္ဓဘာသာဝင်များက သည်အတိုင်း ယုံကြည်ခဲ့ကြသည်။



ငြ
ပိန္နဲဆူးပုံ
ငြ

www.monlibrary.com

www.monlibrary.com



ယင်းပုံစံ မတ်ရပ်ကြေးဆင်းတုတစ်ဆူကို အမေရိကန်နိုင်ငံ ကလိဗလင်ပြတိုက်တွင် ခင်းကျင်းပြသထားပါသည်။ လက်နှစ်ဘက်မှာ ဝိတက္ကမုဒြာဟန်ရှိသည်။ သင်္ကန်းတော်မှာ သထုံတွင် တွေ့ရသော ဆင်းတုကဲ့သို့ ဂုပ္တဆန်ဆန် ပါးပါးလျားလျားရှိသည်။ မျက်နှာတော်တွင် မွန်ပုံစံ လက္ခဏာများ တွေ့ရှိရသည်။ အေဒီ ၇ ရာစု ဒွါရဝတီခေတ် မွန်လက်ရာဖြစ်ပါသည်။

ဤပုံစံ ဆင်းတုတော်များကို အေဒီ ၁၁-၁၂ ရာစုတွင် ထုလုပ်သော ပုဂံ၊ တကောင်း၊ ရှမ်း၊ ယွန်း၊ ယိုးဒယားနှင့် တိဘက်ပုံတော်များတွင်လည်း တွေ့ရှိရသည်။

## ဦးရစ်ခံဆံထုံးပြောင်ချောပုံ

ကျိုက္ကသာတွင် တွေ့ရှိရသော ရပ်တော်မူ ကြေးဆင်းတုများအနက် တစ်ဆူမှာ ဦးခေါင်းပေါ်တွင် ခေါင်းပေါင်းရစ်ကဲ့သို့ ခုံပြုလုပ်ထားပြီး ပြောင်ချောဆံထုံးကို တပ်ဆင်ထားသည်။ ၎င်းကို ဦးရစ်ခံဆံထုံးပုံဟု ခေါ်ပါသည်။ ယင်းဆင်းတုတော်၏ လက်အနေအထားမှာ အဘယမုဒြာဟန်ရှိသည်။ မျက်ခုံးနှစ်ခု ဆက်နေပြီး မျက်လုံး မှိတ်ထားသည်။ ခြေချောင်းအားလုံး တညီတည်း ရှိသည်။ ခြေတံ လက်တံရှည်၍ သွယ်လျလျရှိသည်။ အေဒီ ၆ ရာစု မွန်လက်ရာ ဖြစ်ဟန်ရှိသည်။

www.monlibrary.com

www.monlibrary.com





၈ ဦးရစ်ခံဆံထုံး ပြောင်ချောပုံ ၈

## သင်းကျစ်ခံဆံထုံးပြောင်ချောပုံ

ကျိုက္ကသာတွင် တွေ့ရှိရသော ဆင်းတုတော်များအနက် တစ်ဆူ၏ ဦးခေါင်းမဏိတော်ကို လေ့လာသောအခါ အနားတွန့် ကြွေမိမ်းအုပ်ဆောင်းပုံ၏ ထိပ်တွင် ပြောင်ချောဆံထုံးကို တင်ထား

www.monlibrary.com

www.monlibrary.com



သည်။ အုပ်ဆောင်း၏ အောက်ခြေအနားတွန့်များကို ညီညာစွာ သင်းကျစ်ပုံခံထားသည်ကို တွေ့ရှိရသည်။ ၎င်းကို အုပ်ဆောင်းပုံတော်၊ သံခမောက်ဆောင်းပုံဟူ၍ လည်းကောင်း ခေါ်ကြသည်။ အလွန်ရှားပါးသော လက်ရာဖြစ်သည်။

ဈာနမုဒြာဟန် ရှိသည်။ ဦးခေါင်းကြီးလွန်းသည်ဟု ထင်ရသည်။ အခြားတစ်ဆူမှာ အဘယမုဒြာဟန်ရှိသည်။ အေဒီ ၆ ရာစု မွန်လက်ရာ ဖြစ်ဟန်ရှိသည်၊



ဂ သင်းကျစ်ခံဆံထုံး ပြောင်ချောပုံ ဂ

www.monlibrary.com

www.monlibrary.com



## ပွတ်လုံးရစ်ခံ စပယ်ဖူးပုံ

ကျိုက္ကသာတွင် တွေ့ရှိရသော ဆင်းတုတော်များအနက် အကြီးဆုံး ဆင်းတုတော်၏ မဏိတော်ပေါ်တွင် ပွတ်လုံး



ဂ ပွတ်လုံးရစ်ခံ စပယ်ဖူးပုံ ဂ

[ကျိုက္ကသာစေတီတော် ဂေါပကအဖွဲ့မှတ်တမ်းသိမ်းထားသော ၆-ရာစု၊ ၇-ရာစုမှ မွန်လက်ရာ ဆင်းတုတော်]

www.monlibrary.com

www.monlibrary.com



စပယ်ဖူး တင်ထားသည့် ပုံစံရှိသည်။ ယင်းကိုပွတ်လုံးရစ်ခံ စပယ်ဖူးပုံဟု ခေါ်ပါသည်။ ညာဘက်လက်မှာ လက်ကောက်ဝတ်မှ ပြတ်နေသည်။ ယင်းပြတ်သော လက်သည် အဘယမုဒြာဟန်ရှိမည်ဟု ယူဆရသည်။ ဝဲဘက်လက်သည်လည်း ပြတ်ထွက်နေသည်ကို တွေ့ရသည်။ တူးဆွမိသော ဒဏ်ရာများ ဖြစ်သည်။ ခြေချောင်းများမှာ အတိုအရှည် မရှိ၊ တစ်ညီတည်းဖြစ်သည်။ အေဒီ ၆ ရာစု မွန်လက်ရာ ဖြစ်ဟန်ရှိသည်။

ဤပုံစံ ကျောက်ဆင်းတုတစ်ဆူကို ပဲခူးအနီး ဘုရားသုံးဆူတွင် တွေ့ရှိရသည်။ ယင်းဆင်းတုသည် အမြင့်ရှစ်ပေရှိ၍ ဗျာနမုဒြာဟန်ရှိသည်။



www.monlibrary.com

www.monlibrary.com




ဤပုံစံဟု ယူဆရသော သဲကျောက်ဆင်းတု တစ်ဆူကိုလည်း သထုံတွင် တွေ့ရှိရသည်။ ညာဘက်လက်သည် ဒူးတွင် အလိုက်သင့် ချထားပြီး ဝဲဘက်လက်မှာ သင်္ကန်းစကို ဆုပ်ကိုင်ထားသည်။ စီဝရဟတ္ထမုဒြာပုံ ဖြစ်သည်။ မျက်လုံးတစ်ဘက် မှိတ်ထားပြီး အောက်နှုတ်ခမ်းထူသည်။ နားရွက်မှာ ပခုံးဆီသို့မရောက်။ မျက်နှာကြီးသည်။ ပခုံးကျယ်၍ လုံးသည်။ ရပ်နေဟန် အနေအထား လှပသည်။ အေဒီ ၉ ရာစု သုဝဏ္ဏဘူမိခေတ် မွန်လက်ရာဖြစ်ပါသည်။



www.monlibrary.com





ထိုင်းနိုင်ငံ ဒွါရာဝတီမြို့ဟောင်းကို တူးဖော်စဉ်က (IPOCH) အနီးရှိ ချောင်ငူအရပ်တွင် ထိုင်တော်မူဆင်းတုတော်တစ်ဆူ တွေ့ရှိရသည်။ ဆင်းတုတော်၏ အောက်ခြေတွင် အေဒီ ၇ ရာစုက မွန်စာ အရေးအသား ပါရှိသည်။ ယင်းစာအရ ဤဆင်းတုတော်ကို သမာဓိဂုပတအမည်ရှိ ရသေ့တစ်ပါးက ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ထူထဲသော မျက်လုံး၊ ထင်ရှားသော ပါးပြင်နှင့် နှုတ်ခမ်းတော်မှာ ကြီးမားသည်။ သို့သော် မျက်နှာတော်မှာ မွန်ဟန်ပေါ်လွင်၍ ခါတိုင်းတွေ့နေကျ ဆင်းတုများထက် ပိုမိုအံချိုးကျလာသည်ကို တွေ့ရှိရသည်။

လော့ပုရီမှ ပင့်ဆောင်လာပြီး ယခုအခါ ဘန်ကောက်မြို့ (Wat Bovoranives) တွင် သိတင်းသုံးနေသည့် ရုပ်တော်မူ မွန်


www.monlibrary.com

www.monlibrary.com



ဆင်းတုတော်တစ်ဆူ တွေ့ရှိရသည်။ ယင်းဆင်းတုတော်၏ ထူးခြားချက်မှာ သင်္ကန်းကိုပခုံးနှစ်ဘက်စလုံးတွင် လွှမ်းခြုံထားခြင်းဖြစ်သည်။ ရင်ဘတ်နှင့် ကိုယ်ခန္ဓာထုလုပ်ထားပုံမှာ အလွန်ပြေပြစ်သည်။ မျက်နှာနှစ်ဘက်မှာ တစ်ဆက်တည်းမရှိ၊ မျက်နှာတော် ထုလုပ်ထားပုံကိုကြည့်၍ မွန်လက်ရာဖြစ်ကြောင်း သိသာသည်။ ပခုံးနှစ်ဘက်စလုံး သင်္ကန်းခြုံထားသော ရုပ်တော်မှ ဆင်းတုများသည် မွန်လက်ရာကို အပီအပြင်ဆုံး ဖော်ညွှန်းသည့် ဆင်းတုတော်များဖြစ်သည်။ အေဒီ ၈ ရာစု ဒွါရာဝတီခေတ် မွန်လက်ရာဖြစ်ပါသည်။

ဤမွန်ဆင်းတုသည် ပခုံးနှစ်ဘက်စလုံး သင်္ကန်း ခြုံထားသော ရုပ်တော်မှ ဆင်းတုတော်များတွင် ရှေးအကျဆုံးဟု ဆိုပါသည်။




www.monlibrary.com

www.monlibrary.com



လော့ပုရီသည် မွန်ကျောက်စာ အများဆုံးနှင့် အသပ္ပာယ်ဆုံး မွန်ဆင်းတုတော်များတွေ့ရှိရာ ဒေသဖြစ်သည်။ ဘန်ကောက်ရှိ (Wat Bencamabop) နှင့်(Wat Khoy) တို့တွင် တွေ့ရှိရသော ဆင်းတုနှစ်ဆူသည် လောဲပုရီမှ ရရှိသော ဆင်းတုတော်များ ဖြစ်သည်။ ဆင်းတုတော် နှစ်ဆူစလုံး၏ ဥဏှိသသည် မြင့်၍ဆလင်ဒါပုံရှိသည်။ ဆံတော်မှာ ခွေလိပ်နေ၍ အတန်းလိုက် ညီညာစွာ တည်ရှိသည်။ မျက်ခုံးနှစ်ခုမှာ ထင်ထင်ရှားရှား ဆက်နေ၍ မျက်ခွံသည် ကြွာပွင့်



www.monlibrary.com

www.monlibrary.com



ချပ်ပုံသဏ္ဌာန်ရှိသည်။ တစ်ဝက်မှိတ်ထားသော မျက်လုံးစုံ၊ ထင်ရှားသော ပါးပြင်၊ ကြီးမားသော မျက်နှာတော်နှင့် အထက်နှုတ်ခမ်းတော်မှာ လက်သည်းကွင်းပုံ ရှိသည်။ ဤသည်တို့မှာ မွန်လက်ရာ အပြည့်အဝ ဖော်ညွှန်းသော သင်္ကေတများပင်ဖြစ်သည်။ ဤဆင်းတုတော်များ၏ မျက်ခုံး၊ မျက်ခွံနှင့် နှုတ်ခမ်းသုံးမျိုးတို့၏ အတွန့်အလိမ် အကောက်အကွေး ယူထားပုံမှာ သဟဇာတကျသည်ဟု မစ္စတာ ဒူပွန်က ဆိုပါသည်။ အေဒီ ၇ ရာစု၊ ၈ ရာစုမှ မွန်လက်ရာ ဖြစ်ပါသည်။

ဘန်ကောက်ပြတိုက်တွင် အယုဒ္ဓယမှ ရောက်ရှိလာသော ဗုဒ္ဓမဏ္ဍိတော်တစ်ဆူရှိသည်။ ယင်းမဏ္ဍိတော်မူလတွေ့ရှိသည့် နေရာမှာ နခုံပထုံဖြစ်သည်။ ထိုဆင်းတုများ၏ လက်ရာမှာ လော့ပုရီမှ ရရှိ၍ B အုပ်စုဝင်အဖြစ် သတ်မှတ်ထားသော ဆင်းတုတော်များနှင့် အလွန် နီးစပ်သည်ကို တွေ့ရှိရသည်။ သည့်ကြောင့် မစ္စတာ ဒူပွန်က ၎င်းမဏ္ဍိတော်ကို B အုပ်စုတွင် သတ်မှတ်ထားခဲ့သည်။

ဆင်းတုတော်၏ ဥဏှိသသည် ကတော့ချွန်ပုံရှိသည်။ ခွေလိပ်နေသော ဆံတော်မှာ အတန်းလိုက် ညီညာစွာ ရှိသည်။ မျက်ခုံးသည် ထူထဲဖောင်းကြွနေပြီး တစ်ခုနှင့်တစ်ခု ဆက်နေသည်။ မျက်လုံးတော်မှာ မှိတ်လုနီးပါး ရှိ၍ ပါးပြင်မှာ ပေါ်ပေါ်လွင်လွင်ရှိသည်။ အထက်နှုတ်ခမ်းသည် အောက်နှုတ်ခမ်းထက် ပို၍ကျယ်ပြီး ဒေါင့်စွန်း

www.monlibrary.com

www.monlibrary.com



သည် ကွေး၍ တက်နေသည်။ မေးစေ့သည် အနောက်သို့ အနည်းငယ် နိမ့်သွား၍ မျက်နှာတော်မှာ အောက်ပိုင်းတွင် ကျဉ်းမြောင်းသည်။ အေဒီ ၉ ရာစု၊ ၁၀ ရာစု မွန်လက်ရာဖြစ်ပါသည်။



ဒွါရာဝတီခေတ် မွန်ပုံစံ ကြေးဆင်းတုသုံးဆူကို ထိုင်းနိုင်ငံ ပန်တုတ် (Pong Tuk) တွင် တွေ့ရှိရသည်။ A-B Grisworld က ယင်း ဆင်းတုတော်များအနက် တစ်ဆူသည် အမရဝတီဟန်လွှမ်း၍ ခေတ်ပြိုင် ပါလလက်ရာ ဆင်းတုတစ်ဆူကို ပုံတူကူးပြီး ဒွါရဝတီဟန် အားဖြည့်ထားသည်ဟု ဆိုပါသည်။ အေဒီ ၈ ရာစုအစောပိုင်း မွန် လက်ရာဖြစ်ပါသည်။

www.monlibrary.com

www.monlibrary.com






ထိုင်းနိုင်ငံ ကူးရတ်ကုန်းမြင့်မှရသော ရုပ်တော်မူ ကြေး ဆင်းတုတော်တစ်ဆူကို ဘန်ကောက်ပြတိုက်တွင် ခင်းကျင်းပြသထားပါသည်။ ဆင်းတုတော်သည် လည်တိုင်ရှည်၍ မျက်နှာသွယ်သည်။ ကိုယ်လုံးမှာ သွယ်လျလျရှိသည်။

www.monlibrary.com

www.monlibrary.com



အခြား ရပ်တော်မူ ကြေးဆင်းတုတစ်ဆူကို Ipoh အနီးရှိ Penglen တွင် တွေ့ရှိရသည်။ ယင်းဆင်းတုတော်၏ ဆံခွေသည် ကြီးမား၍ ဥဏှိသနိမ့်သည်။ သီဟိုဠ်နှင့် အမရာဝတီလက်ရာ လွှမ်းမိုးသည့် သဘောပါသည်။ ထို့အတူ ဗင်နီဖွဲလား Wieng Sra တွင်လည်း သဲကျောက်ဖြင့် ပြုလုပ်သည့် အထက်ပါ ဆင်းတုများနှင့် ပုံစံတူသည့် ကျောက်ဆင်းတုတစ်ဆူ တွေ့ရှိရသည်။ သို့သော် ဗင်နီဖွဲလားမှ ကျောက်ဆင်းတု၏ ဥဏှိသမှာ ပြားသည်။ မည်သို့ပင်ဖြစ်စေ ကိုရတ်ကုန်းမြင့် Ipoh နှင့် ဗင်နီဖွဲလားမှ တွေ့ရှိရသော ဆင်းတုတော်များသည် အိန္ဒိယဆရာ နတ်ဒေသမှ ဆင်းတုတစ်ဆူပုံစံကိုယူ၍ ထုလုပ်ထားခြင်း ဖြစ်ပါသည်။




www.monlibrary.com

www.monlibrary.com



မွန်ပုံစံ ရပ်တော်မူ ကျောက်ဆင်းတုတစ်ဆူကို လော့ပုရီတွင် တွေ့ရှိရသည်။ မဏိတော် မပါရှိချေ။ ဉာဏ်တော် ၅ ပေ၊ ၃ လက်မ ရှိသည်။ ယင်းဆင်းတုတော်တွင် သသ်ရိုက်ဘာသာဖြင့် ကမ္ပည်းစာ ထိုးထားသည်ကို တွေ့ရှိရသည်။ သက်နိုးတော်မှာ ပါးပါးလျားလျားရှိ သည်။



လော့ပုရီတွင် တွေ့ရှိရသော အခြား ရပ်တော်မူ ကျောက်ဆင်းတုတစ်ဆူကို ယခုအခါ ချူလာလောင်ကောင်းဘုရင် တည်ထားကိုးကွယ်ခဲ့သော စေတီတွင် ထားရှိသည်။ ဆင်းတု ထုလုပ်ထားပုံမှာ ဂုပ္တခေတ်လက်ရာနှင့် ခပ်ဆင်ဆင်ရှိသည်။

www.monlibrary.com

www.monlibrary.com





ပရပထုံတွင် ထိုင်တော်မူ ကျောက်ဆင်းတုတစ်ဆူ တွေ့ရှိရသည်။ တင်ပလ္လင်ခွေထိုင်ခြင်းမဟုတ်ဘဲ ဗလ္လင်ပေါ်မှ ခြေဆင်းထိုင်နေခြင်းဖြစ်သည်။ ဒေသစာရိုကြွမည့်ဟန်နှင့်လည်း မတူပေ။ ၎င်းကို

www.monlibrary.com

ဥရောပပုံစံဟု ခေါ်ပါသည်။ မွန်လက်ရာ ဆင်းတုတော်များအနက် ထူးခြားသော လက်ရာဖြစ်ပါသည်။ ဘယ်ဘက်လက်ကို ပေါင်ပေါ် တင်ထားပြီး ညာဘက်လက်ကို ရင်ဘတ်နှင့်ကပ်၍ မြှင့်ထားသည်။



ရိဂျနယ်လီမေးစုဆောင်းခဲ့သည့် ပစ္စည်းများအနက် ခေတ်ဦး မွန်ပုံစံ မဏိတော်တစ်ခု ပါဝင်သည်။ ၎င်း၏ မျက်နှာတော်မှာ ကလေး ဆန်၍ နှာခေါင်းမှာ မသိမသာလန်နေသည်ကို တွေ့ရှိရသည်။ ထိုမဏိတော်ကို ပန်းပုနှင့်ပတ်သက်၍ သိပ်စိတ်မဝင်စားသော ၎င်း

www.monlibrary.com



၏ မိတ်ဆွေ ပညာတတ် ထိုင်းအမျိုးသားတစ်ဦးအား စမ်းသပ်သည့်သဘောဖြင့် ထိုင်းလက်ရာ ဟုတ်မဟုတ် မေးကြည့်ရာ 'ဟာ မဟုတ်ဘူး၊ မွန်လက်ရာပါ' ဟူ၍ ချက်ချင်း ဖြေကြားခဲ့ကြောင်း ရီဂျနယ်လီမေးက ရေးသားခဲ့သည်။



www.monlibrary.com

www.monlibrary.com




ဘန်ကောက် အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားသော ထုံးကျောက်ဖြင့် ထုလုပ်ထားသည့် မွန်ပုံစံ ရုပ်တော်မူ ဆင်းတုတစ်ဆူရှိသည်။ ဉာဏ်တော် ဆယ်ပေကျော် ရှိ၍ နှစ်ပိုင်းဆက် ထုလုပ်ထားပြီး လက်နှစ်ဘက် ပြတ်နေသည်။ ထူထဲကောက်ကွေးသော ဆံတော်သည် မဏိတော်နှင့် ဥဏှိသကို ဖုံးထားသည်။ ဖင်ယော်တောင် မျက်ခုံးနှစ်ဘက်သည် တစ်တန်းတည်း ကျနေသည်။ သင်္ကန်းတော်မှာ ခန္ဓာကိုယ်ကို ထိုးဖောက်မြင်နိုင်လောက်အောင် ပါးလွှန်းသည်။ ဒွါရာဝတီခေတ် မွန်လက်ရာဖြစ်သော်လည်း ဂုပ္တပရိုကို ဟန်ပေါက်နေသည်။

ရီဂျနယ်လီမေး စုဆောင်းခဲ့သည့် ဆင်းတုတော်များအနက် မဏိတော်တစ်ခုမှာ အလွန်တစ်ရာလက်ရာမြောက်ပြီး ထူးထူးခြားခြား သပ္ပာယ်လှသည်ကို တွေ့ရှိရသည်။ အမြင့် ၁၀ လက်မခန့်ရှိသည်။ နှာတံမှာ ပေါ်လွင်ဖြောင့်စင်း၍ မျက်ခုံးနှစ်ခုမှာ ဆက်နေသည်။ မဏိတော်ရှိ ဆံတော်တို့မှာ ပုလဲလုံး စီထားသကဲ့သို့ ညီညီညာညာရှိသည်။ နှုတ်ခမ်းတော်မှာ ပြုံးယောင်သမ်းနေသည်။ ခြုံ၍ ပြောရလျှင် မျက်နှာတော်မှာ ပြုံးရွှင်ကြည်လင်၍ ကြည်ညိုချင်စဖွယ် ဖြစ်ပါသည်။

www.monlibrary.com

www.monlibrary.com





မုတ္တမမြသိန်းတန်ဘုရားကို ပြုပြင်စဉ်က ဌာပနာတိုက်မှ မွန်ကမ္ပည်းစာပါ ရှေးဟောင်းမွန်လက်ရာ ကြေးဆင်းတုတစ်ဆူ ရရှိခဲ့သည်။ ယင်းကြေးဆင်းတုတော်ကို သက္ကရာဇ် ၉၁၅ ခုနှစ်က ဗညားဦးမင်း လှူဒါန်းခဲ့ကြောင်း မွန်ဘာသာဖြင့် ကမ္ပည်းစာ ထိုးထားသည်။ ယင်းဗညားဦးမင်းမှာ သက္ကရာဇ် ၉၁၅ ခန့်က မော်လမြိုင်မြို့ကို စားရသော မော်လမြိုင်မြို့စား ဗညားဦးဖြစ်ပါသည်။

www.monlibrary.com

www.monlibrary.com





မွန်စာပါ သစ်သားဆင်းတုတစ်ဆူကို ဝါဂရူမြို့ဟောင်းတွင် တွေ့ရှိရသည်။ သစ်သားတစ်ပိုင်းတည်းတွင် ပလ္လင်ရော ဆင်းတုပါ ဆက်၍ ထုထားသည်။ ထိပ်ချွန်ကတော့ပုံဖြစ်၍ ၁၃ ရာစု မွန်လက်ရာ ဖြစ်ပါသည်။ ယင်းဆင်းတုတော်ကို မော်လမြိုင်မြို့နယ် ငန်းတေးမှ ရရှိပြီး မွန်ယဉ်ကျေးမှုပြတိုက်တွင် ခင်းကျင်းပြသထားသည့် သစ်သား ဆင်းတုနှင့် နှိုင်းယှဉ်လေ့လာသင့်ပေသည်။

www.monlibrary.com

www.monlibrary.com

www.monlibrary.com

www.monlibrary.com

## ရှေးမွန်ဒင်္ဂါးများ

※

မွန်လူမျိုးတို့သည် သုဝဏ္ဏဘူမိ၊ မုတ္တမ၊ ဟံသာဝတီ စသည့် ဒေသများတွင် မြို့ပြနိုင်ငံ တည်ထောင်၍ မိမိတို့ ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ခဲ့ကြသည်။ ထို့အတူ ယခု ထိုင်းနိုင်ငံ ပရပထုံ၊ လော့ပုရီ၊ လန်ဖွန်းစသည့် ဒေသများတွင် ဒွါရဝတီမွန်နိုင်ငံတစ်ခု တည်ထောင်၍ မွန်ယဉ်ကျေးမှုကို ပြုစုပျိုးထောင်ခဲ့ကြသည်။ ယဉ်ကျေးမှုအခြေမြင့်ခဲ့သူများပီပီ ငွေကြေးဆိုင်ရာ စနစ်တွင် သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုးတို့ကဲ့သို့ ဒင်္ဂါးများ ထုတ်လုပ်သုံးစွဲခဲ့ကြသည်။ သို့သော် ရှေး

www.monlibrary.com

www.monlibrary.com



မွန်ဒင်္ဂါးများကို သုဝဏ္ဏဘူမိ၊ မုတ္တမ၊ ဟံသာဝတီ စသည်တို့တွင် များများစားစား မတွေ့ရှိရဘဲ ဒွါရဝတီတွင်သာ အများအပြားတွေ့ရှိရသည်။ ဒွါရဝတီတွင် တွေ့ရှိရသော မွန်ဒင်္ဂါးများကို အကြမ်းအားဖြင့် လေးမျိုး ခွဲခြားထားနိုင်သည်။ ၎င်းတို့မှာ -

၁။ ခရုသင်း၊ သီရိဝစ္ဆဒင်္ဂါး


၂။ လှည်းဘီး၊ သီရိဝစ္ဆဒင်္ဂါး

၃။ ဒရယ်၊ သီရိဝစ္ဆဒင်္ဂါး

၄။ ခရုသင်း၊ သီရိဝစ္ဆ မပီမသပါရှိသော ဒင်္ဂါးဟူ၍ ဖြစ်ပါသည်။

**ခရုသင်း၊ သီရိဝစ္ဆဒင်္ဂါး**

ခရုသင်း၊ သီရိဝစ္ဆဒင်္ဂါးကို အလေးစားနှင့် အပေါ့စားဟူ၍ ပညာရှင်တို့က နှစ်မျိုးနှစ်စား ထပ်မံခွဲခြားထားပြန်သည်။ အလေး



၈ ခရုသင်း သီရိဝစ္ဆဒင်္ဂါး (အလေးစား) ၈


www.monlibrary.com

www.monlibrary.com



စား ဒင်္ဂါးသည် ထူထဲ၍ သိပ်သိပ်သည်းသည်းရှိသည်။ မျက်နှာဘက်တွင် ခရုသင်းပုံပါရှိပြီး အနားတစ်လျှောက်တွင် ဗိန္ဒုအပြောက်များ ဝန်းရံထားသည်။ ကျောဘက်တွင် သီရိဝစ္ဆနှင့် သီရိဝစ္ဆထဲတွင် လိင်္ဂသဏ္ဌာန်တစ်ခု ပါရှိသည်။ ယင်းဒင်္ဂါးများသည် အဝန်း ၂၄ မီလီမီတာရှိ၏။ အလေးချိန် ၁၀. ၈ ဂရမ်၊ ၉. ၇၆ ဂရမ်၊ ၉. ၈၉ ဂရမ်၊ ၁၀. ၀၄ ဂရမ်၊ ၁၀. ၀၃ ဂရမ်စသည်ဖြင့် အသီးသီးရှိကြသည်။ အေဒီ ၄၀၀-၅၀၀ စုခန့်က အသုံးပြုခဲ့သော ဒင်္ဂါးများ ဖြစ်ပါသည်။

ခရုသင်း၊ သီရိဝစ္ဆအပေါ့စား ဒင်္ဂါးများတွင် အထက်ပါအလေးစား ဒင်္ဂါးများမှာကဲ့သို့ ခရုသင်း၊ သီရိဝစ္ဆ၊ ဗိန္ဒုနှင့်လိင်္ဂများ ပါရှိသော်လည်း ပုံသဏ္ဌာန်မှာ ပီပီပြင်ပြင် ထင်ထင်ရှားရှား မရှိချေ။ ထူးခြားချက်တစ်ခုမှာ ဒင်္ဂါး၏ ကျောဘက်သီရိဝစ္ဆအောက်ခြေတွင် ငါးကြင်းပုံပါရှိခြင်းပင် ဖြစ်သည်။



ဂ ခရုသင်း သီရိဝစ္ဆဒင်္ဂါး (အပေါ့စား) ဂ

www.monlibrary.com

www.monlibrary.com



ဤဒင်္ဂါးကို ဒေါက်တာ မစ်ချင်နာ (Dr. Mitchiner) က ၎င်း၏ ဒင်္ဂါးစာရင်းတွင် အမှတ် ၅၂၀၉-၁၁ ဟူ၍ ဖော်ပြခဲ့သည်။ မစ္စဂုတ်မင် (Miss Gutmen) က ယင်းဒင်္ဂါး၏ မူလဇစ်မြစ်သည် ဖူနန်နိုင်ငံဖြစ်၍ ၎င်းမှတစ်ဆင့် မွန်တို့ လက်ခံရရှိသည်ဟု ဆိုပါသည်။ အဝန်း ၂၄ မီလီမီတာမှ ၂၇ မီလီမီတာအထိရှိ၍ အလေးချိန်မှာ ၉. ၀၈ ဂရမ်၊ ၈. ၈၇၄ ဂရမ်၊ ၉. ၄၈ ဂရမ်၊ ၈. ၁၁ ဂရမ် စသည်ဖြင့် အသီးသီးရှိကြသည်။ အေဒီ ၅၀၀-၆၀၀ စုခန့်က အသုံးပြုခဲ့သော ဒင်္ဂါးများ ဖြစ်ပါသည်။

## လှည်းဘီးသီရိဝစ္ဆဒင်္ဂါး

မျက်နှာဘက်တွင် ဓမ္မစကြာ အထိမ်းအမှတ် လှည်းဘီးပုံပါရှိ၍ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆထဲတွင် လခြမ်းပုံ ပါရှိပါသည်။ လှည်းဘီးထောင့်တိုင်များမှာ အချို့ဒင်္ဂါးတွင် ၁၂ ချောင်း ပါ၍ အချို့ ဒင်္ဂါးများတွင် ၁၄ ချောင်းပါရှိသည်။ အဝန်း ၁၈ မှ ၂၀ မီလီ



၈ လှည်းဘီး သီရိဝစ္ဆဒင်္ဂါး ၈

www.monlibrary.com

www.monlibrary.com




မီတာရှိ၍ အလေးချိန်မှာ ၉. ၃၇ ဂရမ်၊ ၉. ၃၃ ဂရမ် စသည်ဖြင့် ရှိပါသည်။

မစ္စတာရိုဘင်ဆင် (Mr. Robinson) နှင့် အယ်လ်ေအရှော (L.A Shaaw) တို့က ယင်းဒင်္ဂါးသည် ဒွါရဝတီတည်ထောင်ပြီးနောက် အေဒီ ၄၀၀ စုနှစ်က အသုံးပြုခဲ့သည်ဟု ဆိုသည် ဖော်ပြခဲ့သည်။ သို့သော် ဒေါက်တာမစ်ချင်နာ (Dr. Mitchiner) ကမူ အထက် ဖော်ပြပါ ခရုသင်း သီရိဝစ္ဆဒင်္ဂါးနှင့် လှည်းဘီး သီရိဝစ္ဆဒင်္ဂါးနှစ်မျိုးစလုံးသည် အေဒီ ၃၀၀ ရာစုကပင် အသုံးပြုနေပြီးဖြစ်သည်ဟု ဆိုပါသည်။ ထို့ထက် ရှေးကျသော ဒင်္ဂါးများ မတွေ့ရှိသေးမီ မွန်တို့သည် အေဒီ ၃၀၀ စုနှစ်ကပင် ဒင်္ဂါးများ ထုတ်လုပ်သုံးစွဲနေကြပြီဟု မှတ်ယူနိုင်ပါသည်။ စစ်တောင်းမှ ရရှိသော ဤလှည်းဘီး သီရိဝစ္ဆဒင်္ဂါးမျိုးတစ်ပြားကို မွန်ယဉ်ကျေးမှု ပြတိုက်တွင် ခင်းကျင်းပြသထားပါသည်။

**ဒရယ်သီရိဝစ္ဆဒင်္ဂါး**

ဒင်္ဂါး၏မျက်နှာဘက်ရှိ စက်ဝိုင်းအတွင်း၌ ဒရယ်တစ်ကောင် လက်ယာဘက်သို့ ခြေလှမ်းလှမ်းနေဟန်နှင့်အနားတစ်လျှောက်တွင်



ဂ ဒရယ်သီရိဝစ္ဆဒင်္ဂါး ဂ

www.monlibrary.com



ဗိန္ဒု အပြောက်များ ပါရှိသည်။ ဒရယ်ပုံသည် ဗာရာဏသီပြည်ရှိ မိဂဒါဝုန်တောတွင် မြတ်စွာဘုရား တရားဟောသည်ကို အကြောင်းပြု၍ ဖော်ပြထားခြင်းဖြစ်သည်။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆထဲတွင် မိုးကြိုးသွား ပါရှိသည်။ ဤဒင်္ဂါးသည် အထက်ဖော်ပြပါ လှည်းဘီး သီရိဝစ္ဆဒင်္ဂါးနှင့် တစ်ချိန်တည်းတွင် ပေါ်ပေါက်လာသည့် အေဒီ ၄၀၀-၅၀၀ စုခန့်က အသုံးပြုခဲ့သော ဒင်္ဂါးများဖြစ်ပါသည်။ အဝန်း ၂၅ မီလီမီတာရှိ၍ အလေးချိန် ၄၅ ဂရမ်ရှိသည်။

## ခရုသင်းသီရိဝစ္ဆမပီမသပါရှိသောဒင်္ဂါး

အလွန်ပါး၍ ပေါ့သောဒင်္ဂါးအမျိုးအစားဖြစ်သည်။ မျက်နှာဘက်တွင် ခရုသင်းပုံပါရှိ၍ ကျောဘက်တွင် သီရိဝစ္ဆနှင့် အခြားအားဖြည့်အမှတ်အသားများ ပါရှိသည်။ ဤဒင်္ဂါးတွင်ပါရှိသော ခရုသင်းနှင့် သီရိဝစ္ဆတို့သည် ပုံ-၃ တွင် ပါရှိသော ခရုသင်းနှင့် သီရိဝစ္ဆတို့လောက်ပင် ထင်ထင်ရှားရှားမရှိ၊ ပုံပါသည်ဆိုရုံသာရှိသည်။ အေဒီ ၆၀၀-၇၀၀ စုခန့်က အသုံးပြုခဲ့သော ဒင်္ဂါးများဖြစ်ပါသည်။

အချို့ဒင်္ဂါးများသည် အဝန်း ၃၁ မီလီမီတာရှိ၍ အလေးချိန် ၄. ၀ ဂရမ်၊ ၃. ၉၄ ဂရမ်၊ ၄. ၁ ဂရမ်၊ ၃. ၉၀ ဂရမ်၊ ၃. ၆၈ ဂရမ်၊ ၃. ၈၀ ဂရမ်၊ ၃. ၄၅ ဂရမ်စသည်ဖြင့် ရှိကြသည်။


အချို့မှာ အဝန်း ၁၆ မှ ၁၇ မီလီမီတာအထိရှိ၍ အလေးချိန် ၀. ၇၅ ဂရမ်၊ ၀. ၆၂ ဂရမ်၊ ၀. ၆၉ ဂရမ်၊ ၀. ၆၅ ဂရမ်၊ ၀. ၈၁

www.monlibrary.com



ဂရမ်၊ ၁. ၁၄ ဂရမ်၊ ၀. ၇၅ ဂရမ်၊ ၀. ၇၁ ဂရမ်၊ ၀. ၇၉ ဂရမ် စသည်ဖြင့် အသီးသီးရှိကြသည်။

ထို့ထက်သေးငယ်သော ဒင်္ဂါးများမှာ အဝန်း ၁၃ မှ ၁၅ မိလီမီတာအထိရှိ၍ အလေးချိန် ၀. ၀၈ ဂရမ်၊ ၆. ၁၁ ဂရမ်၊ ၀. ၀၇ ဂရမ်၊ ၀. ၁၀ ဂရမ် စသည်ဖြင့် အသီးသီးရှိကြသည်။



ခရုသင်း သီရိဝစ္ဆမပီမသပါရှိသော ဒင်္ဂါး

## ဟံသာဝတီဒင်္ဂါး

ဆာအာသာဖယ်ယာက ခရုသင်း၊ သီရိဝစ္ဆဒင်္ဂါး တစ်ခုကို ပဲခူးတွင် တွေ့ရှိရကြောင်း၊ ၎င်း၏ ရခိုင်၊ ပဲခူးနှင့် မြန်မာပြည်ဒင်္ဂါးများ စာအုပ်တွင် ဖော်ပြခဲ့သည်။ ယင်းဒင်္ဂါးသည် အေဒီ ၄၀၀-၅၀၀ စုခန့်က အသုံးပြုခဲ့သော ဒွါရာဝတီနိုင်ငံ၏ မြို့တော် ပရပထုံတွင် တွေ့ရှိရသည့် မွန်ဒင်္ဂါးနှင့်အတူတူပင်ဖြစ်သည်။

www.monlibrary.com

www.monlibrary.com



နခုံပထုံ မွန်ဒင်္ဂါးတွင် တွေ့ရှိရသော သီရိဝစ္ဆ၏ ဘေးတစ်ဘက်တစ်ချက်တို့သည် နဂါးနှစ်ကောင်ကဲ့သို့ ကောက်ကောက်ကွေးကွေးမရှိ။ အတွင်းဘက်သို့ အနည်းငယ်သာ ကွေးညွှတ်သယောင်ရှိသည်။ သီရိဝစ္ဆ၏ အထက်ပိုင်း ဆင်ခြေလျှောနှစ်ခုသည်လည်း အိမ်ခေါင်ကဲ့သို့ ဖြောင့်တန်းနေသည်။ ထို့ကြောင့် ၎င်းဒင်္ဂါးတွင် ပါရှိသော သီရိဝစ္ဆမှာ မုခ်ဝနှင့်သော်လည်းကောင်း၊ တံကဲနှင့်သော်လည်းကောင်း တူနေသည်ကို တွေ့ရှိရသည်။ တစ်နည်းအားဖြင့် မြန်မာပြည်ရှိ ခြေတော်ရာများတွင် ပါရှိသည့် သီရိဝစ္ဆသရုပ်ဖော်အကွက်တွင် တွေ့ရှိရသော အိမ်မွှန်ပုံစံနှင့်လည်း တူနေပေသည်။ မည်သို့ပင်ဖြစ်စေ အခြေခံအချက်အလက်များမှာ အတူတူပင်ဖြစ်သည်။ ထို့ကြောင့် ဦးအောင်သော်က နခုံပထုံဒင်္ဂါးသည် မြန်မာပြည်ဒင်္ဂါးများမှတဆင့် ပျံ့နှံ့ခဲ့ပြီး အသွင်ပြောင်းသွားသည်ဟု ဆိုပါသည်။ ထို့ထက် နခုံပထုံမွန်ဒင်္ဂါးသည် ရာမညမွန်များမှတဆင့် ဒွါရဝတီမွန်များသို့ ပျံ့နှံ့ခဲ့ပြီး အသွင်ပြောင်းသွားသည်ဟုဆိုလျှင် ပိုမိုတိကျမှန်ကန်မည်ဖြစ်ပါသည်။

ဟံသာဝတီနေပြည်တော်၏ အမှတ်အသား သင်္ကေတသည် ဟင်္သာဖြစ်သည်နှင့်အမျှ မွန်တို့သည် ဟင်္သာငှက်ကို ဒင်္ဂါးများတွင် ကျကျနနထည့်သွင်းသွန်းလုပ်ခဲ့ကြသည်။ ထိုဒင်္ဂါးများသည် နွားလား၊ ဥဿဘခက်ရင်း၊ သပြေညွန့် အစရှိသည့် အမှတ်အသားများနှင့် ယင်းအမည် ခတ်နှိပ်ထားသော ရခိုင်ဒင်္ဂါးများ၊ ယဇ်ပလ္လင်၊ ဥကင်၊ ခရုသင်း၊ ရေလှိုင်း၊ ဗိန္ဒုနှင့် နေလအမှတ်အသားများ ပါရှိသည့်

www.monlibrary.com

www.monlibrary.com



ဟန်လင်းဒင်္ဂါးများနောက်သို့မဟုတ် မရှေးမနှောင်းကပင် ပေါ်ပေါက်ခဲ့သည်ဟု ဆိုပါသည်။ သို့သော် ယင်းဒင်္ဂါးများမှာ ယခုထက်တိုင် ရှာဖွေတွေ့ရှိခြင်းမရှိသေးပါ။

**ဟံသာဝတီမွန်ခေဒင်္ဂါးများ**

အထက်ဆိုခဲ့သည့်အတိုင်း ဟံသာဝတီခေတ်သုံး ဟင်္သာရုပ်ပါ ငွေဒင်္ဂါးများကို ရှာဖွေမတွေ့ရှိရသေးသော်လည်း ဟင်္သာရုပ်ပါ ဒင်္ဂါးများကိုမူ အေဒီ ၁၅၆၀-၁၅၉၀ ပတ်ဝန်းကျင်လောက် စတင်ထုတ်လုပ်သုံးစွဲခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ၎င်းဒင်္ဂါးများသည် မျက်နှာဘက်တွင် ဟင်္သာရုပ်၊ အနားတစ်လျှောက်တွင် ဗိန္ဒုအမြောက်အမြားပါရှိပြီး ကျောဘက်တွင် စက်ဝိုင်းထဲ၌ မဟာသုခဂဏာဂရံဟူ၍ စာတန်းပါရှိပြီး အနားတစ်လျှောက်တွင် မျက်နှာဘက်မှာကဲ့သို့ ဗိန္ဒုအစက်အပြောက်များ ပါရှိသည်။

မွန်ဒင်္ဂါးများကို တနင်္သာရီတွင်လည်း တွေ့ရှိရသည်။ တနင်္သာရီတွင် တွေ့ရှိရသော ဒင်္ဂါးတစ်ပြားမှာ အလေးချိန် ၃၃၃ ဂရမ်ရှိ၍ ထိုစဉ်က ငွေနှစ်ဆယ်ကျပ်အဖြစ် အသုံးပြုခဲ့သော ဒင်္ဂါးဖြစ်ပါသည်။ မျက်နှာဘက်တွင် ဟင်္သာရုပ်ပါရှိ၍ ကျောဘက်တွင် ပါရှန်းစာ ပါရှိသည်ကို ထူးထူးခြားခြား တွေ့ရှိရသည်။ ယင်းစာအရ ဟံသာဝတီသည် ထိုစဉ်က မလေးတောင်ပိုင်းနှင့် အဆက်အဆံရှိကြောင်း သိရှိရပါသည်။

www.monlibrary.com

www.monlibrary.com



## ကျိုက္ကသာမွန်ဒင်္ဂါး

၁၉၈၅-၈၆ ခုတွင် ရှေးဟောင်းသုတေသနဌာနက ကျိုက္ကသာမြို့ဟောင်းကို တူးဖော်ခဲ့ရာ မြေအိုးတစ်ခုတွင် ထည့်သွင်း မြှုပ်နှံထားသော ငွေဒင်္ဂါးပေါင်း ၁၀၈၅ ပြားကို တူးဖော်တွေ့ရှိရသည်။ ယင်း ဒင်္ဂါးများကို အမျိုးအစားအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားထားနိုင်သည်။ ၎င်းတို့မှာ -

၁။ ခရုသင်း သီရိဝစ္ဆဒင်္ဂါး

၂။ အိုး သီရိဝစ္ဆဒင်္ဂါးဟူ၍ ဖြစ်ပါသည်။

### ခရုသင်းသီရိဝစ္ဆဒင်္ဂါး

ယင်းဒင်္ဂါးတွင် အကြီးအသေးဟူ၍ နှစ်မျိုး ထပ်မံခွဲခြားနိုင်သည်။ အကြီးစားဒင်္ဂါးတွင် မျက်နှာဘက်၌ စက်ဝန်းထဲတွင် ခရုသင်းပုံ ပါရှိပြီး အနားတစ်လျှောက်တွင် ဗိန္ဒုအစက်အပြောက်များ ပါရှိသည်။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအလယ်တွင် လနှင့်အထက်တွင် နေလပုံ ပါရှိသည်။ အောက်ခြေတွင် ငါးကြင်းပုံပါရှိသည်။ အသေးစား ဒင်္ဂါးတွင် ပါရှိသော အမှတ်အသားမှာ အကြီးစား ဒင်္ဂါးအတိုင်း ပါရှိသည်။ သို့သော် အသေးစားဒင်္ဂါး၏ ကျောဘက် သီရိဝစ္ဆအလယ်တွင် လိင်္ဂသဏ္ဌာန်တစ်ခုပါရှိပြီး လက်ဝဲဘက်ဘေး နေစွယ်တစ်ခုပါရှိသည်။ မည်သို့ပင်ဖြစ်စေ ဤဒင်္ဂါးများသည် အထက်ဖော်

www.monlibrary.com

www.monlibrary.com



ပြပါ မွန်ဒင်္ဂါးလေးမျိုးအနက် အေဒီ ၆-ရာစု၊ ၇-ရာစုခန့်က အသုံးပြုခဲ့သော ခရုသင်း သီရိဝစ္ဆအပေါ်စားဒင်္ဂါးနှင့် အတူတူပင်ဖြစ်သည်။

**အိုး၊ သီရိဝစ္ဆဒင်္ဂါး**

မျက်နှာဘက် စက်ဝိုင်းထဲ၌ ကလသာအိုးပုံပါ၍ အနားတစ်လျှောက်တွင် ဗိန္ဒုအပြောက်များ ပါရှိသည်။ ကျောဘက်တွင် သီရိဝစ္ဆ၊ သီရိဝစ္ဆအထက်တွင် နေနှင့်လအောက်တွင် ဗိန္ဒု ၃စက် ပါရှိပြီး လက်ဝဲဘက်ဘေးတွင် စကြာပုံပါရှိသည်။ ညာဘက်ဘေးတွင် ဘဒ္ဒပိဌပုံပါရှိသည်။ တွေ့ရှိရသော ဒွါရဝတီမွန်ဒင်္ဂါးများတွင်လည်းကောင်း၊ ပျူနှင့်ရခိုင်ဒင်္ဂါးများတွင်လည်းကောင်း၊ အိုးပုံကို ထည့်သွင်းသွန်းလုပ်ခဲ့ခြင်း မရှိချေ။ ထို့ကြောင့် အိုး၊ သီရိဝစ္ဆဒင်္ဂါးသည် အေဒီ ၆၀၀-၇၀၀ စုခန့်က ရာမညဒေသမှ မွန်တို့ ထုတ်လုပ်သုံးစွဲခဲ့သည့် သီးခြားဒင်္ဂါးတစ်မျိုးဖြစ်သည်ဟု မှတ်ယူနိုင်ပါသည်။

**မွန်ဒင်္ဂါးပါအမှတ်အသားများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

**ခရုသင်း**

ဒင်္ဂါး၏အလယ်ဗဟိုတွင်ပါရှိသည့် အဓိကအမှတ်လက္ခဏာဖြစ်သည်။ ခရုသင်းသည် ဗိဿနိုးနတ်မင်းကိုင်စွဲသော ဝတ္ထုပစ္စည်းလေးမျိုးအနက် တစ်ခုအပါအဝင်ဖြစ်၍ ခြေတော်ရာ၌ ဖော်ပြသော လက္ခဏာတော် ၁၀၈ ပါးတွင်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။

www.monlibrary.com

www.monlibrary.com



## ဗိန္ဒုပြောက်

ဒင်္ဂါး၏ အနားတလျှောက်ကို ဝန်းရံထားသော ဗိန္ဒုပြောက်သည် များသောအားဖြင့် ၂၆၊ ၂၇၊ ၂၈၊ ၂၉ လုံး စသည်ဖြင့် ပါရှိသည်ကို တွေ့ရှိရသည်။ ၂၇ ထက် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ၊ နက္ခတ် ၂၇ လုံးကို ရည်ညွှန်းခြင်းသာဖြစ်ပါသည်။ သို့သော် အချို့ဒင်္ဂါးများတွင် ဗိန္ဒုအပြောက် ၁၂ စက်၊ ၃ စက် စသည်ဖြင့် ပါရှိတတ်ရာ ၁၂ စက်ကို ရာသီခွင် ၁၂ ခုဟူ၍လည်းကောင်း၊ ၃ စက်ကို ရတနာသုံးပါးဟူ၍လည်းကောင်း ကြံဆကြသည်။ စင်စစ် ဗိန္ဒုအမှတ်လက္ခဏာများသည် ဟိန္ဒူနတ်ကြီးသုံးပါးဖြစ်သော ပရမေသွာရ ဗြဟ္မာနတ်မင်းကြီး၊ မဟာဒေဝ မဟေသွသူလ (ခက်ရင်းသုံးခွလက်နက်ပိုင်ရှင်) နတ်မင်းကြီး၊ သိဝနတ်မင်းကြီး စသည့် နတ်မင်းကြီးများ၏ အမှတ်လက္ခဏာအဖြစ်လည်း ယူဆနိုင်သည်။

## လိင်

သိဝနတ်၏ အထိမ်းအမှတ်ဖြစ်သော လိင်္ဂသဏ္ဌာန်နှင့်တူသောကြောင့် လိင်ဟူ၍ သတ်မှတ်ကြသည်။ ပျူဒင်္ဂါးများတွင် ပါရှိသည့် လိင်၏ ဘေးတစ်ဘက်တစ်ချက်တွင် ဗိန္ဒုပြောက် ၄ စက် ထက်အောက်တန်းစီ၍ နေသည်။ ပျူဒင်္ဂါးတွင်ပါရှိသော လိင်ပုံသဏ္ဌာန်သည် ဘောဘောကြီးစေတီကဲ့သို့ရှိသဖြင့် ၎င်းကို စေတီလုံးဟူ၍လည်းကောင်း၊ လုံ့သွားပုံ စေတီလုံးဟူ၍လည်းကောင်း

www.monlibrary.com

www.monlibrary.com



ခေါ်ဝေါ်ခဲ့ကြသည်။ ဒွါရာဝတီကို တူးဖော်သောအခါ အောက်ခံ အုတ်ခုံပေါ်တွင် အုတ်တိုက်တို့ဖြင့် အကျအန တည်ဆောက်ခဲ့သည့် စေတီလုံးကဲ့သို့သော လိင်္ဂနှစ်ခုကို တွေ့ရှိရသည်။

## သီရဝစ္ဆ

သီရဝစ္ဆဟူသော အသုံးအနှုန်းတွင်တွင်ကျယ်ကျယ် မသုံးစွဲမီက ဒင်္ဂါး၏ ကျောဘက် ဥကင်ထိပ်မှ အမှတ်အသား၏ ဘေး တစ်ဘက်တစ်ချက်ကို မြွေပေါက် သို့မဟုတ် နဂါးနှစ်ကောင်ဟူ၍ လည်းကောင်း၊ ပုံတစ်ခုလုံးကို ဒိုင်းပုံ၊ အချို့က သီဝနတ်မင်း၏ လက်နက်ဖြစ်သော တြိသူလ ခေါ် ခက်ရင်း (၀ါ) မှိန်းဟူ၍လည်းကောင်း၊ အချို့က ဝပုမာန၊ တြိရတနာဟူ၍လည်းကောင်း၊ ယဇ်ပလ္လင်ဟူ၍ လည်းကောင်း အမျိုးမျိုးကြံဆခဲ့ကြသည်။ နောက်ပိုင်းတွင် သီရဝစ္ဆ အသုံးအနှုန်းက ပိုတွင်ကျယ်လာသည်အထိ L.A Shaw ကလည်း သီရဝစ္ဆဟုပင် သုံးနှုန်း၍ Dr. Mitchiner ကမူ ၎င်း၏ အရှေ့တိုင်း ဒင်္ဂါးများစာအုပ်တွင် Temple ဟုသာ ဖော်ပြခဲ့သည်။

စင်စစ် သီရဝစ္ဆဆိုသည်မှာ သက္ကဋဘာသာ ဗြိဝတ္တမှ ဆင်းသက်လာခြင်းဖြစ်သည်။ ဗြိမှာ သီရိနတ်သမီးကို ဆိုလို၍ ဝတ္တမှာ မြတ်နိုးဖွယ်ရာဟူသောအနက်ကို ဆောင်လိုဟန်ရှိသည်။ ဗိဿနိုးနတ်မင်းကြီး၏ ကြင်ယာ လက္ခမီနတ်သမီးကို ကိုယ်စားပြု အမှတ်အသားဖြစ်၏။ ဗိန္ဒုနတ်မင်းကြီးသည် သူ၏ရင်၌ဖြစ်သောမှဲ့ပုံသဏ္ဌာန်

www.monlibrary.com



အတိုင်း ယင်းအမှတ်လက္ခဏာကို အမြဲ ဆင်မြန်းထားသည်ဟုလည်း အဆိုရှိသည်။ သီရိနှတ်သမီးသည် မွန်မြတ်သော နေရာ၌နေ၍ ကျက်သရေကို တိုးတက်စေ၏။ သီရိဝစ္ဆကို ဆောင်ခြင်းဖြင့် ယင်းအကျိုးတို့ကို ပြည့်ဝစေသည့် မွန်မြတ်သန့်စင်သော နေရာအညွန်းသည် သီရဝစ္ဆ၏ အချက်အချာဖြစ်၏။ ထို့ကြောင့် နေရာဌာန၊ အိမ်မွန်အထွတ်တို့တွင် သီရဝစ္ဆသည် တည်ရှိနေလေသည်။

သီရိနှတ်သမီးထိုင်လျက်နေသောအခါ လက်နှစ်ဘက်နှင့် ခြေနှစ်ဘက်တို့ကို ကြော့ကြော့ကလေး ကွေးထားလေ့ရှိသည်။ သီရဝစ္ဆသည် ယင်းနှတ်သမီးထိုင်နေပုံကို သရုပ်ဖော်ထားခြင်းဖြစ်သည်။

## သွတ္တိက (စကြာ)

အာရိယံ၊ ဟိန္ဒူနှင့် ဗုဒ္ဓယဉ်ကျေးမှု အမှတ်လက္ခဏာများတွင် သွတ္တိကနှင့် မကင်းကြ၊ သွတ္တိက (စကြာ) ကို မင်္ဂလာရှိသော၊ ကောင်းမြတ်သော အထိမ်းအမှတ်အဖြစ် လက်ခံခဲ့ကြသည်။ ကျက်သရေမင်္ဂလာအပေါင်း ပြည့်စုံစေရန် သွတ္တိကဟု ရေးသားဖော်ပြရမည့်အစား သွတ္တိက၏ သင်္ကေတအဖြစ် စကြာကို အသုံးပြုခြင်း ဖြစ်သည်။ အရပ်လေးမျက်နှာသို့ နေရောင်ခြည် ဖြာထွက်ပုံနှင့် လှည့်ပတ်ရွေ့လျားလျက်ရှိသောနေမင်းကိုအစွဲပြု၍ ဖော်ပြသည့် ပုံသဏ္ဌာန်ဖြစ်သည်ဟု အချို့ယူဆကြသည်။ ၁၀၈ ကွက် စက်လက္ခဏာများတွင် သွတ္တိကသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

www.monlibrary.com

www.monlibrary.com



## ဘဒ္ဒပိဌ

ကိုကြ္ကာသာတွင် တွေ့ရှိရသည့် အိုး၊ သီရဝစ္ဆဒင်္ဂါးတွင် သီရဝစ္ဆ၏ ညာဘက်အောက်ဘေး၌ သေးငယ်သော ဘဒ္ဒပိဌတစ်ခု ပါရှိသည်။ ၎င်းကို တစ်နည်းအားဖြင့် ဘဒြာသနဟုလည်း ခေါ်သည်။ သိဝနတ်၏ အသုံးအဆောင်များအနက် တစ်ခုအပါအဝင်ဖြစ်သော ဒမရုခေါ် ပလုတ်တုတ်နှင့် ဆင်တူ၍ ထိုင်ခုံ သို့မဟုတ် ကလပ်နှင့်လည်း တူသည်။ ယင်းထိုင်ခုံ (ဝါ) ကလပ်ပေါ်တွင် ဗိန္ဓုပြောက် တွေ့ရှိရသဖြင့် ပလ္လင်ပေါ်တွင် ဝတ္ထုပစ္စည်းများ တင်ထားသကဲ့သို့ဖြစ်သည်။ ယင်းပုံစံသည် စက်လက္ခဏာတော်တွင် တွေ့ရသည့် ဘဒ္ဒပိဌအမှတ်အသားနှင့် အတူတူပင်ဖြစ်သည်။

Dr. M. Mitchiner က ဘဒ္ဒပိဌကို ဟိန္ဒူဘုန်းတော်ကြီးများ ခမ္ဘတေးရွတ်ဖတ်သောအခါ ထိုးသည့် ဗုံကလေးနှင့် တူသည်ဟု ဆိုပါသည်။ Thomas Letter ကမူ ဘဒ္ဒပိဌကို ရေ၊ မြေ၊ လေ၊ မီး အဖြစ် ကြံဆထားသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရပါသည်။ ဤသည်တို့မှာ မိမိတို့ လိုရာဆွဲ၍ အနက်အဓိပ္ပာယ် ကောက်ယူကြခြင်းသာ ဖြစ်သည်။ ဒင်္ဂါးပါ အမှတ်အသားများ၏ မူလဇစ်မြစ်ရည်ရွယ်ချက်တို့ကို အနီးစပ်ဆုံး ခန့်မှန်းနိုင်ရန် တိကျခိုင်လုံသော အထောက်အထားများ ဆက်လက်ရှာဖွေရဦးမည်သာ ဖြစ်ပေသည်။

www.monlibrary.com

www.monlibrary.com

www.monlibrary.com


## ရှေးမွန်ဘုရင်တို့၏
## အုပ်ချုပ်ရေးနှင့် ရာထူးဌာနန္တရ သတ်မှတ်ချက်များ

✳

မွန်တို့သည် အလွန်ရှေးကျသော ကာလကပင် မြို့ပြနိုင်ငံများ တည်ထောင်ပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် နေလာခဲ့ကြသည်။ သို့သော် ထိုစဉ်က ကျင့်သုံးခဲ့သော မွန်တို့၏ အုပ်ချုပ်ရေးစနစ်မှာ မှတ်တမ်းမှတ်ရာများတွင် မကြွင်းကျန်ရစ်တော့ချေ။ ဒုတိယ ဟံသာဝတီကာလကျမှသာ မွန်တို့၏ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဟိုတစ်စ သည်တစ်စ တွေ့ရှိရသည်။

www.monlibrary.com

သက္ကရာဇ် (၇၁၀) တွင် ဗညားဦးသည် မုတ္တမထီးနန်းကို ဆက်ခံသည်။ ထို့နောက် နေပြည်တော်ကို မုတ္တမမှ ဟံသာဝတီသို့



www.monlibrary.com



ပြောင်းရွှေ့လိုက်ခြင်းဖြင့် ဟံသာဝတီ ဒုတိယမင်းဆက်ကိုတည်ထောင်ခဲ့သည်။ ဗညားဦးလွှန်လျှင် သားတော် ရာဇဓိရာဇ်က ဟံသာဝတီထီးနန်းကို ဆက်ခံသည်။ ထိုမင်းလက်ထက်တွင် မိမိပိုင် နယ်ပယ်အားလုံးကို ဟံသာဝတီမဏ္ဍလ၊ မုတ္တမ မဏ္ဍလ၊ ကုသိမ မဏ္ဍလဟူ၍ တိုင်းသုံးတိုင်းခွဲခြားအုပ်ချုပ်ခဲ့သည်။ ဟံသာဝတီ မဏ္ဍလမြို့ပေါင်း (၃၂) မြို့၊ မုတ္တမ မဏ္ဍလတွင် (၃၂) မြို့၊ ကုသိမ (ပုသိမ်) မဏ္ဍလတွင် (၃၂) မြို့ စသည်ဖြင့် မြို့ပေါင်း ၉၆ မြို့ရှိသည်။ မုတ္တမမဏ္ဍလမှ သက္ကရာဇ် ၆၄၃ ဝါရီရူမင်း မုတ္တမကို တည်ထောင်စဉ်ကပင် အင်းမြို့ (၃၂) မြို့နှင့် ဇာ (၁၂) ဇာကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ဟံသာဝတီ ၃၂ မြို့တွင် ပါဝင်သော မြို့များမှာ -

| စဉ် | မြို့အမည် | မြို့တည်သောမင်းအမည် |
|---|---|---|
| ၁။ | ဟံသာဝတီမြို့ | သမလမင်း |
| ၂။ | ကျောက်မော်မြို့ | ၎င်း |
| ၃။ | အမ်းမြို့ | ၎င်း |
| ၄။ | တုံဇရစ်မြို့ | ၎င်း |
| ၅။ | ကျည်းကူမြို့ | ၎င်း |
| ၆။ | စစ်တောင်းမြို့ | ဝိမလမင်း |
| ၇။ | ဒင်းမဲမြို့ | ၎င်း |

www.monlibrary.com

www.monlibrary.com



| | | |
|---|---|---|
| ၈။ | ဇရွဲဘုံမြို့ | ၎င်း |
| ၉။ | အသာမြို့ | ၎င်း |
| ၁၀။ | မော်လုံမြို့ | မဟိမုက္ခမဟိန်သဟရာဇာမင်း |
| ၁၁။ | လကွန်းဗျည်းမြို့ | ၎င်း |
| ၁၂။ | အာခရိန်မြို့ | မဟိဿရာဇာမင်း |
| ၁၃။ | မအူမြို့ | ၎င်း |
| ၁၄။ | ရမ္မာနဂိုမြို့ | ပုဏ္ဏာရိကမင်း |
| ၁၅။ | ရမ္မာဝတီမြို့ | ၎င်း |
| ၁၆။ | မှော်ဘိမြို့ | ၎င်း |
| ၁၇။ | လှိုင်မြို့ | ၎င်း |
| ၁၈။ | ဘောင်လင်းမြို့ | တိဿရာဇာမင်း |
| ၁၉။ | ထန်းတောကြီးမြို့ | ဗညားဦးမင်း |
| ၂၀။ | တိတွတ်မြို့ | ၎င်း |
| ၂၁။ | ဇေရှမြို့ | ၎င်း |
| ၂၂။ | ဇောင်းတူမြို့ | ၎င်း |
| ၂၃။ | ဘားအိုင်မြို့ | ဗညားဦးမင်း |
| ၂၄။ | တုံခန်းမြို့ | ၎င်း |

www.monlibrary.com

www.monlibrary.com



| | | |
|---|---|---|
| ၂၅။ | ရဲနွဲ့မြို့ | ၎င်း |
| ၂၇။ | တံငါပေါင်မြို့ | ၎င်း |
| ၂၈။ | မင်းရဲလှမြို့ | ၎င်း |
| ၂၉။ | ကောလိယမြို့ | ရာဇာဝိရာဇ်မင်း |
| ၃၀။ | ပိုင်တာမြို့ | ၎င်း |
| ၃၁။ | ဝင်မြိုင်မြို့ | ရှင်စောပု |
| ၃၂။ | ယွန်ဇလင်းမြို့ | ဓမ္မစေတီမင်း |
| ၃၃။ | ဟသ်ာဇိုင်းကနိန်မြို့ | သုရှင်တကာရွတ်ပိမင်း |

ဟံသာဝတီ ၃၂ မြို့ဟု ဆိုသော်လည်း ဟံသာဝတီမြို့ အပါအဝင် ၃၃ မြို့ဖြစ်နေသည်ကို တွေ့ရှိရသည်။ သို့သော် မွန်သမိုင်းတွင်လည်းကောင်း၊ စစ်တမ်းများတွင်လည်းကောင်း၊ ဟံသာဝတီ (၃၃) မြို့ဟုမရေး၊ ဟံသာဝတီ ၃၂ မြို့သာ ရေးသားဖော်ပြခဲ့ကြသည်။

ဟံသာဝတီ (၃၂) မြို့ရှိသည့်အနက် -

၁။ မင်းရဲလှမြို့
၂။ ဇောင်းတူမြို့
၃။ နေရဥမြို့
၄။ ကောလိယမြို့
၅။ ပိုင်တားမြို့

www.monlibrary.com

www.monlibrary.com



၆။ ဇရစ်မြို့
၇။ ဝန်းမြို့
၈။ တုံခမ်းမြို့
၉။ ရဲနွဲမြို့
၁၀။ ကျောက်မော်မြို့
၁၁။ စစ်တောင်းမြို့

စသည့် မြို့များကို အမတ်ကြီး ဇိပ်ဖြုက စီမံခန့်ခွဲရပြီး သိဟသူကို အချုပ်၊ ဣန္ဒကျော်သူကို အကြပ်ခန့်ထားသည်။

ဟံတဝတီမြို့တော်၏ အရှေ့တောင်ဘက်ရှိ -

၁။ တွန်ဇေတုံရွာ
၂။ ဈေးပသွန်ရွာ
၃။ တွန်ကေလာသရွာ
၄။ တွန်ဩသရောရွာ တို့တွင် ငထော်ကို တပ်မှူး၊ ငထွန်ပေါင်ကို အကြပ်ခန့်ထားသည်။

ဟံသာဝတီမြို့တော် တောင်ဘက်ရှိ -

၁။ ဘွန်ကျတ်ပတိုင်ရွာ
၂။ တွန်တမြင်ပကစ်ရွာ

www.monlibrary.com

www.monlibrary.com



၃။ တွန်တောင်ပလွန်ရွာ

၄။ တွန်မို့ခိုင်ရာ

၅။ တွန်ကမာတရဲရွာ

၆။ တွန်ဆင်ကလောင်ရွာ

၇။ တွန်သြဘုံရွာ

၈။ တွန်ကျက်တနက်ရွာ

၉။ တွန်တေးစပ်ရွာ တို့တွင် လေိပ်တော်ကို တပ်မှူး ဒေါ်ရ ဇနိကို အကြပ်ခန့်ထားသည်။

လဝွန်းအိန် စီမံခန့်ခွဲရသည့် မြို့များမှ ဟံသာဝတီမြို့တော် အနောက်ဘက်ရှိ -

၁။ လဝွန်းဗျည်းမြို့

၂။ မအူမြို့

၃။ စမ္မာနဂိုရ်မြို့

၄။ တံငါပေါင်မြို့

၅။ ခဲပေါင်မြို့

၆။ ခရိန်မြို့

www.monlibrary.com

www.monlibrary.com



၇။ ဘောင်းလင်းမြို့

၈။ မှော်ဘီမြို့

၉။ ဒလမြို့

၁၀။ မြောင်းမြမြို့

၁၁။ ကုသိမ်မြို့ စသည်တို့ဖြစ်ပါသည်။ ထိုမြို့တွင် သိုင်းကို တပ်မှူး၊ ပေါ်ပိုင်ရွှတ်ကို သွေးသောက်ကြီး၊ ကျော်ကို အကြပ်ခန့်ထားသည်။

ဟံသာဝတီအရှေ့မြောက်ဘက်ရှိ -

၁။ အပိုင်ရွာ

၂။ မော်ဓော ကန့်ရွာ

၃။ ကလိရွာ

၄။ သရက်အုပ်ရွာ

၅။ ဘောနက်ကြီးရွာ တို့တွင် ဘဲကို သွေးသောက်ကြီး၊ အွန်ထော်ကို အကြပ်ခန့်ထားသည်။

ဟံသာဝတီမြို့တော် အရှေ့ဘက်တွင် -

၁။ သကာမရွာ

www.monlibrary.com

www.monlibrary.com



၂။ ပေါင်လောင်ရွာ

၃။ လမန်ရွာ

၄။ ထာထော်ရွာ

၅။ အိုင်တရော်ရွာ

၆။ အင်းတရပ်ရွာ

၇။ မိုးနက်ရွာ

၈။ တွန်သိန်တရပ်ရွာတို့တွင် ငထော်ကမိုကိုသွေးသောက်ကြီး၊ ငရဲကျော်ကို အကြပ်ခန့်ထားသည်။

ဟံသာဝတီမြို့တော် တောင်ဘက်ရှိ -

၁။ မကော်ရွာ

၂။ သာခရွာ

၃။ တလဲထော်ရွာ

၄။ စန်တိရွာ

၅။ ဥယျာဉ်ကြီးရွာ

၆။ ပန်းဆေးရွာ

၇။ အိုးဘိုရွာ

www.monlibrary.com

www.monlibrary.com



၈။ မုတ္တလရွာစည်တို့ဖြစ်ပါသည်။ ထိုရွာတွင် ဒေအိုင်ကို သွေးသောက်ကြီး၊ ဒေအူကို အကြပ်ခန့်ထားသည်။

ဟံသာဝတီမြို့တော် အနောက်တောင်ဘက်တွင်

၁။ စည်းရွာ

၂။ အုပ်ပိုင်ရွာ

၃။ နဂါးဆိပ်ရွာ

၄။ တွန်ကမန်ရွာ

၅။ သရဲမလောရွာတို့တွင် ဖေန်ကို သွေးသောက်ပြီး ငရံကို အကြပ်ခန့်ထားသည်။

မုတ္တမ ၃၂ မြို့တွင် ပါဝင်သော မြို့များမှာ -

| စဉ် | မြို့အမည် | စဉ် | မြို့အမည် |
|---|---|---|---|
| ၁။ | ကွန်းမြို့ | ၂။ | ဇယားမြို့ |
| ၃။ | ဘင်လှိုင်မြို့ | ၄။ | ဝင်းယော်မြို့ |
| ၅။ | မော်လမြိုင်မြို့ | ၆။ | ဝါဂရုမြို့ |
| ၇။ | လဝွန်းဗျည်းမြို့ | ၈။ | ကျိုင်းမြို့ |
| ၉။ | ကောဒ့်မြို့ | ၁၀။ | ဘီလူးကျွန်းမြို့ |

www.monlibrary.com

www.monlibrary.com



| | | | |
|---|---|---|---|
| ၁၁။ | ရေးမြို့ | ၁၂။ | အထရံမြို့ |
| ၁၃။ | မြိုင်မြို့ | ၁၄။ | တုံဝန်းမြို့ |
| ၁၅။ | ကျိုက်မြို့ | ၁၆။ | တုံသမိမြို့ |
| ၁၇။ | အိဖြစ်မြို့ | ၁၈။ | ဇမိမြို့ |
| ၁၉။ | တောင်ပို့မြို့ | ၂၀။ | ကျိုက်တိုက်ကုလားမြို့ |
| ၂၁။ | ခရဲမြို့ | ၂၂။ | သဇိုင်းမြို့ |
| ၂၃။ | စွယ်ရံမြို့ | ၂၄။ | ထားကျိုင်းမြို့ |
| ၂၅။ | ရင်းငြိမ်မြို့ | ၂၆။ | အိဝဲမြို့ |
| ၂၇။ | လှိုင်းဘွဲ့မြို့ | ၂၈။ | ယင်းအုံမြို့ |
| ၂၉။ | ကောဘိန်းမြို့ | ၃၀။ | လမိုင်းမြို့ |
| ၃၁။ | မြဝတီမြို့ | ၃၂။ | ပေါင်မြို့ |

ဟူ၍ဖြစ်ပါသည်။

ပုသိမ် (၃၂) မြို့တွင် ပါဝင်သော မြို့များမှာ -

| စဉ် | ပထမအမည် | ဒုတိယအမည် | တတိယအမည် |
|---|---|---|---|
| ၁။ | အတိသဥ္စာနရမြို့ | ပုသိမ် | ပုသိမ် |
| ၂။ | ကျိုက်တုံလုံတားမြို့ | မြန်အောင် | မြန်အောင် |

www.monlibrary.com

| | | |
|---|---|---|
| ၃။ ကျိုက်တော | ကျိုက်တောသုံးမြို့ဆိုင် | ကနောင် |
| ၄။ ကျိုက်တည်သာရဝေါ | သာရဝေါ | ဟသ်ာတ |
| ၅။ သုန္ဒဗလ | ကွင်းဘောက် | ကွင်းဘောက် |
| ၆။ အင်္ဂပူရ | အုတ်ဖို | အုတ်ဖို |
| ၇။ ဒူးယား | ဒူးယား | ဒူးယား |
| ၈။ ကျိုက်တော်သန္တပူရ | ဇလွန် | ဇလွန် |
| ၉။ ကျိုက်သလွန်ပွန်ဒေါင်းဖြူ | မနုဖြူ | မနုဖြူ |
| ၁၀။ ကျိုက်တော်မုဒ္ဒော | သမြင်းကုန်း | သမြင်းကုန်း |
| ၁၁။ ကျိုက်ဇရဲတော် | မြောင်းမြ | မြောင်းမြ |
| ၁၂။ ကျိုက်ပွန် | ဆိပ်ကြီး | ဆိပ်ကြီး |
| ၁၃။ ကျိုက္ကစံ | ခဲဘောင် | ခဲဘောင် |
| ၁၄။ ကျိုက်ပလောင်တောင် | မဲလောင် | မဲလောင် |
| ၁၅။ ကျိုက်ပိ | သစ်ရောင်ချောင်း | ပုသိမ်မြို့ဆင်ခြေဖုံး |
| ၁၆။ ကျိုက်စော | တကောင်းဘုရား | တကောင်းဘုရား |

www.monlibrary.com

| | | |
|---|---|---|
| ၁၇။ ကျိုက်ဘမော် | ပန်တောရေကြည် | ပန်တောရေကြည် |
| ၁၈။ ကျိုက်မော်ဒေါ | ကျုံတရော် | ကျုံပျော် |
| ၁၉။ ကျိုက်ခမီပူရ | ထောင်လုံ | ထောင်လုံ |
| ၂၀။ ကျိုက်ခန်တလ | အသုတ် | အသုတ် |
| ၂၁။ ကျိုက်ခန်ထော်ထုံ | ထန်းဘူး | ထန်းဘူးမကျီးကုန်း |
| ၂၂။ ကျိုက်ခရန်တော် ကျောက်ဖြူ | သိမ်ချောင်း | ဦးဖြူတွင်း |
| ၂၃။ ကျိုက်တလံတံဝေါ | ကျောက်ချောင်းကြီး | ကျောက်ချောင်းကြီး |
| ၂၄။ ကျိုက်အဝှန် | ကျုံတုံ | ကျောက်ချောင်းကြီးတိုက်၊ လှေတန်းနယ် |
| ၂၅။ ကျိုက်ဇလဲတဂေါ် | ကျောက်သဘော် | ဇောင်းယားကျွန်း |
| ၂၆။ ကျိုက်ထူပါရုံကမ်းဖြူ | မြစ်တစ်ရာ | ဇောင်းယားကျွန်း |
| ၂၇။ ကျိုက်ထောင်တော | ပန်းတောကြီး | လေးမျက်နှာနယ် (လှေတန်း) |
| ၂၈။ ကျိုက်တော် ပြည်ပတော | ကျောက်ချောင်းငယ် | ငါးသိုင်းချောင်းတဘက် (သိတာဘုရားရှိသောအရပ်) |

www.monlibrary.com

www.monlibrary.com



| | | |
|---|---|---|
| ၂၉။ ကိုကျက်ဘမွန်ကျုတုံ | ကျုတုံကန္ဒီ | ကျုတုံကန္ဒီ |
| ၃၀။ ကိုကျက်ကရံဟောန် | ခေန် | ခေန် (သာပေါင်းအထက်ဘုရား အောက်ဘုရားလှ) |
| ၃၁။ ကိုကျက်ခရမ်း | ဘုရားလှ | ဘုရားလှ |
| ၃၂။ ကိုကျက်ထို | မဲခရဲ | မဲခရဲ (မော်တင်စွန်း အထက် ဘုရားလှအောက်) |

အထက်ဖော်ပြပါ မြို့များမှာ ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၄၅ နှင့် ၁၁၆၄ ခုနှစ်တို့တွင် ကောက်ခံသော ဟံသာဝတီ (၃၂) မြို့ စစ်တမ်း၊ မုတ္တမ (၃၂) မြို့စစ်တမ်း၊ ပုသိမ် (၃၂) မြို့ စစ်တမ်းများအရ ဖော်ပြခြင်းဖြစ်ပါသည်။

သက္ကရာဇ် ၈၃၂ တွင်ဓမ္မစေတီမင်းသည် ဟံသာဝတီ ထီးနန်းကို ဆက်ခံပြီး ထိုမင်းလက်ထက် ဝိဇ္ဇာမယပူရခေါ် ရေးမြို့ကို အုပ်ချုပ်ရန် သုံးနှစ်တစ်ကြိမ် လှဲလှယ်သည့်စနစ်ဖြင့် မြို့ဝန်တစ်ဦး၊ ထောက်မဝန်တစ်ဦး၊ စစ်ကဲနှစ်ဦး၊ နာခံနှစ်ဦး၊ စာရေးကြီး နှစ်ဦး၊ အစည်မြို့စားရေးလေး ဦးနှင့် မြို့ပြင်လေးရပ်တွင် အုပ်ချုပ်သော အုပ်ကနေ့ာလုံ (အပ်ကဏာဝ်လုံ) လေးဦးစသည်ဖြင့် အရာရှိ (၁၆) ဦး

www.monlibrary.com



ခန့်ထားခဲ့သည်။ အချို့က မြို့အုပ်တစ်ဦးနှင့် မြို့သူကြီးတစ်ဦး အပါအဝင် စုစုပေါင်း အရာရှိ (၁၈) ဦးခန့် ထားခဲ့သည်ဟု ဆိုပါသည်။

မြို့၏ တောင်ဘက်တွင် ကလော့ပိန်းရွာ၊ လောသိုင်ရွာ၊ မရင်စောင်းရွာ၊ ခေါဇာရွာ၊ အရှေ့မြောက်ထောင့်တွင် တောင်ဘုံရွာ၊ လေခတ်ရွာ၊ မြောက်ဘက်တွင် သောင်ပြင်ရွာ၊ ဖြိုင်ဗတိုင်ရွာ၊ တဘိုက်ရွာ၊ အနောက်ဘက်တွင် အစင်ရွာ၊ လော့စလင်ရွာ စသည်ဖြင့် ရွာကြီး (၁၂) ရွာရှိပါသည်။ ထိုရွာ (၁၂) ရွာကိုလည်း စာရေး (၁၂) ဦး ခန့်ထားအုပ်ချုပ်စေခဲ့သည်။

တွေ့ရှိရသော မှတ်တမ်းများအရ ဓမ္မစေတီမင်းလက်ထက်တွင် အမှုတော်ရေးရာထူးလည်း ရှိနေပြီး သိရသည်။ အမှုတော်ရေးဆိုသည်မှာ နိုင်ငံအတွင်းရှိ ရာထူးခန့်ထားခြင်းမှတစ်ပါး တိုင်းရေပြည်ရေးကိစ္စနှင့်ပတ်သက်၍ ထုတ်ပြန်သော အမိန့်တော်အရ စာလက်ခံရသည့် အရာရှိ၏ ဂုဏ်သိက္ခာကို လိုက်၍ ဝန်ကြီးမင်းတို့ကြားလိုက်သည် သို့မဟုတ် မှာလိုက်သည် စသည်ဖြင့် နှစ်မျိုးခွဲခြားရေးသားပြီး ဆိုင်ရာ ပေးအပ်ရသူဖြစ်သည်။

ဓမ္မစေတီကို ဆက်ခံသော နောက်ပိုင်းမင်းများလက်ထက်တွင် အရာရှိ စာရေးစာချီများကို သုံးနှစ်တစ်ကြိမ် သတ်သတ်မှတ်မှတ် မရှိတော့ဘဲ ၎င်းတို့၏ စီမံအုပ်ချုပ်မှုအပေါ် မူတည်၍ သုံးနှစ်မှ ဆယ်နှစ်အထိ ခန့်ထားအုပ်ချုပ်စေခဲ့သည်။

www.monlibrary.com

www.monlibrary.com



ဟံသာဝတီမင်းဆက် နောက်ဆုံးမင်းဖြစ်သော ဗညားဒလ လက်ထက်တွင် ဟံသာဝတီလက်အောက်ခံ မြို့များမှာ (၉၆) မြို့ မရှိတော့ဘဲ (၆၄) မြို့သာ ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။ ယင်း မြို့များမှာ -

| စဉ် | မြို့အမည် | စဉ် | မြို့အမည် |
|---|---|---|---|
| ၁။ | မြိတ်မြို့ | ၂။ | ရေးမြို့ |
| ၃။ | ချင်ကြိန် | ၄။ | ဒုံဝန်းမြို့ |
| ၅။ | ယင်းငြိမ်မြို့ | ၆။ | ချင်သို့ှင် |
| ၇။ | တောင်ပမြို့ | ၈။ | ဖျာပုံမြို့ |
| ၉။ | တနင်္သာရီမြို့ | ၁၀။ | လမိုင်းမြို့ |
| ၁၁။ | ချင်မိတ္တာ | ၁၂။ | ဝါဂရူမြို့ |
| ၁၃။ | ချင်လွှင် | ၁၄။ | ဘီလူးကျွန်းမြို့ |
| ၁၅။ | သထုံမြို့ | ၁၆။ | မြိုင်မြို့ |
| ၁၇။ | ဂျိုင်းမြို့ | ၁၈။ | ချင်ဝါတံ |
| ၁၉။ | ဝင်ယော်မြို့ | ၂၀။ | ကျိုင်းမြို့ |
| ၂၁။ | ရင်းငြိမ်မြို့ | ၂၂။ | ချင်လိုင်ဗဲ |

www.monlibrary.com

www.monlibrary.com



၂၃။ ကျိတ်မြို့
၂၄။ စစ်တောင်းမြို့
၂၅။ ချင်တံင်ဖြံက်
၂၆။ ဇယားမြို့
၂၇။ ချင်မဟိ
၂၈။ ဒရယ်မြို့
၂၉။ တိုက်ကုလားမြို့
၃၀။ ချင်အ်
၃၁။ ထားကျိုင်းမြို့
၃၂။ တောင်ငူမြို့
၃၃။ ထံားဝယ်မြို့
၃၄။ မော်လမြိုင်မြို့
၃၅။ ချင်ယံဝ်ဗိုင်
၃၆။ မုတ္တမမြို့
၃၇။ ဒိဖြစ်မြို့
၃၈။ ချင်ရည
၃၉။ မြဝတီမြို့
၄၀။ သန်လျင်မြို့
၄၁။ ကလိန်အောင်မြို့
၄၂။ မုပွန်မြို့
၄၃။ ချင်သံင်ကာင်
၄၄။ ပေါင်မြို့
၄၅။ လဂွန်းဗျည်းမြို့
၄၆။ ဇွယ်ရမြို့
၄၇။ ကော့ဘိန်မြို့
၄၈။ ဒလမြို့
၄၉။ မြောင်းမြမြို့
၅၀။ ချင်မကွန်
၅၁။ ဒေးပသွယ်မြို့
၅၂။ ဇိပ်ဖြုမြို့
၅၃။ ပုသိမ်မြို့
၅၄။ ချင်တ္တိုင်တိ
၅၅။ ချင်ဖြိုအ်
၅၆။ ရန်ကုန်မြို့

www.monlibrary.com

www.monlibrary.com



| | | | |
|---|---|---|---|
| ၅၇။ | သရဝတီမြို့ | ၅၈။ | ချင်သာဲဟန် |
| ၅၉။ | ဇောင်းတူမြို့ | ၆၀။ | ပြည်မြို့ |
| ၆၁။ | ချင်ပေအ်ာ | ၆၂။ | ချင်ဖုသရာံ |
| ၆၃။ | ချင်ဂဒ် | ၆၄။ | ချင်မုဟ်လေင် |

အထက်ပါ မြို့များအနက် ပထမလေးမြို့မှာ ဓားရှည် ပိုင်သည်။ ဒုတိလေးမြို့မှာ ကြိမ်တုတ်ပိုင်သည်။ တတိယလေးမြို့မှာ အပြစ်ဒဏ်ပိုင်သည်။ စတုတ္ထလေးမြို့မှာ ရုံးပိုင်သည်။ ဤသို့ မြို့အုပ်စု အလိုက်စီရင်ပိုင်ခွင့် ပေးထားပြီး ရွာကြီး (၁၂) ရွာ၊ စာ (၁၆) ခု ထပ်မံ ဖွဲ့စည်းထားသည်။ ထိုမြို့များကို အုပ်ချုပ်ရန် အကြီးအကဲ (၁၆) ဦးရှိသည်။ မြို့အုပ်စုတစ်စုတွင် ရွာသူကြီး (၈) ဦးရှိသည်။ ရွာကြီး (၁၂) ရွာမှာ ရန်ကုန်နယ်တွင် (၄) ရွာ၊ ဟံသာဝတီနယ်တွင် (၄) ရွာ၊ မုတ္တမနယ်တွင် (၄) ရွာ ရှိပါသည်။ စာ (၁၆) စာမှာ -

| **စဉ်** | **မွန်အမည်** |
|---|---|
| ၁။ | စာဒဒန် |
| ၂။ | စာအာဲဗုဲ |
| ၃။ | စာဒရိုင် |
| ၄။ | စာကြောဝ်အိုင် |
| ၅။ | စာဩဲ |

www.monlibrary.com

www.monlibrary.com



၆။ စာလွန်

၇။ စာဖိုင်ကျော်

၈။ စာသိုင်

၉။ စာကံလှာ

၁၀။ စာသပွင်

၁၁။ စာရဖီ

၁၂။ စာလိုင်ဗဲ

၁၃။ စာကြေဝ်ဏာ

၁၄။ စာကံကြိုတ်

၁၅။ စာဝင်ဂါ

၁၆။ စာကြုင်စိုင်

ဟူ၍ ဖြစ်ပါသည်။

နေပြည်တော်တွင် အမတ်ကြီး (၄) ပါး၊ အမတ်ငယ် (၈) ပါး၊ သေနာပတိ (၈) ပါး၊ သေနာပတိငယ် (၁၆) ပါး၊ သွဲနန်ထဝ် (၄) ပါး၊ ဘုရင့်လုံခြုံရေးတာဝန်ယူရသူ ဒေါ (၈) ဦး၊ ဗညား (၄) ဦး၊ ရွှေကလပ်၊ ရွှေလင်ဗန်းရဗညားကြီး (၈) ဦး၊ ဗညားငယ် (၁၆) ဦး၊ ဒေါဗညာ (၃၂) ဦး၊ ဗိုလ်မင်း (၁၂) ဦး၊ စစ်ကဲ (၁၄) ဦး၊ တံခါးမှူး (၁၂) ဦး၊ စာရေး (၂၄) ဦးရှိသည်။ ထို့အပြင် ရုံးမင်း၊ ကင်းဝန်၊

www.monlibrary.com

www.monlibrary.com



အတွင်းဝန်၊ အခွန်ဝင် (ကံင်ဟာန်) စသည့် ရာထူးများလည်း ရှိသည်။

အချို့ နေပြည်တော်တွင် ရွှေကလပ်၊ ရွှေလင်ပန်း၊ ရွှေဓား၊ ရွှေလှံ၊ ထီးရသူ မှူးမတ်၊ သေနာပတိ (၈၄) ပါးရှိသည်။ ရွှေဓား၊ ရွှေလှံ၊ ထီးရသူမင်းမှူးမတ်၊ သေနာပတိ (၈၄) ပါးရှိကြောင်း ဖော်ပြခဲ့သည်။ ရွှေကလပ်၊ ရွှေလင်ပန်း၊ ရွှေဓား၊ ရွှေလှံ၊ ထီး စသည်တို့မှာ ဘုရင်က ၎င်းတို့၏ ဆောင်ရွက်မှုကို နှစ်သက်အားရသဖြင့် ချီးမြှင့်သော အဆောင်အယောင်များဖြစ်သည်။ ယင်းအဆောင်အယောင်များကို ညီလာခံဝင်သောအခါ အသုံးပြုနိုင်သည်။ ရာဇဓိရာဇ်လက်ထက် ဗိုလ်မင်းဖြတ်ဇအား ကလပ်ကို အဖုံးနှင့်တကွ ဆုပေးပြီး ညီလာခံဝင်သည့်အခါ အုံးဝန်းကိုမှီ၍ နေခွင့်ပြုခဲ့သည်။ သံလိုက်ကိုလည်း ရွှေကြုတ်ချီးမြှင့်ခဲ့ကြောင်း တွေ့ရှိရသည်။

ရွှေကလပ်၊ ရွှေလင်ပန်းရသူများကို မွန်ဘာသာအားဖြင့် (စ်ကေ့ာပ်ထဝ်)(စဗာန်ထဝ်) ဟူ၍လည်းကောင်း၊ တ္ကေ့ာပ်၊ တ္ဗာန် ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။ ဗညားဒလလက်ထက်တွင် ထင်ရှားသည့် စစ်သူကြီး ဒလပန်း ဟူသော နာမည်မှာ လူသိ များ ထင်ရှားနေခဲ့သည်။ အမှန်စင်စစ် ဒလပန်းသည် ၎င်း၏ အမည်မဟုတ် ရာထူးအခေါ်အဝေါ်လည်းမဟုတ်၊ ရွှေလင်ပန်း ချီးမြှင့်ခံရသူဖြစ်သဖြင့် မွန်ဘာသာအားဖြင့် တ္ဗာန်မှ မြန်မာဘာသာ တလပန်း၊

www.monlibrary.com

www.monlibrary.com



တလပန်းမှ ဒလပန်းဖြစ်လာသည်။ အမည်ရင်းပျောက်၍ မင်းပေးသော အဆောင်အယောင်အမည်ဖြစ်သော ဒလပန်းကသာ ထင်ရှားသည်။ ဒလပန်းနှင့်အတူ ဦးဆွေးဆံမြေ့ အမှုထမ်းခဲ့သော တူကျော်၊ တူကျိန်၊ တူခြေင်တို့သည်လည်း သမိုင်းတွင် အထိုက်အလျောက် ထင်ရှားသူများ ဖြစ်သည်။ ဤသည်တို့မှာ မင်းပေးသော အဆောင်အယောင်ကိုလိုက်၍ မှည့်ခေါ်သော အမည်များဖြစ်သည်။

အထက်ပါအတိုင်း နေပြည်တော်တွင် မှူးမတ်၊ သေနာပတိ (၈၄) ဦးရှိသည်ဟု ဖော်ပြခဲ့သော်လည်း ရှေးရှေးမွန်နန်းတော်တို့တွင် ညီလာခံကို ကျင်းပသောအခါ အမတ်ဦးရေမှာ ထို့ထက်မက များပြားသည်။ ညီလာခံဝင်သောအခါ မွန်မှူးမတ်များသည် သတ်မှတ်နေရာအလိုက်သာ ထိုင်ရသည်။ ဤအချက်နှင့် စပ်လျဉ်း၍ ရွှေဘုံနိဒါန်းတွင်

"အမတ်ကြီးဟူ၊ သီးသီးကျော်ထင်၊ တော်ဟုတွင်သား၊ ကွန်စင်လုံးညီ၊ ရွှေတိုင်မှီလျက်၊ နောက်ပြီး နောက်တည်၊ ဒူးစနည်းက၊ နှစ်မည်ဘဝေါ၊ နတ်လောတွေးဖွယ်၊ မတ်ငါးသွယ်နှင့်" ဟူ၍ စပ်ဆိုခဲ့သည်။

ဤနေရာတွင် ဖော်ပြသော တော်၊ ဒူး၊ စနည်း၊ ဘဝေါတို့သည် အမတ်နှင့် ပတ်သက်သော ရာထူးအခေါ်အဝေါ်များသာ ဖြစ်သည်။ ယင်းအမတ်များသည် ညီလာခံဝင်သောအခါ တော်နေရာ

www.monlibrary.com

www.monlibrary.com



တော်၊ ဒူးနေရာဒူး စသည့် သတ်မှတ်ထားသော နေရာတွင် ထိုင်ရသည်။ ဤသည်ကို အကြောင်းပြု၍ တော်နေရာတော်၊ ဒူးနေရာဒူး ဟူသော ဆိုရိုးစကားပေါ် ပေါက်လာသည်။ သို့သော် ယင်းဝေါဟာရများသည် မြန်မာဝေါဟာရမဟုတ်၊ မွန်ဝေါဟာရသာ ဖြစ်သည်။

ရှေးမွန်ဘုရင်များလက်ထက် အမတ်နှင့် ပတ်သက်၍ အမတ်ကြီးကို တော်၊ တော်အောက်တွင် ဒူး၊ ဒူးအောက်တွင် စနည်း၊ စနည်းအောက်တွင် ဘဝေါ၊ ဘဝေါတွင် အတွင်းဘဝေါ၊ အပြင်ဘဝေါ ဟူ၍ ရာထူး ငါးခု အခေါ်အဝေါ်ကို တိတိကျကျ သတ်မှတ်ခဲ့သည်။ မြန်မာဘာသာအားဖြင့် တော်ကို ကွန်းစင်၊ ဒူးကို သေဉ်မ၊ စနည်းကို သေဉ်ရုံ၊ ဘဝေါကို သေဉ်ထွေးဟု ခေါ်သည်။

ညီလာခံဝင်သောအခါ မှူးမတ်များသည် ဘုရင်၏ လက်ဝဲဘက်နှင့် လက်ယာဘက်တို့တွင် နေရာယူရသည်။ လက်ဝဲဘက်တွင် တော်၊ ဒူး၊ စနည်း၊ ဘဝေါ (အတွင်းဘဝေါ၊ အပြင်ဘဝေါ) အတွက် နေရာ (၅) နေရာရှိသလို၊ လက်ယာဘက်တွင်လည်း တော်၊ ဒူး၊ စနည်း၊ ဘဝေါများအတွက် နေရာရှိသည်။ လက်ဝဲတော်နေရာတွင် အမတ် (၁၆) ဦးရှိ၍ တော်နေရာဦးရသူ အမတ်ကြီး (၁) ဦးရှိသည်။ ထို့အတူ တော်၊ ဒူး၊ စနည်း၊ အတွင်းဘဝေါ၊ အပြင်ဘဝေါ နေရာများတွင် အမတ် (၁၆) ဦးစီရှိ၍၊ နေရာဦးရသူ (၁) ဦးစီ ရှိသည်။ လက်ယာဘက်တွင်လည်း သည်အတိုင်းပင်ဖြစ်သည်။ ထို့ကြောင့် ညီလာခံတွင် လက်ဝဲဘက်အမတ် (၈၀) ဦးနှင့် လက်ယာဘက်တွင်

www.monlibrary.com

www.monlibrary.com



အမတ် (၈၀) ဦး စုစုပေါင်းအမတ် (၁၆၀) ဦးတက်ရောက်ရသည်။ လက်ဝဲဘက်ထိုင်ရသော တော်၊ ဒူး၊ စနည်း၊ ဘဝေါတို့သည် လက်ယာဘက်တွင် ထိုင်ရသော တော်၊ ဒူး၊ စနည်း၊ ဘဝေါတို့ထက် ရာထူးအဆင့် ပို၍မြင့်သည်။ ဟံသာဝတီဆင်ဖြူရှင်လက်ထက် လက်ဝဲဘက်တော်နေရာရသူ (၁၆) ဦးရှိသည့်အနက် မွန်အမတ်ကြီး ဗညားဒလက နေရာဦးရသည်။ လက်ယာဘက်တော် နေရာ (၁၆) ဦးရှိသည့်အနက် နန္ဒယော်ဓာက နေရာဦးရသည်။ ညီလာခံတွင် အိမ်ရှေ့မင်းနေရာ၊ စစ်သူကြီးနေရာနှင့် နေရာငါးသွယ်တွင် မပါသည့် သီးခြားနေရာများလည်း ရှိသည်။

မွန်ဘုရင်များလက်ထက်တွင် ဘုရင်၏ အသုံးအဆောင်များနှင့် သေနင်္ဂဗျူဟာဆိုင်ရာ စစ်လက်နက်ပစ္စည်းများကိုတာဝန်ယူပြီး ကြီးကြပ်ရသော ရာထူးလည်း ရှိကြောင်း တွေ့ရှိရသည်။

စစ်တပ်ကို အုပ်ချုပ်ရသော သေနာပတိအမတ်စစ်သူကြီးများ ရှိသည်။ မွန်စစ်တပ် ဖွဲ့စည်းပုံနှင့် ပတ်သက်၍ စုံဂြစ်မွဲနှဲမှာတ်၊ ဓါနှဲမှာတ်မွဲမခါဟူ၍ တွေ့ရှိရသည်။ ဂြစ်၊ နှဲမှာတ်၊ မခါ စသည်တို့သည် မွန်စစ်တပ်ဆိုင်ရာ ရာထူးအခေါ်အဝေါ်များ ဖြစ်သည်။ သို့သော် မည်သည့်ရာထူး၊ မည်မျှအဆင့်အတန်းမြင့်သည်ကို မသိရှိရပေ။ ဟာလီဒေး အဘိဓာန်တွင်လည်းကောင်း၊ မစ္စတာရှော့တို့ အဘိဓာန်တွင်လည်းကောင်း ဖော်ပြထားခြင်း မရှိပေ။

www.monlibrary.com

www.monlibrary.com



ဖြစ်နှင့်ပတ်သက်၍ မွန်သမိုင်းများတွင် စစ်သူကြီး ဗညား စိန်းသည် ဆင်၊ မြင်း၊ လက်နက်၊ ဗိုလ်ပါများ စုဆောင်း၍ ဖြစ်တို့ကို ခေါ်ဆောင်၍ ဂျိုင်းမြို့အား စွန့်ခွာခဲ့သည်ဟု ရေးသားဖော်ပြခဲ့သည်။ နဲမှာတ်မှာ ဖြစ်ထက် အဆင့်မြင့်သည်။ နဲမှာတ်နှင့် ပတ်သက်၍ မွန်စမ္မသတ်များတွင် -

"ဥပရာဇာသည်၊ ရွှေစင်ပိဿာ တစ်သိန်းအလျော်ရှိသည်။ နဲမှာတ်မှာ ငွေ ၆-ကျပ်အလျော်ရှိသည်" ဟူ၍ တွေ့ရှိခဲ့သည်။

မခါမှာ နဲမှာတ်ထက် အဆင့်မြင့်သော်လည်း ယင်း အကြောင်းနှင့် ပတ်သက်၍ ရှာဖွေတွေ့ရှိခြင်း မရှိသေးပါ။ သေနာ ပတိနှင့် အမတ်ကြီးတို့သည် တပ် (၄၀) ကို စီမံအုပ်ချုပ်ရသည်။

တရုတ် မှတ်တမ်းအရ မွန်တို့၏ မြို့ပြတစ်ခုဖြစ်သော ဒလသည် အနီရောင်မြေအိုး ထုတ်လုပ်မှုကြောင့် ၈ ရာစုမတိုင်မီက ပင် ထင်ရှားခဲ့သည်။ တွေ့ရှိရသော မြို့ရိုးအနေအထားအရ ဒလသည် ဌင်းနယ်ပယ်တစ်ဝိုက်ရှိ ဒေသများ၏ မြို့တော်ဖြစ်ခဲ့ကြောင်း သိရှိရ သည်။ ယင်းမြို့တော်၏ အမည်မှာ ကလသာပူရဖြစ်သည်ဟု အိန္ဒိယ Kathasaritsa Gara က ဖော်ခဲ့သည်။ ကလသာပူရသည် အိုးထုတ် လုပ်သော အိုးမြို့ဟု အဓိပ္ပာယ်ရသည်။

ဌင်းမြို့သည် ဒွါရာဝတီမြို့ (ယခု ထိုင်းနိုင်ငံ၏ လမ်ဖွန်မြို့) ၏ အနောက်တောင်ဘက်တွင်ရှိသော မြို့ဖြစ်သည်။ ထိုအချိန်က

www.monlibrary.com

www.monlibrary.com



ကလသာပူရ၏ဘုရင်မှာ သီရိပရမေသွာရဖြစ်သည်။ မြို့ရိုးကို ဂဝံကျောက်ဖြင့် တည်ဆောက်ထားသည်။ ကလသာပူရတွင် နယ်ပေါင်း (၂၄) နယ်ရှိသည်။ ၎င်းမြို့တွင် အရာရှိများသာ ယောင်ထုံးရသည်။

ကလသာပူရ၏ တပ်ဖွဲ့စည်းပုံမှာ လူ (၁၀၀) လျှင် ဆင်(၁) ကောင်စီရှိ၍ ဆင်အကောင် ၁၀၀ ပြည့်လျှင် တပ်တစ်တပ်ဖြစ်သည်။ စစ်တပ်များမှာ လေး၊ မြား၊ လှံရှည်နှင့် ပုဆိန်များကို ကိုင်ဆောင်ကြသည်။

www.monlibrary.com

www.monlibrary.com

www.monlibrary.com

www.monlibrary.com

## အဝိန္ဒဆောက် (သို့မဟုတ်) ကမ္ဘာ့အကြီးဆုံးခေါင်းလောင်း

✳

ကမ္ဘာပေါ်တွင် ခေါင်းလောင်းသွန်းလုပ်မှုအတတ်ကို လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ ခန့်က တရုတ်နိုင်ငံတွင် စတင်ခဲ့သည်ဟု ဆိုပါသည်။ သို့သော် တိကျသော အထောက်အထားမရှိချေ။

ဥရောပတွင် ခရစ်တော်မပေါ်မီအထိ ခေါင်းလောင်း သွန်းလုပ်သည့်အလေ့ မရှိခဲ့ချေ။ ကမ္ဘာ့ရှေးဦးခေါင်းလောင်းများမှာ သတ္တုပြားကို စို့ဖြင့်ဆက်ပြီး ပြုလုပ်ခဲ့ကြသည်။ ထိုမှ လေးထောင့်ပုံ ခေါင်း

www.monlibrary.com

www.monlibrary.com



လောင်းနှင့် အလုံပိတ်ခေါင်းလောင်းများ ပေါ်ပေါက်လာသည်။ ထိုစဉ်က ဟီဗြူဘုန်းတော်ကြီးများ၏ ဝတ်ရုံများတွင် ရွှေဖြင့် ပြုလုပ်ထားသော ခြူကလေးများ တပ်ဆင်ခဲ့ကြသည်။

ယခုခေတ် ခွက်ပုံစံ ခေါင်းလောင်းကို အေဒီ ၄၀၀ ရာစုခန့်က ခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် အသုံးပြုခဲ့ကြသည်။ အေဒီ ၅၅၀ တွင် ပြင်သစ်တို့က ခေါင်းလောင်း စတင် အသုံးပြုခဲ့ကြသည်။ ဗြိတိန်ကမူ အေဒီ ၅၅၂ ကျမှသာ ခေါင်းလောင်းကို ပြုလုပ်သုံးစွဲခဲ့ကြသည်။ ဗြိတိန်နိုင်ငံ၏ ရှေးအကျဆုံးခေါင်းလောင်းမှာ ဗဲလဘက်မြို့ရှိ စိန့်ပက်ထရစ်ခေါင်းလောင်းဖြစ်ပြီး ထောင့်မှန်စတုဂံပုံရှိသည်။ စို့များဖြင့် တွဲဆက်ပြုလုပ်ထားသော ခေါင်းလောင်းဖြစ်သည်။

မျှော်စင်ကြီးများတွင် ခေါင်းလောင်းများ ချိတ်ဆွဲတပ်ဆင်သည့် အလေ့သည် အေဒီ ၁၃ ရာစုကျမှ ခေတ်စားလာခဲ့သည်။ ၎င်းတို့အနက် တရုတ်နိုင်ငံရှိ ပီကင်းခေါင်းလောင်းသည် ၅၃ တန်ရှိ၍ နန်ကင်းခေါင်းလောင်းသည် ၂၂ တန် ရှိသည်။ (Olmute) ခေါင်းလောင်းသည် ၁၇-တန်ရှိ၍ စိန့်ပေါကသဒယ်ရှိ ဂရိတ်ပေါ ခေါင်းလောင်းသည် ၁၆½ တန်ရှိသည်။ အင်္ဂလန်နိုင်ငံ ဘစ်ဘင်နာရီစင်မှ ခေါင်းလောင်းသည် ၁၃½ တန်ရှိ၏။ ၁၈၅၈ ခုနှစ်တွင် Lord Crim Thorpe ၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် George Mear က သွန်းလုပ်ခဲ့သည်။ လုံးကက်သဒယ်မှ Kaiserglocke ခေါင်းလောင်းမှာ ၁၈၇၅

www.monlibrary.com



ခုနှစ်တွင် သွန်းလုပ်ခဲ့သည်။ ယင်းခေါင်းလောင်းကို ၁၈၇၀-၇၁ ခုနှစ်တွင် ပြင်သစ်မှ သိမ်းယူခဲ့သော ၂၇ ဒိ တန်ရှိ အမြောက်ဖြင့် သွန်းလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ကနေ ဒါနိုင်ငံ မွန်ထရီယာယ်မြို့ရှိ The Cathedral of Notre Dam ခေါင်း လောင်းမှာ ၁၄ ဒိ တန်ရှိသည်။

ဤသို့ ကမ္ဘာ့နိုင်ငံ အသီးသီးက ခေါင်းလောင်းကို တွင်တွင်ကျယ်ကျယ် သွန်းလုပ်ခဲ့ကြသည့်နည်းတူ ဆိုဗီယက်၊ ရုရှကလည်း ၁၇၃၃ ခုနှစ်တွင် အထင်ကရ ခေါင်းလောင်းတစ်လုံးကို သွန်းလုပ်ခဲ့ကြသည်။ ယင်းကား ယခုထက်တိုင် ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းအဖြစ်လက်ခံထားသည့် Tsar Kolokol ဇာကိုလိုကော်ခေါင်းလောင်းကြီးပင် ဖြစ်သည်။ အမြင့် ၁၉' ၃'၊ အဝန်း ၆၀' ၉'၊ အထူ ၂ ရှိသည်။ ခေါင်းလောင်းသွန်းလုပ်စဉ်က တစ်နေရာ ပဲ့သွား၍ ပဲ့သွားသည့် အစသည်ပင် အမြင့် ၇'၊ အကျယ် ၈' ရှိပြီး အလေးချိန် ၁၁ တန်ရှိသည်။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၂) တွင် ခေါင်းလောင်းကြီးတစ်ခုလုံး၏ အလေးချိန်မှာ တန် ၂၀၀ ကျော်ရှိသည်ဟု ဖော်ပြပြီး Britanica Emcyclopacedia အတွဲ (၂) တွင် တန် ၁၈၀ ရှိသည်ဟု ဖော်ပြခဲ့သည်။ သို့သော် Children Emcyclopacedia အတွဲ (၂) တွင် ၂၁၉ တန်ရှိသည်ဟု ဖော်ပြခဲ့သည်။ ကမ္ဘာ့ ဒုတိယအကြီးဆုံး ခေါင်းလောင်းသည်လည်း မော်စကိုမြို့မှာပင်ရှိ၍ အလေးချိန် ၁၂၈ တန်ရှိသည်။

www.monlibrary.com

www.monlibrary.com



ကမ္ဘာ့ တတိယအကြီးဆုံး ခေါင်းလောင်းမှာ မင်းကွန်း ခေါင်းလောင်းကြီးဖြစ်သည်။ ယင်းခေါင်းလောင်းကို ဘိုးတော်ဘုရား လက်ထက်တွင် ကြေးညိုဖြင့် သွန်းလုပ်ခဲ့သည်။ ကုန်းဘောင်ခေတ် မဟာရာဇဝင်တွင် သက္ကရာဇ် ၁၁၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ ရက်နေ့တွင် သွန်းလုပ်ခဲ့သည်ဟု ဆိုပါသည်။ ခေါင်းလောင်း၏ အတိုင်းအတာကိုလည်း အဝအချင်း ၃၁ တောင် ၄ သစ် (၁၆ ပေ ၃/၄ လက်မ)၊ လုံးပတ် ၃၃ တောင် ၁ မိုက် ၄ သစ် (၅၀ ပေ ၃/၄ လက်မ)၊ စောက် ၁၃ တောင် ၁ မိုက် ၄ သစ် (၂၀ ပေ ၃ လက်မ) ရှိသည်ဟု ဖော်ပြခဲ့သည်။ တန် ၈၀ ရှိမည်ဟု အင်္ဂလိပ်တို့က ခန့်မှန်းခဲ့ကြသည်။ သို့သော် ခေါင်းလောင်း၏အလေးချိန်မှာ ကြေးပိဿာ၅၅၅၅၅ ရှိသဖြင့် ၎င်း တန်ဖွဲ့ပါက ၉၀. ၅၂ တန်ရှိသည်။

ယခုအခါ ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းအဖြစ် သတ်မှတ်ထားသော စာကိုလိုကော ခေါင်းလောင်းကို စိန်ခေါ်သည့် ခေါင်းလောင်းတစ်ခု ရှိနေသည်ကို စိတ်ဝင်စားဖွယ်ရာ တွေ့ရှိရသည်။ ယင်းကား မွန်ဘာသာအားဖြင့် 'အပိန္နသော်' သို့မဟုတ် 'ဓမ္မစေတီ' ခေါင်းလောင်းပင်ဖြစ်သည်။

ခေါင်းလောင်း ဘွဲ့အမည်မှာ မြန်မာဘာသာအားဖြင့် **အဝိန္နဆောက်**ဟု ခေါ်ပါသည်။

အခါတစ်ပါး ဓမ္မစေတီမင်းကြီးသည် ဥပိုက်၊ သမန္တရာမ်

www.monlibrary.com



ဘုရင်ရာဇာ၊ စွန္တရာဇာ အမတ်လေးဦးကို အိမ်ဦးရေ စာရင်း ကောက်ယူရန် တာဝန်ပေးခဲ့သည်။ အမတ်များက အိမ်စာရင်းသာမက အိမ်တိုင်း အိမ်တိုင်းမှ ကြေးကိုလည်း ကောက်ခံခဲ့ရာ ကြေးစင် တစ်သန်းနှင့် ရှစ်သိန်း ရရှိခဲ့သည်။ ယင်းကြေးကို မင်းကြီးအား ဆက်သသောအခါ အိမ်ခြေကိုသိလို၍ စာရင်းကောက်ယူစေပြီး ကြေးပါ ကောက်ယူခဲ့သော အမတ်လေးဦးအား အပြစ်ဒဏ်ပေး၏။ ကြေးများကိုလည်း ကာယကံရှင်များအား ပြန်ပေးစေသည်။ သို့သော် ပိုင်ရှင်များက ကြေးကို ပြန်မယူဘဲ မင်းကြီး သင့်တော်သလိုသာ အသုံးပြုပါဟူ၍လျှောက်၏။ ထို့ကြောင့် ဓမ္မစေတီမင်းကြီးသည် ၎င်းကြေးများဖြင့် ခေါင်းလောင်း သွန်းလုပ်ရန် အမတ်ကြီး ဗညားအိမ်ကို အကြီးအမှူးခန့်တော်မူသည်။

အမတ်ကြီးသည်လည်း ဇေယဗာဟု၊ ပဲခူးသဥတ္တရာ၊ နန္ဒစည်သူကျော်၊ သံယရာဇာ စသည့် ဆရာတို့ အခါပေးသည့်အတိုင်း တပေါင်းလဆန်း (၈) ရက် ကြာသပတေးနေ့ သိဟ်လဂ်တွင် ပွဲကြီးသဘင် ကြီးစွာပြု၍ ခေါင်းလောင်းကြီးကို ပြုလုပ်တော်မူသည်။ သို့သော် ခေါင်းလောင်းကြီးမှာ ထူးထူးခြားခြား အသံမပြည်ဘဲ ရှိခဲ့သည်။

ခေါင်းလောင်း သွန်းလုပ်စဉ် လောကဉာဏအမည်ရှိ ဗေဒင်ဆရာတစ်ဦးက ခေါင်းလောင်းသွန်းလုပ်ပြီးလျှင် အပြစ်အနာအဆာ

www.monlibrary.com

www.monlibrary.com



မရှိ ချော်မောလိမ့်မည်။ သို့သော် အသံကားမြည်မည်မဟုတ်ဟု မင်းကြီးအား လျှောက်၏။ သွန်းလုပ်ပြီးသောအခါ လောကဉာဏ လျှောက်တင်သည့်အတိုင်း အသံမမြည်ချေ။ မင်းကြီးက အကြောင်းစုံကို မေးမြန်းရာ ခေါင်းလောင်းပြုလုပ်ရန် ဆရာတို့ပေးသောအခါသည် နက္ခတ်ခြောက်လုံးဖြစ်သည်။ ခြောက်လုံးမှာ မိကျောင်းနက္ခတ်ဖြစ်သဖြင့် မိကျောင်းမှာ လျှာမရှိ၍ အသံမမြည်နိုင်ဟု လျှောက်၏။ မင်းကြီးလည်း အားရတော်မူသဖြင့် လောကဉာဏအား ရာဇပုရောဟိတ် ခန့်သည်။ ခေါင်းလောင်းကိုလည်း မွန်ဘာသာအားဖြင့် 'အပိန္နသော်' ဟု ဘွဲ့အမည်ပေးပြီး ရွှေတိဂုံရင်ပြင်တွင် ချိတ်ဆွဲထားစေသည်။ ဓမ္မစေတီခေါင်းလောင်းသည် ရွှေတိဂုံစေတီသို့ လှူဒါန်းသည့် ခေါင်းလောင်းကြီးများအနက် ပထမဦးဆုံး ခေါင်းလောင်းဖြစ်သည်။ စောက် ၁၂ တောင်ရှိ၍ ကြေးချိန်ပိဿာ ၁၈၀၀၀၀ (တစ်သိန်းရှစ်သောင်း) ရှိသည်။ ၎င်းကို တန်ဖွဲ့ပါက တန် ၂၉၀ ရသည်။ ထို့ကြောင့် ဓမ္မစေတီခေါင်းလောင်းသည် စာကိုလိုကောခေါင်းလောင်းထက် မင်းကွန်းခေါင်းလောင်းတစ်ခုစာပို၍ ကြီးမားနေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရသည်။ သည်အတိုင်းဆိုလျှင် ဓမ္မစေတီခေါင်းလောင်းကို ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းအဖြစ် သတ်မှတ်ရမည်ဖြစ်ပေသည်။ ထို့အပြင် စာကိုလိုကောခေါင်းလောင်းသည် ၁၈ ရာစုတွင် သွန်းလုပ်သော ခေါင်းလောင်းဖြစ်ပြီး ဓမ္မစေတီခေါင်းလောင်းမှာ အေဒီ ၁၅ ရာစုက သွန်းလုပ်ခဲ့သော ခေါင်းလောင်းဖြစ်သဖြင့်

www.monlibrary.com

www.monlibrary.com



နှစ် ၃၀၀ ပို၍စောနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဓမ္မစေတီခေါင်းလောင်းသည် ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းဖြစ်သည်သာမက ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းများအနက် ရှေးအကျဆုံး ခေါင်းလောင်းလည်းဖြစ်သည်။ ဤမျှ ရှေးကျ၍ ဤမျှ ကြီးကြယ်သော ခေါင်းလောင်းကြီးကို သွန်းလုပ်ခဲ့သည့် မွန်တို့၏ ကြေးသွန်း အတတ်ပညာမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

သို့သော် ဓမ္မစေတီခေါင်းလောင်းကား အကြောင်းမလှခဲ့ပေ။ ခရစ်သက္ကရာဇ် ၁၆၀၈ ခုနှစ်တွင် ပေါ်တူဂီလူမျိုး ဖိလစ်ဒိုဘရစ်တိုက ဓမ္မစေတီခေါင်းလောင်းကို အမြောက်သွန်းလုပ်ရန် ဖောင်ဖြင့် သန်လျင်သို့ သယ်ဆောင်ခဲ့သည်။ ဒေါပုံမြစ်အကူးတွင် ဖောင်နစ်ပြီး ခေါင်းလောင်းကြီး ရေထဲနစ်မြုပ်သွားသည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။ ယခုဆိုလျှင် ဓမ္မစေတီခေါင်းလောင်းရေအောက် ရောက်နေသည်မှာ နှစ်ပေါင်း ၄၀၀ နီးပါးရှိချေပြီ။

ဇာကိုလိုကောခေါင်းလောင်းသည်လည်း သွန်းလုပ်စဉ်က ပဲ့သွားသဖြင့် တစ်ခါမျှ မတီးခတ်ခဲ့ရ။ အသံမြည်မမြည်လည်း မသိခဲ့ရ။ ခေါင်းလောင်းတိုင်တွင်လည်း ချိတ်ဆွဲထားခြင်းမရှိခဲ့။ သွန်းလုပ်ပြီးသည်မှ နှစ်ပေါင်း ၁၀၃ နှစ်ကြာမျှ မြေကြီးပေါ်တွင် ရှိနေခဲ့သည်။ သို့သော် မြေကြီးပေါ် ရှိနေခဲ့သော ဇာကိုလိုကော ခေါင်းလောင်းကို ၁၈၃၆ ခုနှစ် ဇကရာဇ် နီကိုလတ်က မြေကြီးမှ ဆွဲတင်ပြီး ရင်ပြင်နီ

www.monlibrary.com

www.monlibrary.com



အလယ်တွင် စင်ဖြင့် တင့်တောင့်တင့်တယ် တင်ထားခဲ့သည်။ ဓမ္မစေတီခေါင်းလောင်းကား ရေအောက်မှ ဆယ်တင်မည့်သူ မရှိသေး။

မကြာမီက တိုင်းတာတွေ့ရှိချက်အရ ရေမျက်နှာပြင်အောက်ရှိ ခေါင်းလောင်း၏ ပုစွန်တုပ်ကွေးပုံသဏ္ဌာန်ကို ရှာဖွေတွေ့ရှိရသည်ဟု ဆိုပါသည်။ ခေါင်းလောင်း နစ်မြုပ်နေသည့်နေရာကို တွေ့ရှိနေပြီး ဖြစ်ရာ ခေတ်မီ စက်ကိရိယာများဖြင့် ဆယ်ယူပါက အခက်အခဲရှိမည်မဟုတ်။ ထို့ကြောင့် မွန်တိုင်းရင်းသားတို့၏ လက်ရာဖြစ်သော ကမ္ဘာ့အကြီးဆုံး ဓမ္မစေတီခေါင်းလောင်းကို ကမ္ဘာ့အလည် ထည်ထည်ဝါဝါ ပြသနိုင်ရန် ခေါင်းလောင်းဆယ်ယူရေးကိစ္စကို နိုင်ငံတော် အနေဖြင့်သော်လည်းကောင်း၊ မွန်အမျိုးသားတစ်ရပ်လုံး အနေဖြင့်သော်လည်းကောင်း ထည့်သွင်းစဉ်းစားသင့်လှပေသည်။

www.monlibrary.com

www.monlibrary.com



## ကျမ်းကိုးစာရင်း


### ※ မြန်မာစာအုပ်များ

၁။ သန်းထွန်း၊ ဒေါက်တာ၊ အသစ်အမြင်ဗမာသမိုင်း၊ မြကန်သာစာပေ။

၂။ မောင်မောင်သိုက်၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ ကွင်းဆင်းစာတမ်းများ၊ သပြေညိုစာပေ၊ ၁၉၈၅။

၃။ လွင်မောင်၊ မှတ်တမ်းသမိုင်း၊ ဒဂုံ-ဇရာ-တနင်္သာရီတိုင်း၊ စာပေရတနာတိုက်၊ ၁၉၇၈။

၄။ ကိုကိုလေး (ဘဏ်)၊ တွံ့တေးဖြစ်စဉ်မော်ကွန်းတင်၊ တွံ့တေးမြို့နယ် စာပေလုပ်သားအဖွဲ့၊ ၁၉၈၅။

၅။ မြဒေါင်းရင်၊ ရာဇမိရာဇ်။

၆။ ရွှေဖြူးလွင်သစ္စာ၊ တေးဂီတ၏ စာမျက်နှာ၊ ကျုံပျော်စာပေ ၁၉၇၂။

၇။ မျိုးမြင့်စော၊ မြန်မာသဘင်အခြေပြု၊ စာပေဗိမာန်၊ ၁၉၆၆။

၈။ မုဒွန်းဆရာတော် ဘဒ္ဒန္တကောသလ္လ မဟာထေရ်မြတ်၏ ထေရုပတ္တိစာတမ်း၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၄။

၉။ တိုက်စိုး၊ ဗုဒ္ဓဘာသာအနုပညာနိဒါန်း၊ တိုက်စိုးတက္ကသိုလ် မြစိမ်းစာပေ၊ ၁၉၇၆။


www.monlibrary.com

www.monlibrary.com



၁၀။ သိင်္ခ၊ မောင်၊ ရုပ်ပွားတော်ကိုးကွယ်မှုနှင့် အကျိုးအာနိသင်များ၊ အောင်မြင်စာပေ၊ ၁၉၈၅။

၁၁။ သွင်၊ ဦး၊ ပဲခူးရွှေမောဓော ရာဇဝင်သမိုင်းချုပ်မှုဟောင်း၊ ရတနာဦးသွင်ဆေးရောင်စုံပုံနှိပ်တိုက်၊ ၁၉၅၄။

၁၂။ ဇေယသင်္ခယာ၊ ရွှေဘုံနိဒါန်း၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၀။

၁၃။ ဒဂုန်နတ်ရှင်၊ စာပေဝတ်ဆံ-၇၊ စာပေဗိမာန်၊ ၁၉၇၁။

၁၄။ ရွှေကိုင်းသား၊ ဆင်ယင်ထုံးဖွဲ့မှု၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၅၁။

၁၅။ ဟံသာဝတီမော်ကွန်းဝင်စာတမ်းများ၊ ဟံသာဝတီစာပေတိုက်။

၁၆။ ပညာ၊ ဦး၊ မုတ္တမ ရာဇဝင်ပေါင်းချုပ်ကျမ်း၊ ၁၂၈၉။

၁၇။ မင်းနိုင်၊ ဦး၊ ပြည်ထောင်စုအကပဒေသာ၊ စာပေဗိမာန်ပုံနှိပ်တိုက်။

၁၈။ ကိုကို၊ ဦး၊ ကျိုက္ကသာမြို့ဟောင်းပဏ္ဏာမစူးစမ်းတူးဖော်လေ့လာတွေ့ရှိချက်များ။ (လက်နှိပ်စက်မူ၊ ၁၉၈၇)

၁၉။ မြ၊ ဦး၊ ရှေးဟောင်းအုတ်ခွက်ဘုရားဆင်းတုတော်များ၊ ပထမတွဲ ရှေးဟောင်းသုတေသနဦးစီးဌာန၊ ၁၉၆၀။

၂၀။ အောင်သွင်၊ ဦး (ပါ) ၂ ဦး အနုပညာဆိုင်ရာ ပညာရပ်သုတေသနအဖွဲ့၊ မြန်မာ့ပတ္တလား လေ့လာချက်စာတမ်း၊ (လက်နှိပ်စက်မူ)၊ ၁၉၈၆။

www.monlibrary.com

www.monlibrary.com




၂၁။ ခံအောင်သွင်၊ ဦး (ပါ) ၁ ဦး၊ အနုပညာဆိုင်ရာ ပညာရပ်သုတေသနအဖွဲ့၊ မြန်မာ့ပတ္တလား လေ့လာချက်စာတမ်း၊ (လက်နှိပ်စက်မှု)၊ ၁၉၈၇။

၂၂။ ချစ်သိန်း၊ ဦး၊ မွန်ကျောက်စာပေါင်းချုပ်၊ ရှေးဟောင်းသုတေသန ဌာနခွဲ၊ ၁၉၆၅။

၂၃။ အုန်းမောင်၊ ဦး၊ မြန်မာ့ရာဇဝင်သမိုင်း၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ ၁၉၅၇။

၂၄။ ဘဒ္ဒန္တ ကေတုမတီ၊ ရေးမြို့ရာဇဝင်သမိုင်း ဦးနန္ဒောဘာသ၊ ၁၉၇၆။

၂၅။ ဇကျော်၊ ဦး၊ မုတ္တမ ၃၂ မြို့ စစ်တမ်း၊ တက္ကသိုလ်ပညာပဒေသာ စာစောင် အတွဲ ၅၊ အပိုင်း ၁၊ တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး၊ ၁၉၇၀၊ ဇန်နဝါရီလ။

၂၆။ လှသိန်း၊ ဦး၊ ရွှေတိဂုံစေတီတော်ကြီးမှ ခေါင်းလောင်းကမ္ပည်းစာများ၊ ရွှေတိဂုံသုတေသနစာစောင် ၁၊ စာပေဗိမာန်၊ ၁၉၈၀၊ ဩဂုတ်လ။

၂၇။ မြင့်အောင်၊ ဦး၊ ဟန်လင်းမြို့ဟောင်း၊ တက္ကသိုလ်ပညာပဒေသာစာစောင် အတွဲ ၃၊ အပိုင်း ၃၊ တက္ကသိုလ်များ အုပ်ချုပ်ရေးရုံး၊ ၁၉၆၈၊ ဇူလိုင်လ။


www.monlibrary.com

www.monlibrary.com



၂၈။ စိန်မောင်ဦး၊ ဦး၊ သရေခေတ္တရာမြို့ဟောင်း၊ တက္ကသိုလ် ပညာ ပဒေသာစာစောင်၊ အတွဲ ၃၊ အပိုင်း ၁၊ ၁၉၆၈၊ ဇန်နဝါရီလ။

၂၉။ ဘရှင်၊ ဦး၊ ဗိဿနိုးမြို့ဟောင်းနှင့် သမိုင်းအမြင်၊ တက္ကသိုလ် ပညာ ပဒေသာစာစောင်၊ အတွဲ ၁၊ အပိုင်း ၃၊ ၁၉၆၆၊ စက်တင်ဘာလ။

၃၀။ လှဝင်းဖေ၊ ဦး၊ မြိတ်တနင်္သာရီသမိုင်းအကျဉ်း၊ ပြည်ထောင်စု ယဉ်ကျေးမှုစာစောင်၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန၊ အတွဲ (၁)၊ အမှတ် (၉)။

၃၁။ မြ၊ ဦး၊ ဗုဒ္ဓဝင်ရုပ်ခန်း၊ ပြည်ထောင်စုယဉ်ကျေးမှုစာစောင်၊ အတွဲ (၂)၊ အမှတ် (၁၁)။

၃၂။ ရီရီ၊ ဒေါက်တာ၊ မြန်မာနိုင်ငံ အခြေအနေ၊ ယဉ်ကျေးမှုဝန် ကြီးဌာန၊ ၁၉၇၃။

၃၃။ ရည်စိန်၊ ဦး၊ ခရစ်နှစ် ၈၀၂ ခုနှစ် တရုတ်နိုင်ငံရောက် သံအဖွဲ့၊ နိုင်ငံသမိုင်းသုတေသနစာစောင် ၃၊ နိုင်ငံသမိုင်းသုတေသန ဦးစီးဌာန၊ ၁၉၇၉။

၃၄။ ရည်စိန်၊ ဦး၊ ပျူခေတ် မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေး၊ နိုင်ငံသမိုင်းသုတေသနစာစောင် (၄)၊ နိုင်ငံသမိုင်း သုတေ သန ဦးစီးဌာန၊ ၁၉၇၉။

www.monlibrary.com

www.monlibrary.com



၃၅။ စံရှိန်၊ ဦး၊ မွန်တူရိယာအကြောင်းသိကောင်းစရာ၊ မွန်ပြည်နယ်နေ့ အထိမ်းအမှတ်စာစောင်၊ ၁၉၇၅။

၃၆။ တင်ဝင်း၊ ပျူဒင်္ဂါး၏ ထူးခြားချက်၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၂၇၀၊ ၁၉၈၂၊ ဒီဇင်ဘာလ။

၃၇။ အောင်သော်၊ ဦး၊ ပျူဒင်္ဂါးများ၊ အမျိုးသားယဉ်ကျေးမှုစာစောင်၊ အမှတ် (၁) ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသား ယဉ်ကျေးမှုအသင်း၊ ၁၉၆၂။

၃၈။ ရည်စိန်၊ ဦး၊ ဗိဿနိုးမြို့ ဆိတ်သုဉ်းခဲ့ရသည့်အကြောင်းရင်း၊ ရတနာမွန်စာစောင်၊ အတွဲ (၇)၊ အမှတ် (၃)၊ ၁၉၈၀။

၃၉။ မြင့်အောင်၊ ဦး၊ ကျိုက္ကသာမြို့ဟောင်း၊ သမိုင်းဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၁)၊ နိုင်ငံသမိုင်းဦးစီးဌာန။

၄၀။ သန်လျင်မြဦး၊ မွန်သီချင်း၊ ပြည်ထောင်စု ယဉ်ကျေးမှုစာစောင်၊ အတွဲ (၄)၊ အမှတ် (၁)၊ ပြည်ထောင်စု ယဉ်ကျေးမှုစာစောင် ဌာန၊ ၁၉၆၃။

၄၁။ စိန်ခင်မောင်ဦး၊ မြန်မာအကသဘင် ၎င်း။

၄၂။ စန်းညွန့်၊ ဦး၊ မြန်မာကကြိုးကကွက်နှင့် ဝေါဟာရများ ၎င်း။

၄၃။ သတင်းစာဆရာတစ်ဦး၊ ဗမာ့မော်ကွန်းမှတ်တမ်းများ၊ လှိုင်စာပေတိုက်၊ ၁၉၆၇။

www.monlibrary.com

www.monlibrary.com



၄၄။ သန်းထွန်း၊ ဒေါက်တာ၊ ပျူတပ်မြို့များ၊ တလျာမဂ္ဂဇင်း၊ ၁၉၉၃။

၄၅။ ရည်စိန်၊ ဦး၊ တရုတ်မှတ်တမ်းလာ ရှေးဟောင်းမြန်မာနိုင်ငံ အမည်တစ်ခု လေ့လာချက် ကျူပေါ်ဟူသော အမည်၏ အရင်းအမြစ် နိုင်ငံသမိုင်းသုတေသနစာစောင် (၅) နိုင်ငံသမိုင်း သုတေသနဦးစီးဌာန၊ ၁၉၈၀။

၄၆။ မောင်တိုး၊ နိုင်၊ အက္ခရာမသိ ကျောက်စာနှင့်ညီရသော ကျောက်စာများ၊ မိုးဝေမဂ္ဂဇင်းအမှတ် (၁၄၀)၊ ၁၉၇၉၊ ဒီဇင်ဘာလ။

၄၇။ ပန်းလှ၊ နိုင်၊ ဒွါရဝတီနိုင်ငံ၊ ပြည်ထောင်စုယဉ်ကျေးမှုစာစောင်၊ အတွဲ ၁၊ အမှတ် ၆၊ ၁၉၅၅၊ အောက်တိုဘာလ။

၄၈။ သပြေညိုမောင်ကိုဦး၊ မြန်မာဒင်္ဂါးများ၊ စာပေဗိမာန်၊ ၁၉၄၁။

၄၉။ ရီရီ၊ ဒေါက်တာ၊ မြန်မာနိုင်ငံအခြေအနေ၊ ၁၇၁၄-၁၈၈၆၊ နိုင်ငံသမိုင်းသုတေသနဦးစီးဌာန၊ ၁၉၇၃။

**※ အင်္ဂလိပ်စာအုပ်များ**

1. Robinson, M. and Shaw. L.A. The Coins and Banknote of Burma, M.Robinson and L.A.-Shaw, 1980.

2. Aung Thaw, Report on the Excavation at Beikthano, Ministry of Union Culture, 1968.

www.monlibrary.com

www.monlibrary.com




3. Hall, D.G.E, Burma, Hutchinson's University Library.

4. Hall, D.G.E, A History of South-East, Macmillan and Co Ltd, 1961.

5. Quaritch Wales. H.G. Dvaravati the Earliest Kindom of Siam, Benarg Quaritch, Ltd, London, 1969.

6. Pan Hlan, Nai, The Significant Role of the Language and Culture in South East Asia Part, Institute for the Study of Language and Cultures of Asia and Africa, 1992.

7. Palmer Briggs, Lawrance, The Ancient Khmer empire, American Philosophical Society, 1951.

8. Coedes, George, In search of the kingdom of Dvaravati, 1965.

9. Luce, G.H, Countries Neighbouring Burma research Society Fifieth Annivarsary Publication No. 2, Burma Research, Society, Rangoon, 1960.

10. Luce, G.H, The Ancient Pyu, Burma research society fiftieth Anniversary Publication No. 2, Burma Research Society, Rangoon, 1960.

11. Taw Sin Ko-Burmese Sketches, British Burma Press, Rangoon, 1913.




www.monlibrary.com

www.monlibrary.com




တိမ်မြုပ်ပျောက်ကွယ်နေသည့်
မွန်တို့၏မြို့ပြနိုင်ငံများ

# နိုင်ခင်မောင်လေး

www.monlibrary.com